
www.burmeseclassic.com



www.burmeseclassic.com

ကိုငြိမ်းဦး

# အာ
# လွမ်း
# ကျွန်း

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၁၀၁)၊ ဒုထပ်(ဝဲ)၊ ၃၇-လမ်း၊
ဖုန်း - ၁၇၃၆၂၅

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

တော်ဝင်မြို့မ စာအုပ်အမှတ်စဉ် ( ၂၇ )

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | [illegible] |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | [illegible] |
| အဖုံးဒီဇိုင်း | - | သင့်မြတ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃၃လမ်း(ယာ)၊ ၃၇လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | (၁၄၀)၊ ၄၅-လမ်း ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅.၈၃

ငြိမ်းဦး ၊ ကို

အလွမ်းကျွန်း / ကိုငြိမ်းဦး ။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ ၊ ၂၀၁၀ ။

၁၄၉ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) အလွမ်းကျွန်း




# ၁

စက်လှေက တကယ့်ကိုသေးနွေးကလေးဖြစ်လေသည်။ ကျွန်တော့် စိတ်ထင်တော့ စက်လှေဦးမှပဲ့အထိ အလွန်ဆုံးရှိလှပါမှ ပေခြောက်ဆယ်၊ ခုနှစ်ဆယ်သာရှိပေလိမ့်မည်။ သို့သော်လည်း စက်လှေပေါ်မှာ လိုက်ပါလာသည့်ခရီးသည်တွေကတော့ တစ်ရာကျော်လောက်ရှိမည်။ ထို့ပြင် ကုန်စည်ပစ္စည်းတွေကလည်း မနည်းပါ။ ဘနသ်ာရီကမ်းရိုးတန်း၌ ဤစက်လှေမျိုးနှင့် ခရီးသွားရသည်မှာ အလွန်ပင်အန္တရာယ်ရှိလိမ့်မည်ဟု ကျွန်တော်ထင်မှတ်မိပါသည်။

သို့သော် မသွား၍လည်း မဖြစ်သည့်ခရီးမို့ အဆင်သင့်ပင်ရှိနေသည့် စက်လှေဖြင့်ပင် လိုက်မိခဲ့ခြင်းဖြစ်ပါသည်။ ကော့သောင်းမြို့တွင် နေထိုင်သော ကျွန်တော့်ညီမနေခြည်က မေမေနေမကောင်းကြောင်း လူကြုံဖြင့် အကြောင်းကြားခဲ့လေသည်။ မေမေက အသက်ခြောက်ဆယ်ကျော်လေပြီ။ နှလုံးရောဂါလည်းရှိသည်။ သွေးတိုးလည်းရှိသည်။ ထို့ကြောင့် မေမေ့ကို ရန်ကုန်၌ ကျွန်တော်နှင့်အတူနေစေရန် ကျွန်တော်က တိုက်တွန်းဖူးသော်လည်း မေမေက သူ့သမီးမှသူ့သမီးဖြစ်သည်။ ပြီးတော့ နေခြည်က ကော့သောင်း၌ပင် အိမ်ထောင်ကျပြီး သားသမီးနှစ်ယောက်ရနေ၏။

www.burmeseclassic.com



ထိုမြေးနှစ်ယောက်ကို မေမေက အလွန်ပင်သံယောဇဉ် ရှိသဖြင့် ခေါ်ထားနိုင်ပင် အတူနေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ရန်ကုန်၌ပင် တိုက်ခန်းကလေးတစ်ခန်း၌ ဖြစ်သလိုဘဝကို လျှောက်လှမ်းရလေ၏။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ကို ကျွန်တော် ရပြီးသောအခါ ကိုယ်ပိုင်လုပ်ငန်းကိုပင် လုပ်ကိုင်ခဲ့သည်။

ဆောက်လုပ်ရေးကုမ္ပဏီအချို့အတွက် အဆောက်အဦပုံစံ ဒီဇိုင်းများရေးဆွဲ တွက်ချက်ပေးရ၏။ ကျွန်တော့်လုပ်ငန်း၌ ဝန်ထမ်းတတော့ သိပ်များများစားစားမရှိပါ။ ကျွန်တော်အပါအဝင်မှ သုံးယောက်တည်းသာရှိပြီး အလုပ်ခန်းကလည်း သိပ်ကျယ်ကျယ်ဝန်းဝန်း မဟုတ်ပါ။ မောင်အောင်မြင့်နှင့် မောင်အေးသန်းဆိုသော ချာတိတ် နှစ်ယောက်သာရှိသည်။

သို့သော် သူတို့နှစ်ဦးက တကယ်ကိုပင် ကျွန်တော့်အတွက် အားကိုးရ လေသည်။ ပုံဆွဲပစ္စည်းပစ္စယများ၊ ကွန်ပျူတာများကိုလည်း ကျွမ်းကျွမ်းကျင်ကျင်သုံးတတ်သည်။ ပြီးတော့ သွက်လက်ချက်ချာသည်။ လက်တို့လက်တောင်းလည်း ခိုင်း၍ရသည်။ ကျွန်တော် ရက်သတ္တတစ်ပတ်ကြာမျှ ခရီးထွက်မည်ပြုသောအခါ လုပ်ငန်းအတွက် အသေးစိတ်မှာရသည်။

"အစ်ကိုစိတ်ချပါ။ ကျွန်တော်တို့လုပ်နိုင်သလောက် အစွမ်းကုန် လုပ်ထားလိုက်မယ်။ ဟိုမှာ အခက်အခဲရှိလို့ ရုတ်တရက်ပြန်မလာနိုင်သေးဘူးဆိုရင်လည်း ဒီအတွက် နောက်ဆံမငင်ပါနဲ့အစ်ကို။ ကျွန်တော်တို့ကြည့်လုပ်ထားလိုက်မယ်"

မောင်အောင်မြင့်က လုပ်ငန်းအတွက် စိတ်ချဖို့ပြောပါသည်။ ထို့ကြောင့် လုပ်ငန်းအတွက် စိုးရိမ်ကြောင့်ကြမှုက သိပ်တော့ မရှိပါ။ ကျွန်တော်စိုးရိမ် ကြောင့်ကြသည်မှာ မေမေ့အတွက်သာဖြစ်သည်။ မေမေနေမကောင်းဘူးဆိုသည်မှာ မည်သည့်အတိုင်းအတာ





အထိ နေမကောင်းဖြစ်သနည်း။ သာမန်အခြေအနေပဲလား။ သို့ တည်းမဟုတ် စိုးရိမ်ရသလား။ ကျွန်တော့်ညီမ၏ အကြောင်းကြားမှု သည်လုံးဝမပြည့်စုံပါ။ ကျွန်တော်တို့မေမေနေမကောင်း၍ ကျွန်တော့် ကို အမြန်လာစေချင်သည်ဟုသာ သိရသည်။ ထို့ကြောင့် မေမေ့ အတွက် တစ်လမ်းလုံးစိတ်ပူလာရသည်။

ကျွန်တော်ထွက်လာခဲ့သော အချိန်ကာလသည် မိုးဥတုထဲ ဝင်ရောက်ပြီဖြစ်သဖြင့် ကော့သောင်းမြို့သို့ သွားလာရေးခက်ခဲလှ သည်။ ပြီးတော့ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကလည်းကြီးလှ၏။ တစ်ခါတစ်ရံ မိုးသည်းထန်စွာရွာလျှင် ခရီးသည်တွေကို မိုးစိုတတ်၏။ စက်လှေသည် ခပ်မှန်မှန်ကလေးသာခုတ်မောင်းနေသည်။ ကျွန်တော် က စက်လှေလက်တန်းဘေး၌ ကုန်းပတ်ပေါ် ဖင်ချထိုင်နေသည်။ ပတ်ဝန်းကျင်တစ်လုံးတွင် ကမ်းမရှိချေ။

လေသည် ခပ်ကြမ်းကြမ်းတိုက်ခတ်နေပြီး လှိုင်းလုံးက အလိပ် လိုက် အလိပ်လိုက်ထနေသည်။ လှိုင်းနှင့်အတူ စက်လှေ လူးသောအခါ ခရီးသည်တွေ အန်ကြသည်။ အချို့သည် တငိုငိုတရီရီ။ အတွေ့အကြုံရှိသော ခရီးသည်အချို့ကတော့ တည်တည်ငြိမ်ငြိမ် ပင်။ သို့သော် သူတို့၏မျက်နှာ၌လည်း ကြောင့်ကျမှုတချို့ရှိနေသည်။

"မုန်တိုင်းရှိတယ်ဗျ. . ခါတိုင်းလေက ဒီလောက်မကြမ်းဘူး"

ကျွန်တော့်ဘေးမှ ခရီးသည်အမျိုးသားတစ်ဦးက ထင်မြင် ချက်ပေးသည်။ ကျွန်တော် ကောင်းကင်ကိုမော့ကြည့်လိုက်မိသည်။ ကောင်းကင်သည် ညို့မှိုင်းနေသည်။ စက်လှေ၏ ညာဘက်အခြမ်း၌ မိုးတိမ်တိုက်တွေက ပိုများလျက်ရှိသည်။ ညနေစောင်းစပြုပြီဖြစ်ပြီး အလင်းရောင်အားနည်းလျက်ရှိလေပြီ။

"စက်လှေကို ဘာလို့ကမ်းရိုးတန်းနားက ကပ်မသွားတာလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သိချင်စိတ်ဖြင့် ကျွန်တော်စူးစမ်းလိုက်သည့်အခါ ကျွန်တော့် အနီးမှ ခရီးသည်အမျိုးသားက ပြန်၍ရှင်းပြလေသည်။

"ပင်လယ်ထဲထွက်မောင်းတာက ပိုခရီးတွင်တယ်ဗျ။ နောက်ပြီး ကျောက်ဆောင်တွေ ဘာတွေလည်း ကြောက်စရာမလိုဘူးလေ"

"ဒါပေမယ့် မုန်တိုင်းအန္တရာယ်လိုမျိုး အန္တရာယ်ကတော့ လွတ်နိုင်တယ်ဗျနော်။ ကျွန်တော့်စိတ်နဲ့ပြောရရင်တော့ အခုလိုရာသီမျိုးမှာ ကမ်းရိုးတန်းနား ကပ်မောင်းတာ ပိုကောင်းမယ်ထင်တယ်"

ထိုခရီးသည်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဘာမှဆက်မပြောတော့ချေ။ ကျွန်တော်လည်း ပင်လယ်ပြင်ဖက် ပြန်လှည့်လိုက်ပြီး မောက်ကြွမြင့် တက်နေသည့် လှိုင်းလုံးကြီးတွေကို ပြန်ကြည့်နေလိုက်မိသည်။ လှိုင်းနှင့်အတူ စက်လှေမြောက်ကြွသွားသည့်အခါ ရင်ထဲမှာ လှပ်ခနဲဖြစ်သွားပြီး လှိုင်းနှင့်အတူ ပြန်ကျသွားသည့်အခါ အသည်းထဲအေးသွားမိပါသည်။ ကံအားလျော်စွာဖြင့်ပင် ကျွန်တော်သည် လှိုင်းအနည်းငယ်မူးသော်လည်း အော့အန်ခြင်းတော့ လုံးဝမဖြစ်ပေ။

တချို့ခရီးသည်တွေကတော့ ချက်ကိုပလာစတာနှင့် ကပ်လျှင် လှိုင်းမမူး ဟုဆိုကြပါသည်။ ဟုတ်မဟုတ်တော့မသိပါ။ မည်သည့်ဓာတ်သဘာဝကြောင့်လည်းဆိုတာကို စဉ်းစားမိသောအခါ ကျွန်တော်ရယ်ချင်လာသည်။ ထိုအချက်သည် ကျွန်တော်လိုကောင်မျိုးအတွက် အကျိုးတော့ရှိနိုင်ပါသည်။ ကျွန်တော်က ဝမ်းဗိုက်ကိုထိလျှင် အလွန်ပင်ယားတတ်သူဖြစ်သည်။ ကျွန်တော့်ချက်ကို ပလာစတာနှင့် ကပ်လိုက်မိလျှင် ယားနေမိမည်ဖြစ်ပြီး ထိုအယားသို့ပင် အာရုံရောက်နေသည်နှင့် လှိုင်းအမူးကို ဂရုစိုက်နေမိမည်မထင်ပါ။

ညနေခြောက်နာရီကျော်လာသောအခါ လေက ပိုကြမ်းလာ၏။ စက်လှေက အိပဲ့ အိပဲ့ဖြင့် ခုတ်မောင်း၍ကောင်းဆဲပင်ဖြစ်သည်။



ကောင်းကင်သည် မည်းမှောင်လာသည်။ စက်လှေ၏ညာဘက် မိုးကုပ်စက်ဝိုင်းလောက်တွင် အလင်းရောင်ခပ်ဖြူဖြူကလေးကိုသာ မြင်ရ၏။ ခရီးသည်အချို့က မကြာမီမုန်တိုင်း လာတော့မည်ဟုဆိုသည်။

စက်လှေသည် စက်ရှိန်တိုးလိုက် ,လျှော့လိုက်နှင့် လှိုင်းအတွင်းတွင် ခပ်မှန်မှန်ခုတ်မောင်းနေသည်။

"မာလိန်မှူးလည်း သိတယ်ဗျ။ ကြည့်ပါလား စက်လှေလမ်းကြောင်း ပြောင်းသွားပြီ။ ကမ်းရိုးတန်းဖက် ဦးတည်နေပြီ"

ကျွန်တော်စိုးရိမ်စွာဖြင့်ပင် ဘုရားကမိလေသည်။ မြင်ပင်မမြင်ရသည့် ကမ်းရိုးတန်းသို့ရောက်ရန် မည်မျှကြာအောင် ခုတ်မောင်းရဦးမည်မသိ။ မုန်တိုင်းကိုလွတ်မှလွတ်ပါမည်လား။ စက်လှေ၏သွားနှုန်းကလည်း ရေကြောင်းပညာကျွမ်းကျင်သူမဟုတ်၍ မခန့်မှန်းတတ်သော်လည်း ခပ်နှေးနှေးဖြစ်သည်ကိုတော့ သတိပြုမိပါသည်။ ထို့ပြင် မို့မောက်လိပ်ကြွလာသော လှိုင်းလုံးကြီးတွေကို အလိုက်သင့်ဖြတ်ကျော်နေရသဖြင့် ခရီးက သိပ်မတွင်ပါ။

ဘာပဲပြောပြော ယခုလိုအခြေအနေမျိုးမှာ အန္တရာယ်အလွန်ရှိနေပြီဆိုတာကိုတော့ ကျွတော်ရိပ်မိလိုက်ပါသည်။ ကျွန်တော့်တွင် ပစ္စည်းက များများစားစားမပါပါ။ ခရီးဆောင်သားရေအိတ်တစ်လုံးသာပါသည်။ ကျွန်တော် စက်လှေလက်ရမ်းကိုကိုင်၍ မတ်တပ်ရပ်လိုက်သည်။

"ထိုင်နေပါလား မိတ်ဆွေ။ မတ်တပ်ရပ်နေတာ အန္တရာယ်များတယ်"

အနားမှ ခရီးသည်၏အကြံပေးချက်ကို လျစ်လျူရှုပြီး စက်လှေ၏ နောက်ဘက်သို့ ကျွန်တော်သတိထား၍လျှောက်သွားလိုက်မိသည်။ စက်လှေ၏ ဝမ်းဗိုက်ထဲသို့ဆင်းသည့် လှေကားနားမှာ စက်လှေဝန်ထမ်းတစ်ဦးက စောင့်နေသည်။

www.burmeseclassic.com



"အိမ်သာသွားမလို့လား"

"မဟုတ်ဘူး"

ကျွန်တော်သူ့အနီးမှာရပ်လိုက်ပြီး စက်လှေတစ်ခုလုံး၏ အနေအထားကိုခြုံငုံ၍ အကဲခတ်လိုက်မိသည်။ ဝမ်းဗိုက်အတွင်းတွင် ထင်းရှူးသေတ္တာသုံး လေးလုံးတွေ့သည်။ ပြီးတော့ လှေကားဘေးမှာ အလျားခြောက်ပေလောက်ရှိမည့် ပျဉ်ချပ်တစ်ချပ်ကိုတွေ့ရ၏။ ပျဉ်ချပ်က ထုထစ်လက်မလောက်ရှိမည်ဖြစ်ပြီး ဖျက်ကတော့ ခြောက်လက်မလောက်ရှိမည်။

ချက်ချင်းပင် ဖတ်ဖူးသော မဟာဇနက္ကဇာတ်တော်ကို သတိရသည်။ စက်လှေပေါ်မတက်မီက ကြိုတင်၍ဝယ်လာခဲ့သော သကြားလုံးတစ်ထုပ်ကို သတိရသည်။ မဟာဇနက္ကမင်းသားလို ထောပတ်တွေ စားဖို့တော့မဖြစ်နိုင်။ ထောပတ်ကို သည်စက်လှေပေါ်မှာ ရွှေထက်ရှားပါလိမ့်မည်။ အန္တရာယ်အတွက် သွေးအေးအေးဖြင့် စဉ်းစား ဖြေရှင်းသော မဟာဇနက္ကမင်းသားလိုမျိုး ကျွန်တော့်မှာ တည်ငြိမ်မှုမျိုးရှိမနေပါ။ ခရီးသည်တွေသည် ကြောက်လန့်စိုးရိမ်စွာဖြင့် မှိန်ကြဲလေပြီ။

ကြောင်းဝင် မိုးသက်မုန်တိုင်းကျရောက်လာတော့သည်။ စက်လှေသည် မုန်တိုင်းကြားတွင် လူးလိမ့်နေလေ၏။ ကျွန်တော်က စက်လှေ၏လှေကားလက်ရမ်းကိုတင်းတင်းဆုပ်၍ ဘုရားတနေမိ၏။ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်၌ ကျွန်တော်တို့တစ်တွေ ဒုက္ခတွေ့နေရလေပြီ။ လှိုင်းလုံးကြီးတွေကြားတွင် စက်လှေက တိမ်းစောင်းသွားသည်။ ပြီးတော့ ပြန်တည့်မတ်သွားသည်။

ငိုသံတွေ၊ ကြောက်လန့်တကြား အော်သံတွေ ထွက်လာသည်။ စက်လှေ၏ စက်လည်းရပ်သွားလေပြီ။ ခရီးသည် မတ်တပ်ထရပ်ကြသည်။ အချို့က ဒယီးဒယိုင်ထပြေးကြ၏။ မိုးသက်လေပြင်း





ကြောင့် ခရီးသည်တွေ ရွှဲရွှဲနစ်ကုန် သည့်အပြင် လှိုင်းလုံးတစ်လုံးကလည်း စက်လှေကုန်းပတ်ပေါ် ရောက်ချလာ၏။ စက်လှေသည် ထိုလှိုင်းလုံးကြောင့် စောင်းသွားသည်။ စက်လှေပြန်မတည့်မီ နောက်ထပ်လှိုင်းတစ်လုံးက ရောက်ချလာပြန်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် မည်းမည်းမှောင်နေသည်။ စက်လှေပေါ်မှာ ထွန်းထားသည့်မီးရောင်မှိန်မှိန်ကလေးသည် ရေဒဏ်၊ မိုးဒဏ်ကြောင့် ပျက်သွားပုံရပြီး မှောင်ကျသွားသည်။ ခရီးသည်တွေ ငိုသံပိုကျယ်လာသည်။ ကျွန်တော်လည်း စိုးရိမ်ထိတ်လန့်စွာဖြင့် လှေကားအတွင်းသို့ အနည်းငယ်ဆင်းလိုက်ပြီး ပျဉ်ချပ်ကိုကောက်ကိုင်လိုက်သည်။ ပြီးတော့ ကျွန်တော့်ကိုယ်ပေါ်မှာ လွယ်ထားသည့် ခရီးဆောင်အိတ်ကို တင်းတင်းဖက်လိုက်မိသည်။

ထိုခဏမှာပင် စက်လှေပေါ်သို့ ရေတွေအလုံးလိုက်ရောက်လာ၏။ စက်လှေသည် တဖြည်းဖြည်းစောင်းသွားသည်။ ကမန်းကတမ်း လှေကားအတိုင်းဆွဲတက်လိုက်ပြီး တိုးဝှေ့နေသော အလဲလဲအပြိုပြို ဖြစ်နေသော ခရီးသည်တွေကြားမှာ လွတ်သည့်နေရာကို ရှာလိုက်သည်။ ခရီးသည်တချို့က စက်လှေ၏အခြေအနေကိုရိပ်မိပြီး ပင်လယ်ပြင်တွင်းသို့ ခုန်ဆင်းနေကြသည်။

ကုန်းပတ်လက်ရမ်းနား၌ မည်းမည်းသဏ္ဌာန်အချို့ကို တွေ့သည်။ ကျွန်တော်သူတို့ဘေးမှ ကျော်ဖြတ်၍ ပင်လယ်ပြင်တွင်းသို့ ခုန်ဆင်းလိုက်သည်။ ကျွန်တော့်ကိုယ်ပေါ် လှိုင်းလုံးတစ်လုံးက ရောက်လာသဖြင့် ကျွန်တော် သီးသွားမိသည်။ လက်ထဲမှပျဉ်ချပ်ကလည်း လွတ်လုလွတ်ခင်ဖြစ်နေ၍ အတင်းပြန်ဖက်ထားလိုက်ရသည်။ လှိုင်းနှင့်အတူ ကျွန်တော်မြောက်ကြွ၍ပါသွားသည်။

လှိုင်းပြန်အကျတွင် စက်လှေနစ်မြုပ်နေပြီကို ခပ်ဝါးဝါး အလင်းရောင်ဖြင့် မြင်ရလေသည်။ ပင်လယ်ပြင်၌ ကျွန်တော့်လိုပင်



www.burmeseclassic.com

www.burmeseclassic.com



ကူးခတ်နေသူတွေ အတော်များများတွေ့ရသည်။ ကြီးမားကျယ်ပြန့်သော လှိုင်းလုံးကြီးအတိုင်း ကျွန်တော်ပါသွားသဖြင့် စက်လှေမှ အတော်ဝေးဝေးသို့ရောက်သွားသည်။ တစ်ကိုယ်လုံးသည် ကြွက်စုတ်နှယ်ရွှဲနစ်နေ၏။

ခဏမျှအကြာတွင် ကျွန်တော့်ပတ်ဝန်းကျင်တွင် မည်သူတစ်ဦး တစ်ယောက်မျှမတွေ့ရတော့။ စက်လှေလည်း နစ်မြုပ်သွားပြီထင်ပါသည်။ ပင်လယ်ပြင်၌ ကျွန်တော်သည် ပျဉ်ချပ်ကိုဖက်တွယ်၍ အလိုက်သင့်မျောနေမိလေသည်။ ကျွန်တော်လွယ်ထားသော ခရီးဆောင်အိတ်သည် ခပ်သေးသေးသာဖြစ်သော်လည်း ရေတွေရွှဲနစ်နေသဖြင့် လွယ်ရသည်မှာ လေးလာသည်။

အိတ်ထဲတွင် အဝတ်အစားက သုံးစုံလောက်သာပါသည်။ ပြီးတော့ ငွေအနည်းငယ်ပါသည်။ သွားတိုက်ဆေး၊ သွားပွတ်တံ၊ မှတ်ဆိတ်ရိတ်ဂျုတ်ပါသည်။ လက်နှိပ်ဓာတ်မီးပါသည်။ မောင်းချဓား သေးသေးကလေးပါသည်။ အဓိကပြဿနာမှာ အဝတ်အစားတွေက ရေစိုပြီးပွလာသဖြင့် ပို၍အလေးချိန် စီးလာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ချက်ချင်းပင် ဆုံးဖြတ်လိုက်သည်။

အိတ်ထဲမှ အဝတ်အစားတွေကို ထုတ်ပစ်လိုက်တော့မည်။ ဒါဆိုလျှင် အလေးချိန်အတော်ပေါ့သွားပေလိမ့်မည်။ ဆုံးဖြတ်ချက်အတိုင်း ခရီးဆောင်အိတ်ထဲက အဝတ်တွေကိုထုတ်၍ ပင်လယ်ထဲမျှောပစ်လိုက်သည်။ ထိုအခိုက်မှာပင် မုတ်ဆိတ်ရိတ်ဂျုတ်က ရေထဲထွက်ကျသွားသည်။ မတတ်နိုင်တော့ ကိုယ့်ကိုယ်ကို သေမှန်း၊ ရှင်မှန်း မသိနိုင်သောအခြေအနေ။

ပတ်ဝန်းကျင်ကလည်း မှောင်မည်းနေသည်။ လေက စောစောကထက်စာလျှင် အနည်းငယ်ငြိမ်လာသည်။ လှိုင်းကလည်း သိပ်မကြမ်းတော့ချေ။ ပင်လယ်ရေထဲတွင် နာရီအနည်းငယ်ကြာလာ





သောအခါ ကျွန်တော်ချမ်းလာသည်။ ထို့ပြင်ကြောက်ရွံ့အားငယ်လာလေသည်။ ယခုအခါ၌ ကျွန်တော့်အနီး ပတ်ဝန်းကျင်မှာ ဘာမှမရှိတော့။ ညသည် မှောင်မည်းတိတ်ဆိတ်နေသော် လည်း ပင်လယ်ပြင်မှာတော့ မှုန်ပြပြလင်းနေပါသည်။ အရေးထဲရေငတ်လာသည်။ မိုးရွာလာသောအခါ ပါးစပ်ဟ၍ ရေသောက်မိသည်။ သို့သော် အားမရ။ မိုးရေသည် ပါးစပ်ထဲ သိပ်မရောက်။

"ကယ်တော်မူကြပါဗျို့ . . ."

ကယ်ဆယ်သူရှိလိုရှိငြား အသံကုန်ဟစ်၍ အော်ကြည့်လိုက်သော်လည်း ကျွန်တော့်အသံသည် လေအရှိန်ဖြင့် ဖျော့တော့သွားသည်။ သုံးလေးခွန်းလောက် ထပ်အော်သော်လည်း ထူးခြားမှုမရှိသဖြင့် ဆက်မအော်မိတော့ချေ။ ပျဉ်ချပ်ကို ဖက်တွယ်ထားသော ကျွန်တော့်လက်ချောင်းတွေ ပဲကြီးရေတွန့်နေလေပြီ။ ပျဉ်ချပ်သည် ကျွန်တော့်ကိုယ်တစ်ကိုယ်လုံးကို ရေပေါ်မပေါ်စေနိုင်သော်လည်း ဖက်တွယ်၍မေးကာ ထိန်းထားခြင်းအတွက်တော့ လုံလောက်ပါသည်။

ပင်လယ်ပြင်တွင် မျောချင်သလိုမျောပါနေသော ကျွန်တော်သည် တတ်သ၍ မှတ်သ၍ ဂါထာတွေရွတ်မိပါသည်။ ဘုရားရှိခိုးတွေကို ဆိုမိပါသည်။ ကြောက်ရွံ့ထိတ်လန့်မှုနှင့် ဘာသာတရားဆက်စပ်ပုံကို လက်တွေ့နားလည်လာလေသည်။ ဤမျှကြမ်းတမ်းခက်ထန်သော ပင်လယ်ပြင်၌ လှိုင်းနှင့်အတူ မျောချင်ရာမျောနေသော ကျွန်တော်၏အသက်သည် ကုသိုလ်ကံပေါ်တွင် မှီခိုနေလေ၏။

စက်လှေနစ်သည့်အကြောင်းကို သက်ဆိုင်ရာမှ သိမှသိပါလေစ၊ သိဖို့ကလည်း အချိန်အတော်ကြာဦးမည်။ ဆည်နေရာကို ရောက်လာဖို့ကလည်း အတော်ကြာဦးမည်။ ထိုအတောအတွင်း ပင်လယ်ထဲမှာ တစ်စစီပြန့်ကျဲနေသည့် ကျွန်တော်တို့လို ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကယ်တင်ဖို့ဆိုသည်မှာ မျှော်လင့်ချက် ခပ်မှုန်မှုန်ကလေးသာဖြစ်ပါသည်။

ကျွန်တော်မသေချင်သေးပါ။ ကျွန်တော့်အသက်သည် ယခုမှ နှစ်ဆယ့်ရှစ်နှစ်မျှသာရှိပါသေးသည်။ ကော့သောင်းမြို့မှာ ညီမဖြစ်သူနှင့်အတူနေသော မေမေ့ကို တွေ့ချင်ပါသေးသည်။ စိတ်တွေ တုန်လှုပ်ချောက်ခြားလာသဖြင့် အသံကုန်တစ်ချက်အော်လိုက်မိပြန်သည်။ ပင်လယ်တွင်း၌ ကျွန်တော်သည် အရူးမီးဝိုင်းဖြစ်နေသည်။ အသံထွက်၍လည်းငိုယိုမိပါသည်။ တစ်ညလုံးလှိုင်းနှင့်အတူလိုက် မျောနေသော ကျွန်တော်သည် မိုးလင်းခါနီးတွင် မေ့ခနဲအိပ်ပျော်သွားမိသဖြင့် လက်ကဖက်ထားသော ပျဉ်ချပ်လွတ်သွားသည်။

ထို့ကြောင့် ကမန်းကတမ်းနှင့် ပျဉ်ချပ်ကိုပြန်ဖက်တွယ်ရ၏။ သည့်လိုသာဖြစ်နေလျှင် ကျွန်တော် ဒုက္ခရောက်သွားနိုင်သည်။ ပျဉ်ချပ်ကိုလွှတ်၍တော့ မဖြစ်ပါ။ ဝတ်ထားသော ဂျင်းဘောင်းဘီနှင့် ခါးပတ်ကို သတိရသည်။ ဂျင်းဘောင်းဘီသည်လည်း လေးလွန်းသလိုရှိသဖြင့် ဘောင်းဘီကို ကြိုးစား၍ ချွတ်ချလိုက်သည်။ ယခုဆိုလျှင် ကျွန်တော့်၌ ဘောင်းဘီတိုကလေးတစ်ထည်သာ အောက်ပိုင်းမှာရှိနေတော့၏။

ခါးပတ်ကိုတော့ လွှင့်မပစ်ဘဲ ပျဉ်ချပ်နှင့် ကျွန်တော့်ကိုယ်ကို ပတ်၍ ချည်ထားလိုက်သည်။ ဒါဆိုလျှင် အကယ်၍ ကျွန်တော် မေ့ခနဲအိပ်ပျော်သွားလျှင်တောင် ပျဉ်ချပ်ကိုမလွတ်နိုင်တော့ပါ။ အရှေ့ဘက်ကောင်းကင်တွင် ရောင်နီသန်းလာလေပြီ။ မှန်တိုင်း၏ အရိပ်အခြည်က လုံးဝမရှိတော့ပြီ။ ပင်လယ်ပြင်တွင် လှိုင်းကလည်း သိပ်မကြီးတော့ပါ။ ရေသိပ်ငတ်လွန်းသဖြင့် ပင်လယ်ရေတစ်ငုံကို ကြိုးစားပြီး မျိုချလိုက်သည်။

"ထွီ . . . ငန်လိုက်တာ . . . ခါးသက်နေတာပဲ . . ."

တော်ဝင်မြို့မ စာအုပ်တိုက်



အလွန်ငန်လွန်းသဖြင့် ခါးသည့်အရသာကိုပါရလေသည်။ ပင်လယ်ရေတစ်ငုံသောက်လိုက်မိသည့်ဒုက္ခကို ကျွန်တော်အတော်ခံလိုက်ရပါသည်။ အချိန်အတော်ကြာ ရေငတ်နေလေသည်။ ခဏအကြာတွင် ပင်လယ်တွင်းမှ နေထွက်လာသည်။ နုထွေးလတ်ဆတ်သော နေရောင်ခြည်က ကျွန်တော့်ကိုယ်ပေါ် ရောက်လာသောအခါ မျှော်လင့်ချက်ဖြင့် ကျွန်တော်တက်ကြွလာမိပြန်သည်။ သို့သော် ထိုမျှော်လင့်ချက်သည် ကြာကြာမခံပါ။ မိုးတိမ်တွေ အနောက်တောင်ထောင့် ကောင်းကင်တွင်ညို့လာ၍ဖြစ်ပါသည်။

မိုးတွေကရွာလာပြန်သည်။ ထိုအခါ လှိုင်းကပါပြန်ကြီးလာသည်။ စိတ်အားငယ်လာလေ၏။ ပင်လယ်ပြင်၌ ရေငတ်ခြင်း၊ အစာငတ်ခြင်းတို့ကို နှစ်ရက်လောက်ခံလိုက်ရသောအခါ ကျွန်တော် အားပြတ်လာ၏။ အိတ်ထဲမှာရှိသော သကြားလုံးလည်းကုန်လေပြီ။ ပင်လယ်ထဲရောက်နေသည့် တတိယညမှာ ကျွန်တော်သတိလစ်သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှားထဲသို့ ငှက်အော်သံအချို့ ဝင်လာသောကြောင့် ကျွန်တော် ပြန်သတိရလာသည်။ သဲမြေစပ်စပ်တွင် ကျွန်တော် လဲကျနေခြင်းဖြစ်ပြီး ကျွန်တော့်မျက်နှာသို့ နံနက်ခင်းနေရောင်ခြည်က ထိုးကျလျက်ရှိသည်။ ကျွန်တော်ကုန်းထဖို့ကြိုးစားလိုက်သောအခါ မိုက်ခနဲမူးဝေသွားသည်။ ထို့ကြောင့် မျက်လုံးကို ခဏပြန်မှိတ်ထားလိုက်မိသည်။ ကျွန်တော်မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။ ယခု ကျွန်တော် လဲနေသည့်နေရာတွင် သဲမြေစပ်စပ်ရှိသည်။

လှိုင်းလုံးကလေးတွေသည် ကျွန်တော့်ခြေသလုံးတွေကို မှန်မှန်ပုတ်ခတ်လျက်ရှိသည်။ ခဏအကြာတွင် မျက်လုံးပြန်ဖွင့်လိုက်သည်။ ခပ်ဝေးဝေးမှာ ကျောက်ဆောင်တွေကို အရင်စမြင်ရလေသည်။ ကျွန်တော်ပင်လယ်ထဲမှာ မဟုတ်တော့။ ကုန်းမြေတစ်ခုသို့ ရောက်နေလေပြီ။ ဝမ်းသာဂိတ်ဖြင့် ချက်ချင်းကုန်းထလိုက်သည်။ ဒယီးဒယိုင်ဖြစ်နေသေးသော်လည်း ကောင်းစွာတော့ မတ်တပ်ရပ်၍ ရပါသည်။

ကျွန်တော်ရယ်လိုက်မိသည်။ ငှက်တစ်ကောင်သည်





ကျွန်တော့် ခေါင်းပေါ်မှဖြတ်၍ ပျံသွားလေသည်။ ထိုငှက်ကို မျက်စိတစ်ဆုံး ကျွန်တော် လိုက်ကြည့်နေမိသည်။ ငှက်သည် ကုန်းမြေပေါ်ရှိ သစ်ပင်အုပ်တွေပေါ်သို့ ရောက်သွားသည်။ ကုန်းမြေ၏အလယ်လောက်တွင် တောအုပ်ကလေးတစ်ခုရှိသည်။

ဤကုန်းမြေသည် တမော်ရီကမ်းမြောင်ဒေသပင်ဖြစ်မည်လားဟု ဝမ်းသာစိတ်ဖြင့် ကျွန်တော် ကုန်းမြေပေါ်တက်ခဲ့သည်။ ယိမ်းထိုးနေသဖြင့် မနည်းပင် လမ်းလျှောက်ရသည်။ တစ်ကိုယ်လုံးသည် နာကျင်ကိုက်ခဲလျက်ရှိလေသည်။ ကုန်းမြေသို့ရောက်သောအခါ လူသူလေးပါး အရိပ်အခြည်ကြည့်သော်လည်း ဘာမှမတွေ့ရ။ ကုန်းမြေတွင်းက တောအုပ်ကလေးထဲသို့ ဝင်ခဲ့သည်။ သစ်ပင်တွေကတော့ စုံပါသည်။ အုန်းပင်တွေလည်းရှိသည်။ ငှက်ပျောပင်တွေလည်းရှိသည်။ သရက်ပင်အချို့လည်းရှိ၏။ အချို့အပင်တွေကိုတော့ ရုက္ခဗေဒပညာရှင်မဟုတ်သဖြင့် အမျိုးအမည်မခွဲခြားတတ်ပါ။

ကံအားလျော်စွာပင် ငှက်ပျောပင်တစ်ပင်၌ ငှက်ပျောခိုင်တစ်ခိုင်ကိုတွေ့ရသည်။ အသီးအချို့လည်း ရင့်မှည့်နေလေပြီ။ ကျွန်တော် မမီမကမ်းဖြင့် ငှက်ပျောသီးတွေကိုခူးသည်။ သုံးလုံးလောက်ကြွေကျလာသောအခါ မြေပြင်မှာ ဖင်ချထိုင်ပြီး ငှက်ပျောသီးတွေကိုစားမိသည်။

ငှက်ပျောသီးတွေ အစေ့တွေပါသည်။ သို့သော် အလွန်ပင်ဆာလောင်နေသည့် ကျွန်တော့်အတွက် နတ်သုဒ္ဓါတမျှဖြစ်နေပါသည်။ ပြီးတော့ ငှက်ပျောသီးတွေစားရ၍ ရေငတ်လည်းအနည်းငယ်ပြေပါသည်။ အုန်းပင်တချို့၌ အုန်းသီးတွေတွေ့ရသော်လည်း တက်၍ခူးရန် ကျွန်တော်မရဲပါ။ သစ်ပင်တက်ကျွင့်မရှိ၍ တစ်ကြောင်း၊ ကျွန်တော့်၌ အားအင်များ ဆုတ်ယုတ်နေ၍သော်လည်း ဖြစ်ပါသည်။

ငှက်ပျောသီးစား၍ အနည်းငယ် ဗိုက်ပြည့်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ရေသောက်ချင်လာသည်။ ဘုရားသိကြားမ၍ ဤကုန်းမြေ၌ လူသူတွေရှိနေပါစေဟု ဆုတောင်းမိသည်။ သို့သော် တောတွင်းသို့ ဝင်လာမိပြီး အတော်ကလေးကြာသောအခါ ကျွန်တော်စိတ်ဓာတ်ကျ လာသည်။ ဤကုန်းမြေသည် လူသူမရှိသည့် နေရာပင်လော။ ဤသို့ ဆိုလျှင် ဤကုန်းမြေသည် ကျွန်းကြီးတစ်ကျွန်းပင်လော။

တောအုပ်ကလေးထဲမှာရှိသည့် ငှက်ပျောပင်တွေကို ကျွန်တော် အသေအချာမှတ်ခဲ့သည်။ အဆို့ငှက်ပျောခိုင်တွေသည် မှည့်တော့ မည်။ ဤအတိုင်းဆိုလျှင် အစာငတ်၍ ကျွန်တော်မသေနိုင်တော့ပြီ။ ထို့အပြင် ရေနစ်၍လည်း မသေနိုင်တော့ပြီ။

ထိုအားလျော်စွာပင် ကျွန်တော့်ခရီးဆောင်အိတ်သည် ကျွန်တော့်ကိုယ်၌ ရှိနေဆဲဖြစ်၏။ အိတ်ထဲသို့ ကမန်းကတန်းဖွင့်ရှာ လိုက်သည့်အခါ လက်နှိပ်ဓာတ်မီး၊ မောင်းချဓား၊ သွားတိုက်ဆေးနှင့် သွားပွတ်တံတို့ကိုတွေ့ရ၏။ ငွေတွေကတော့ ရေတွေစိုလျက် ရိပင် ရိနေလေပြီ။

လက်နှိပ်ဓာတ်မီးကတော့ သုံး၍မရတော့ပေ။ ဓာတ်ခဲတွေ လည်း ပင်လယ်ရေနှင့်ထိ၍ ဆားပေါက်ကုန်လေပြီ။ ထို့ကြောင့် လက် နှိပ်ဓာတ်မီးကို လွှင့်ပစ်လိုက်သည်။ မောင်းချဓားကိုတော့ သတိတရ ထည့်လာမိသည်ကိုက ကံကောင်းနေ၏။ ဤမောင်းချဓားဖြင့် နေရာ အတော်များများ၌ အသုံးချ၍ ရပေလိမ့်မည်။ ဓားကိုဖွင့်၍ ကျွန်တော် တောထဲဆက်ဝင်ခဲ့သည်။

တော၏တစ်နေရာတွင် ကျောက်တောင်အငယ်စား ကလေး တစ်လုံးတွေ့၏။ ထိုကျောက်တောင်အောက်တွင် ဆယ်ငါးပေပတ် လည်လောက်ရှိမည့် ဂူကလေးတစ်ခုကိုတွေ့ရသည်။ ဂူအတွင်းမှာ ရေညှိ တွေဖြင့် စွတ်စိုနေသည်။ ဂူကိုဝင်၍စူးစမ်းပြီးသောအခါ ဂူထဲမှ ထွက်လိုက်သည်။





ကျောက်တောင်ငယ်၏ ဘယ်ဘက်ခြမ်းမှာ ကျောက်တောင် မှ ထွက်ကျနေသည့် စိမ့်ရေတချို့ကိုတွေ့ရသဖြင့် ဝမ်းသာသွားလေ သည်။ ထို့ကြောင့် ထိုစိမ့်ရေတွေကို လျှာဖြင့်သွားလျက်လိုက်မိသည်။ အေးမြလတ်ဆတ်သော၊ ကြည်လင်သန့်စင်သောရေချို။ ရေငတ်နေ သော ခန္ဓာကိုယ်သို့ ရေအနည်းငယ် ဝင်သွားသောအခါ ကျွန်တော်ပြုံး လိုက်မိသည်။ ယခုလိုဆိုလျှင် ဟန်ကျလေပြီ။

အစာလည်းရှိပြီ။ ကုန်းမြေလည်းရှိပြီ။ ရေလည်းရှိပြီ။ အသက်ရှင်ဖို့ တခြားဘာမှမလိုတော့။ စမ်းရေ၊ စိမ့်ရေကိုလျက်လိုက် ပြီး တစ်ခုစဉ်းစားမိပြန်သည်။ ဤစိမ့်ရေသည် ကျောက်တောင် တစ်နေရာမှ စိမ့်ထွက်လာပုံရသည်။ တဖြည်းဖြည်းစိမ့်ရေထွက်ရာ နေရာကိုရှာရမည်။ ထိုအခိုက်မှာပင် ကျွန်တော့်အနီး ကျောက်တုံး ကျောက်သားပြင်၌ လှုပ်ရှားမှုတစ်ခုတွေ့ရသဖြင့် လန့်သွားမိသည်။

အသေအချာကြည့်မိသောအခါ ပုတ်သင်ညိုတစ်ကောင် တွေ့ရ၏။ ပုတ်သင်ညိုသည် လျှာတစ်လစ်ဖြင့် ကျွန်တော့်ကိုကြည့် နေ၏။ ပြီးတော့ ကျောက်တုံးပေါ်မှ ဆတ်ခနဲခုန်ချပြီး အနီး၌ရှိသော သစ်ပင်တစ်ပင်ပေါ်သို့ တက်ပြေးသွား၏။ ကျွန်တော်တောအုပ်လေး ထဲမှာ ဆက်လက်ရှာကြည့်သော်လည်း လူတစ်ယောက်မျှမရှိ။ နောက် တော့ တောအုပ်သည်ဆုံးသွားပြီး ပင်လယ်ကမ်းစပ်သို့ပြန် ရောက် သွားသည်။

ဤအတိုင်းဆိုလျှင် ဤကုန်းမြေသည် ကျွန်းကြီးတစ်ကျွန်း ဖြစ်ဖို့ သေချာသလောက်ရှိနေလေပြီ။ သည်တစ်ခါတော့ သောင်ပြင် ကမ်းစပ်တစ်လျှောက် လမ်းလျှောက်ရင်း စူးစမ်းမိသည်။ နောက်ဆုံး ထားမလျှောက်ခဲ့သောနေရာသို့ ရောက်သွားသဖြင့် ကျွန်းကြီးတစ် ကျွန်းဖြစ်မှန်း သေချာသွားလေသည်။ နေကလည်း တဖြည်းဖြည်းမြင့် လာသည်။ အလွန် ပင်ပန်းနွမ်းနယ်နေပြီး အိပ်ချင်လွန်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေတစ်ဝိုက်မှာပင်ရှိသော သစ်ပင်တစ်ပင်အောက်မှာ သွားအိပ်လိုက်မိသည်။

တစ်ရေးနိုးသောအခါ ညနေစောင်းနေလေပြီ။ ကောင်းကင်တွင်လည်း မိုးသားတွေညို့နေသဖြင့် မိုးလွတ်ရာသို့သွားရန် စိတ်ကူးပြီး တောအုပ်ကလေးထဲ ပြန်ဝင်ခဲ့သည်။ ပြီးတော့ လမ်းမှာတွေ့ရသည့် ရင့်မှည့်နေသည့် ငှက်ပျောခိုင် တစ်ခိုင်ကိုခုတ်လာခဲ့သည်။ ကျောက်ဂူအနားသို့ရောက်သောအခါ မိုးကရွာလာပြန်သည်။ ထို့ကြောင့် ကျောက်ဂူထဲသို့ ခပ်သွက်သွက်ပြေးဝင်လိုက်သည်။

ဘာပဲပြောပြော ကျောက်ဂူသည် စွတ်စိုထိုင်းမှိုင်းနေသည်မှာ မှန်သော်လည်း လေဒဏ်၊ မိုးဒဏ်ကိုတော့ လုံခြုံစွာကာကွယ်ပေးနိုင်လေသည်။ တဖြည်းဖြည်းနှင့်မှောင်လာသောအခါ ခြင်တွေက ဘယ်ကနေဘယ်လိုထွက်လာမှန်း မသိထွက်လာပြီး ကျွန်တော့်ကို တွယ်ကြလေတော့သည်။ မိုးကလည်း ရွာ၍ကောင်းဆဲပင်ဖြစ်၏။ ပင်လယ်ထဲသို့ လွှတ်ချပစ်ခဲ့သော ကျွန်တော့်အဝတ်အစားတွေကို သတိရသည်။

ထိုအဝတ်အစားတွေသာ ပါလာခဲ့လျှင် အနည်းဆုံးတော့ ကိုယ်ပေါ်၌ ခြုံ၍အိပ်၍ရမည်။ အချမ်းလည်းသက်သာမည်။ ခြင်လည်း အကိုက်သက်သာမည်။ ခြင်တွေမခံမရပ်နိုင်အောင် ကိုက်လာသော့အခါ ဂူပြင်ပြေးထွက်ပြီး သစ်ရွက်တွေအတော်များများပါသည်။ သစ်ကိုင်းတစ်ကိုင်းကိုချိုး၍ အထဲပြန်ဝင်သည်။

ခြင်တွေကို ထိုသစ်ကိုင်းဖြင့် ယမ်းခြင်းဖြင့် နည်းနည်းတော့ အကိုက်သက်သာလေသည်။ သို့သော် ယမ်းနေတုန်းခဏပဲ သက်သာတာဖြစ်၏။ ပြီးတော့ ပြန်ကိုက်ကြပြန်သည်။ နောက်ဆုံးတော့ နောက်ထပ်သစ်ကိုင်းတွေ သုံးလေးကိုင်းထွက်ချိုးပြီး ဂူထဲရောက်တော့ ကိုယ်ပေါ်မှာ သစ်ကိုင်းတွေအုပ်ပြီး အိပ်လိုက်မိသည်။





နောက်တော့ ခြင်ကိုက်နည်းနည်းသက်သာလည်းနှင့် ကျွန်တော် အိပ်ပျော်သွားမိလေသည်။ နံနက်စောစောတွင် ကျွန်တော်ပြန်ပြီးနိုးလာပြီ။ လက်မှနာရီကိုကြည့်မိသည်။ နာရီသည် ပင်လယ်ရေထဲမှာ သုံးလေးရက်လောက်နေခဲ့ရသဖြင့် ရပ်လျက်ရှိ၏။ ကျွန်တော်လည်း ဂူပြင်ထွက်ခဲ့ပြီး တပို့တပါးသွားသည်။ ပြီးတော့ သွားတိုက်ဆေးနှင့် သွားပွတ်တံကိုထုတ်၍သွားတိုက်သည်။

ကျောက်ဂူရှေ့က ရေအိုင်ငယ်တွေမှရေဖြင့်ပင် ပလုတ်ကျင်းပြီး မျက်နှာသစ်သည်။ ပြီးတော့ ကမ်းခြေသို့ဆင်းခဲ့သည်။ မိုးသည် စဲသွားလေပြီ။ ပင်လယ်ပြင်သည် အေးဆေးတည်ငြိမ်နေ၏။ အရှေ့ဘက်ဟုထင်ရသောအရပ်၌ ရောင်နီပြိုလာလေပြီ။

ပင်လယ်ထဲမှာ စက်လှေနှစ်သဖြင့် စက်လှေပေါ်ပါလာသည့် လူတစ်ရာကျော် မည်ကဲ့သို့ဖြစ်ကုန်သနည်း။ သည်လောက် မိုး သက်မုန်တိုင်းနှင့် အသက်ရှင်ဖို့ကတော့ မလွယ်ပါ။ စက်လှေနှစ်ပြီး ခရီးသည်တွေပျောက်ဆုံးနေသည့် သတင်းကို မေမေနှင့်ညီမလေး နေခြည်တို့ကြားလျှင် ကျွန်တော်သေဆုံးသွားပြီ ဟုသာထင်ကြပေတော့မည်။ ထိုအခါ နေမကောင်းဖြစ်နေသော မေမေ့ဝေဒနာသည် ပို၍ဆိုးဝါးလာချေတော့မည်။ ကျွန်တော့်ရင်သည် တင်းကျပ် နာကျင်လာသည်။

အလုပ်အကြောင်းကိုစဉ်းစားမိပြန်သည်။ ယခုအတိုင်းဆိုလျှင် လူသူမရှိသော ပင်လယ်ထဲကကျွန်းတစ်ကျွန်းပေါ်မှာ ကျွန်တော် မည်သို့ပြန်ရလေမည်နည်း။ အလုပ်တာဝန်ကို မောင်အေးသန်းတို့ နှစ်ယောက် ရေရှည်ထိန်းထားနိုင်ဖို့မလွယ်ကူပါ။ ဆောက်လုပ်ရေး ကုမ္ပဏီအချို့ထံမှ ရရန်ရှိသောငွေများကိုလည်း သူတို့ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ကျွန်တော် သက်ပြင်းချလိုက်မိ၏။

အမှန်တော့ ယခုလိုအချိန်မျိုး၊ ယခုလိုအခြေအနေမျိုးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှမတွေးခြင်းကသာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ဘာမှမတတ်နိုင်သည့်ကိစ္စအတွက် စဉ်းစား တွေးတောနေခြင်းသည် သောကဗျာပါဒကိုသာ ပို၍တိုးပွားစေပါလိမ့်မည်။

သဲမြေစပ်စပ်တွင် လမ်းလျှောက်ရင်းနှင့် မိုးကတဖြည်းဖြည်း လင်းလာသည်။ ကျောက်ဆောင်တွေနားအရောက်မှာ ငှက်တွေကို တွေ့ရပြန်သည်။ သဲမြေပေါ်မှာ ကဏန်းကလေးတွေက ကျွန်တော် လမ်းလျှောက်လာသောကြောင့် ကျင်းကလေးသေးသေးတွေထဲ ဝင်တုန်ကြ၏။

ကျောက်ဆောင် ကျောက်တုံးများသို့ လှိုင်းပုတ်သံသည် တသွင်သွင်ဖြစ်နေ၏။ ထိုနေရာမှာပင် ကမ်းခြေတစ်နေရာတွင် လဲကျနေသော သင်္ဘောက်တစ်ခုကိုမြင်ရသည်။ အနီးသို့ရောက်သွား သောအခါမှ သင်္ဘောက်မှာ တစ်ခုမဟုတ်ဘဲ နှစ်ခုဖြစ်နေသည်။ မိန်းကလေး တစ်ဦးနှင့် ခုနစ်နှစ်လောက်ရှိမည့် ကလေးမလေးတစ်ဦးသည် ရေစပ်တွင် မှောက်ခုံလဲကျနေ၏။ မိန်းကလေးတွင် အောက်ဘက်၌ ထဘီမရှိတော့ဘဲ ပင်တီဘောင်းဘီအနက်ကလေးသာရှိတော့၏။ သူမတို့ကိုယ်တွင် အသက်ကယ်အင်္ကျီလိမ္မော်ရောင်ကိုယ်စီဝတ်ထားပြီး လက်တစ်ဖက်နှင့် လက်တစ်ဖက်ကို နိုင်လွန်ကြိုးဖြင့် ချည်နှောင် ထား၏။

ထို့ကြောင့် သူမတို့နှစ်ဦးသည် ပင်လယ်တွင်း၌ တကွဲတပြား စီဖြစ် မသွားကြဘဲ ဤကမ်းခြေသို့ အတူလာရောက်တင်နေခြင်း ပင်ဖြစ်ပါလိမ့်မည်။ ကလေးမလေးကို ကျွန်တော်ဆွဲလှန်၍ ကြည့် လိုက်ရာ သတိလစ်နေခြင်းဖြစ်ကြောင်းတွေ့ရသည်။ ထို့နောက် မိန်း ကလေးကို စစ်ဆေးကြည့်မိပြန်တော့လည်း သတိလစ်နေကြောင်းပင် တွေ့ရသည်။

မိန်းကလေး၏အင်္ကျီသည် အပေါ်သို့ပင့်တက်နေပြီး ဝင်းဝါ





ဖြူဖွေးနေသည့် ဝမ်းဗိုက်သားကိုမြင်ရသည်။ ချက်တွင် ပလာစတာ ကပ်ထားသည်ကို တွေ့လိုက်သောအခါ ကျွန်တော်ပြုံးမိသွားလေသည်။ သို့နှင့်ပင် သူတို့နှစ်ဦးကို တွဲ၍ချည်နှောင်ထားသော နိုင်လွန်ကြိုးကို အရင်ဖြည်ရသည်။ ပြီးတော့မှ ကလေးမလေးကို ကျွန်တော့်ကျော ပေါ် မှောက်တင်လိုက်သည်။ သူ့ကိုယ်ထဲမှ ရေတွေပြန်အန်အောင် လုပ်ပေးရသည်။

သူမ၏ပါးစပ်မှ ရေတချို့ပြန်ထွက်သွားသော်လည်း သူမက သတိပြန်မရသေးပါ။ ထို့ကြောင့် သတိလစ်နေသော မိန်းကလေးကို လည်း ကျွန်တော့် ပခုံးပေါ် မှောက်တင်လိုက်ပြီး အဆုတ်ထဲမှရေတွေ ပြန်ထွက်အောင် လုပ်ရလေသည်။ သုံးလေးငါးလှမ်းလောက် လျှောက် ပြေးလိုက်သောအခါ သူမ၏ညည်းညူသံထွက်လာသည်။

သူမကိုသဲသောင်ပြင်၌ ပက်လက်ပြန်ချလိုက်ပြီး အခြေ အနေကြည့်လိုက်သည်။ သတိတော့ပြန်မရသေး။ ဝမ်းဗိုက်ဖြူဖြူပေါ် သို့ လိပ်တက်နေသော အင်္ကျီကိုအသာပြန်ဆွဲချပေးမိသည်။ သူမတို့ နှစ်ယောက်သည် ကျွန်တော် စီးလာခဲ့သည် စက်လှေပေါ် မှာလိုက်ပါ လာသည့် ခရီးသည်နှစ်ဦးပင်ဖြစ်ပေလိမ့်မည်။

ပက်လက်ဖြစ်နေသော သူမ၏ကိုယ်ကို ကျွန်တော်ကြည့်မိ ပြန်သည်။ မျက်လွှာအမြန်ပင်ပြန်ချလိုက်ရသည်။ သူမသည် လှပ ကျော့ရှင်းသော မိန်းမတစ်ယောက်ဖြစ်လေသည်။

"ဟေ့. . . မိန်းကလေး . . . ဟေ့. . . ဟေ သတိရပြီလား"

သူမ၏ပါးနုနုကလေးကို လက်ဝါးဖြင့် သုံးလေးချက် ခပ် ဆတ်ဆတ် ရိုက်၍ခေါ် လိုက်သောအခါမှ သူမက လူးလွန့်လာသည်။ သူမ သတိရလာလေပြီ။ ပထမဦးဆုံးပိတ်ထားသော မျက်လုံးတို့ဖွင့် ကြည့်သည်။ ရုတ်တရက်မြင်ရသော အလင်းရောင်ကို မခံနိုင်ဘဲ မျက်လုံးပြန်မှိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် . . . ကျွတ် . . . အင်း"

ပါးစပ်မှစုတ်သပ်သံနှင့်အတူ မျက်လုံးပြန်ဖွင့်လာသည်။

"သတိရလာပြီလား . . ."

"ကျွန်မဘယ်ကိုရောက်နေတာလဲဟင် . . ."

အလွန်ပင်ဖျော့တော့ အားနည်းနေသည့်အသံ။

"မင်းအခု ကျွန်းကြီးတစ်ကျွန်းပေါ်ရောက်နေတယ်။ နေဦး . . . ငါမင်းအတွက် ရေသွားယူလိုက်ဦးမယ် . . . ဒီမှာခဏနေခဲ့ဦး"

သူမတို့ကိုထားခဲ့ပြီး တောအုပ်ကလေးသို့ ပြန်ပြေးခဲ့သည်။ ထို့နောက် သစ်ရွက်သုံးလေးရွက်ကိုခူးပြီး ကတော့လုပ်ကာ စိမ့်ရေတွေကို ခံရသည်။ ညက မိုးသည်းထန်စွာရွာခဲ့သဖြင့် ကတော့ထဲသို့ ရေတအောင့်ပြည့်မြန်ပါသည်။ ရေပြည့်သောအခါ ကမ်းခြေသို့ ကျွန်တော်ပြန်ပြေးခဲ့သည်။

မိန်းကလေးသည် သတိကောင်းစွာရနေပြီး ကလေးမလေးကို သတိရအောင်လုပ်နေသည်။ ကျွန်တော်သူတို့အနီးရောက်သွားသည့်အခါ ကလေးမလေးလည်း သတိကောင်းစွာရနေလေပြီ။

"ရော့ . . . ရေသောက်လိုက်ကြဦး"

သူတို့နှစ်ဦးသည် ကျွန်တော်ယူလာပေးသည့်ရေကို အငမ်းမရ သောက်ကြသည်။

"မင်းတို့နှစ်ယောက်လည်း အဏ္ဏဝါဒေဝီနဲ့ လိုက်လာတဲ့ခရီးသည်တွေ မဟုတ်လား"

"ဟုတ်ပါတယ်။ ရှင်လည်း အဲဒီစက်လှေမှာ ပါလာတာပဲလား"

"ဟုတ်တယ်။ စက်လှေက ခရီးသည်တွေအတွက်တော့ စိတ်မကောင်းစရာပဲ"

သူတို့နှစ်ဦးသည် ဒယီးဒယိုင်ဖြင့် မတ်တပ်ထရပ်လိုက်ကြ၏။





အမျိုးသမီးသည် သူမ၏ကိုယ်မလုံမခြုံဖြစ်နေသည်ကို ရှက်သွားပုံရ၏။ မျက်နှာဝင်းဝင်းသည် အနည်းငယ် အနီရောင်သမ်းလာသည်။ အတွင်းပင်တီကလေးနှင့်ဖြစ်နေရှာသော သူမကို ကျွန်တော်ကလည်း မည်သည့်အကူအညီ အကာအကွယ်မှမပေးနိုင်ရှာပါ။

ကျွန်တော်တောင် လုံရုံပဲရှိတာ။ တစ်ခုတော့ရှိပါသည်။ ကျွန်တော်ဝတ်ထားသည့် ရှပ်အင်္ကျီကိုချွတ်ပေးပြီး သူမ၏ခါးမှာ ပတ်ပေးလိုက်ဖို့ပင်ဖြစ်သည်။ ဒါဆိုလျှင် သူမအတွက်ကတော့ အဆင်ပြေသွားမှာဖြစ်ပြီး ကျွန်တော်ကတော့ ရာသီဥတုဒဏ်နှင့် ခြင်ကိုက်ခြင်းဒဏ်ကို ပိုခံရပေလိမ့်မည်။

"လာ . . . တို့တွေ့ထားတဲ့နေရာကို သွားကြရအောင်။ ဟိုမှာ ငှက်ပျောသီးတွေရှိတယ် . . . ရေရှိတယ်"

သူမတို့နှစ်ယောက်စလုံး လမ်းမလျှောက်နိုင်ပါ။ ထို့ကြောင့် ကျွန်တော်က ဘာမပြော ညာမပြောနှင့် ကလေးမလေးကို ကောက်ချီလိုက်ပြီး . . .

"လာ . . . မင်း . . . တို့ကိုတွဲပြီးလျှောက်"

သူမသည် ကျွန်တော့်ကိုရှက်မနေနိုင်တော့ဘဲ ကျွန်တော့်ပခုံးကိုတွဲ၍ လျှောက်လေသည်။ ခဏနေတော့ ကျွန်တော်တွေ့ထားသည့် တောအုပ်ထဲက ကျောက်ဂူသို့ရောက်လာသည်။ ရင့်မှည့်နေသည့် ငှက်ပျောသီးတွေကိုကျွေးသောအခါ သူတို့နှစ်ဦးအားရပါးရ စားလေသည်။ ပင်လယ်ထဲမှာ သုံးလေးရက်လောက် အစာငတ်လာသဖြင့် ကန့်ဘာတွေ ဘာတွေမဆည်နိုင်ကြပါ။

အမျိုးသမီးသည် ငှက်ပျောသီးသုံးလေးလုံးမျှ ဆက်တိုက်ပလုတ်ပလောင်းစားနေရင်းဖြင့် ကျွန်တော့်ကို ပြုံးပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၃)

"ကျွန်မနာမည် မြသဇင်လို့ခေါ်ပါတယ်။ ဟောဒီ ကျွန်မ သမီးလေးနာမည်က ပေါက်ပေါက်လို့ခေါ်တယ်။ ကျွန်မတို့က ကော့သောင်းမှာနေတယ်။ အမျိုးသားကတော့ တာဝန်ကျနေတယ်။ အစိုးရဝန်ထမ်းပါ။ အခု ကျွန်မတို့ မော်လမြိုင်က အမျိုးတွေဆီကနေ ကော့သောင်းကိုပြန်မလို့လုပ်တုန်း မုန်တိုင်းမိတာ။ ဒုက္ခပါပဲနော်။ ကံကောင်းလို့ ကျွန်မတို့ မသေတာ။ ဟောဒီ Life Jarket (အသက်ကယ်အင်္ကျီတွေ ဝယ်လာမိလို့ပေါ့"

ဝါးလုံးတစ်လုံးတွင် ကျွန်တော့်မောင်းချမားကို နွယ်ပင်တွေနှင့် ကပ်ချည်ပြီး အုန်းပင်ခပ်နိမ့်နိမ့်မှ အုန်းသီးတွေခူးရသည်။ အဆင်ပြေပါသည်။ အုန်းသီးခြောက်လုံးလောက်ရသောအခါ ဓားဖြင့်ပင် အုန်းသီးတွေကိုဖောက်ရသည်။ ပြီးတော့ ကျွန်တော်တို့သုံးယောက်စလုံး အုန်းရည်တွေသောက် အုန်းသီးတွေစားကြပါသည်။ ခွန်အားတွေလည်း ပင်လယ်ထဲကထက် အများကြီးပိုပြည့်လာပြီး လူကလည်း လန်းလာ၏။

"ကျွန်မတို့က ဒီကမ်းရိုးတန်းမှာသွားနေကျပဲလေ။ မုန်တိုင်းလည်း မိခဲ့ဖူးပါတယ်။ ဒါပေမယ့် ခုအချိန်လောက် တစ်ခါမှမဆိုးဘူး။ တော်တော့တော်သေးတာပေါ့။ ဟောဒီသမီးလေးနဲ့ ကျွန်မ သတိမလစ်ခင်မှာ လက်ချင်းတွဲထားမိလေလို့။ နောက်ဆို ကျွန်မတို့ နှစ်ယောက် ပင်လယ်ထဲမှာ တကွဲတပြားစီ ဖြစ်သွားနိုင်တယ်"





အမျိုးသမီး၏မျက်နှာကို အသေအချာကြည့်မိသောအခါ သူမက ချောမောလှပလွန်းနေသည်။ ကိုယ်လုံးကိုယ်ထည်ကလည်း လက်ရာမြောက် ပန်းပုရုပ်နှယ်ဖြစ်၏။ သူမ၏ကိုယ်လုံးသို့ ကျွန်တော့်မျက်လုံးရောက်နေမှန်း သူမ ရိပ်မိသွားပြီး ရင်ကိုလက်နှစ်ဘက်ဖြင့် ယှက်လိုက်၏။ ပေါင်တံနှစ်ချောင်းကို မသိမသာကွေးညွတ်၍ ထိုင်၏။

"ဒီကျွန်းမှာ ကျွန်တော်တို့သုံးယောက် ဘယ်လောက်ကြာကြာနေရမလဲ မသိဘူး မြသဇင်။ စက်လှေနစ်တာကို ကယ်မယ့်သူတွေ ဒီကိုရောက်လာဖို့ ဘယ်လောက်စောင့်ရမလဲမသိဘူး။ ကျွန်တော်တို့ အဖို့ သောက်ဖို့ကတော့ မပူရတော့ဘူး။ ဒါပေမယ့် ကျောက်ဂူထဲမှာ ရေရှည်နေဖို့မလွယ်ဘူး။ ပြီးတော့ ညဆို ခြင်ကလည်း အရမ်းကိုက်တယ်"

"ဒီကျွန်းဟာ မြိတ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းပဲဖြစ်ရမယ်။ ကျွန်မတို့ကို ကယ်မယ့်သူတွေရောက်လာနိုင်ပါတယ်။ ဒါနဲ့ ရှင်နာမည်တောင် ကျွန်မ မသိရသေးဘူး"

မြသဇင်ကို ကျွန်တော်ဖျတ်ခနဲကြည့်လိုက်သည်။ ကော့ရွှန်းသော မျက်တောင်တွေကို သတိပြုမိ၏။ သူမက ကျွန်တော့်မျက်နှာကို စူးစမ်းသလို ကြည့်နေသည်။

"ကျွန်တော့်နာမည် စောမြင့်ဟန်ပါ . . . အလုပ်ကတော့ ရန်ကုန် မှာပါ။ ဗိသုကာလုပ်ပါတယ်။ ကော့သောင်းမှာ မေမေ နေမကောင်းဘူးဆိုလို့ သွားမလို့ပါ"

"ဗိသုကာဆိုတော့ Architect ပေါ့နော်။ စက်မှုတက္ကသိုလ်က



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရခဲ့တာလား။ ကျွန်မကတော့ ရန်ကုန်တက္ကသိုလ်က ပထဝီမေဂျာနဲ့ ကျောင်းပြီးခဲ့တာ"

သူမဘွဲ့ရခြင်းအတွက် ကျွန်တော် မအံ့သြမိပါ။ အဘယ် ကြောင့်ဆိုသော် သူမ၏အသွင်အပြင်အပြောအဆိုတို့တွင် ပညာ တတ်တစ်ယောက်၏ အရိပ်လက္ခဏာတို့ကို တွေ့ရ၍ဖြစ်ပါသည်။

"စက်လှေမနစ်ခင်မှာ ကျွန်မတို့သားအမိနှစ်ယောက် မြန် မြန်ခုန်ချမိပေလို့ပေါ့၊ နောက်မို့ဆို စက်လှေနဲ့အတူပါသွားမှာ"

သူမသည် အုန်းသီးဖတ်တွေကို ကျွန်တော်မောင်းချစားနှင့် ကော်စားရင်း ဆက်ပြောပြန်သည်။

"ဒါနဲ့ . . . ဒီကျွန်းပေါ်မှာ လူတစ်ယောက်မှမရှိဘူးဆိုတာ သေချာလား"

"အင်း . . . ကျွန်တော်ရှာကြည့်ပြီးပြီ။ ဘာမှမရှိဘူး"

ကျွန်တော်တို့နှစ်ယောက်စကားပြောနေချိန်တွင် မြသဇင်၏ သမီးကလေးပေါက်ပေါက်က ကျောက်ဂူအနီးကျောက်တုံးများပေါ် မှာ သွားဆော့နေသည်။

"ပေါက်ပေါက် ဘယ်နှစ်တန်းရောက်ပြီလဲဟင်"

"တစ်တန်းပဲရောက်သေးတယ်။ သူ့အသက်က ခြောက်နှစ်ခွဲ ပဲ ရှိသေးတယ်။ ဒါနဲ့ရှင့်မှာ အိမ်ထောင်ရှိလား"

မျက်လုံးချင်းဆုံမိသွားပြန်သည်။ ကျွန်တော်ခေါင်းခါလိုက်မိ သည်။ မြသဇင်အတွက် ထဘီတစ်ထည် (သို့မဟုတ်) ဘောင်းဘီရှည် တစ်ထည်လောက်ရလျှင် ကောင်းမည်ဟုတွေးမိလေသည်။ သူမသာ မဟုတ် ကျွန်တော်လည်း အောက်ခံဘောင်းဘီကလေးတစ်ထည် တည်းနှင့် သူမရှေ့မှာနေရသည်ကို အနေကျုံ့ပါသည်။

ထို့အပြင် မြသဇင်သည် အိမ်ထောင်သည် အမျိုးသမီးဖြစ်ပါ သည်။ သူမ၏အလှအပများကို ကျွန်တော် ခံစားရန်မသင့်ပါ။





ကျွန်တော်ပင့်သက်ရှိုက် လိုက်မိပါသည်။ ယခင်က ဤကျွန်းပေါ်မှာ ကျွန်တော်တစ်ယောက်တည်းမို့ သိပ်ပြဿနာမရှိလှပါ။ ယခုတော့ အားနွဲ့သူမိန်းမသားတွေရောက်လာသည်။ သူတို့နှစ်ယောက်၏ စားဝတ်နေရေးကိုပါ ကျွန်တော်ထည့်၍ စဉ်းစားလာရသည်။

"ကျွန်တော်တို့တဲကလေးတစ်လုံး ဆောက်ဖို့လိုလိမ့်မယ်။ ဂူထဲမှာက အမြဲနေနိုင်မှာမဟုတ်ဘူး။ နောက်ပြီး အနံ့အသက်က လည်း မကောင်းဘူး"

မြသဇင်သည် ပြုံး၏။

"ဗိသုကာပညာရှင်ကြီးက တဲကလေးဆောက်တော့မယ်ပေါ့"

ကျွန်တော်လည်း ပြုံးမိသွားသည်။ သို့သော်လည်း ဘာမှပြန် မပြောဖြစ် တော့ဘဲ သူမကိုကျောခိုင်းပြီး တောအုပ်ကလေးထဲသို့ဝင် ရန် ခြေလှမ်းပြင်လိုက်သည်။ ပြီးတော့ ခြေလှမ်းလေးငါးလှမ်းပဲလှမ်း ရသေးသည်။ ပေါက်ပေါက်၏ အသံကိုကြားရ၏။

"ဦးဦး . . . သမီးလည်းလိုက်ချင်တယ်"

"ဟင့်အင်း သမီး . . . ဦးဦးက ဟိုးတောထဲသွားမှာ။ သမီး လိုက်မရှုပ်နဲ့"

"ဟင့်အင်း . . . သမီးလိုက်ချင်တယ်"

ကျွန်တော် ပြန်လှည့်လိုက်သည်။ ပေါက်ပေါက်သည် ကျွန်တော့် ထံပြေးလာ၏။

"ရပါတယ် . . . ကျွန်တော်သူ့ကိုခေါ်သွားလိုက်မယ်"

"ဒါပဲနော် သမီး . . . တောထဲကျရင် ဦးဦးစကားကို နားထောင်ရမယ် . . . အန္တရာယ်ရှိတဲ့နေရာတွေကို မသွားရဘူး"

"ဟုတ်ကဲ့"

ကျွန်တော် ကလေးပခုံးလေးကိုဖက်ကာ တောထဲဝင်ခဲ့သည်။ ချုံနွယ်ပိတ်ပေါင်းတွေ ရှုပ်ထွေးလွန်းသည့်နေရာတချို့ကို ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မောင်းချရာဖြင့် နှင်းသင်းခွာထွင်ရလေသည်။ ပေါက်ပေါက်ကတော့ ကျွန်တော်နှင့်လိုက်၍ ပျော်ရွှင်မြူးတူးနေသည်။

"ဦးဦး ... ဒီကျွန်းက သိပ်သာယာတာပဲနော် ... သမီးတို့ ဒီကျွန်းပေါ်မှာ ဘယ်လောက်ကြာကြာနေရမှာလဲဟင်"

"သိပ်တော့ကိုလာ"

ယနေ့တစ်ယောက်မှာတွေ့ရသည့် ရင့်မှည့်နေသည့်ငှက်ပျောခိုင်တစ်ခိုင်ကိုခုတ်၍ မြေပြင်မှာအသာချထားလိုက်သည်။ အပြန်မှ ငှက်ပျောခိုင်ကိုယူရမည်။ ကျွန်တော်တို့တတွေ ငှက်ပျောသီးချည်းပဲ စားနေ၍မဖြစ်သေးပါ။ ညနေတျလျှင် ရေစပ်၌ ငါးသွားရှာကြည့်ရဦးမည်။ အရေးမှာ ကျွန်တော့်ခရီးစဉ်၌ မီးခြစ်ပါမလာမိသည့်ကို နောင်တရမိသည်။ အကယ်၍ မီးခြစ်သာပါပါက ငါးကလေး ဘာလေးကင်၍စားနိုင်ပေလိမ့်မည်။

ကျောက်ခေတ်တွင် လူဖြစ်တာမဟုတ်ပဲလျက် ကျွန်တော်တို့သည် ကျောက်ခေတ်သို့ပြန်ရောက်နေကြသည်။ အဝတ်အစားတွေကလည်း မလုံ့တလုံဖြစ်နေကြသည်။ အကယ်၍ မီးမရှိလျှင် နောက်ဆိုအသားတောင်မှ အစိမ်းစားရကိန်းဆိုက်နိုင်သည်။

ပေါက်ပေါက်သည် သစ်ပင်တွေကြားမှာ လိပ်ပြာကလေးတွေ လိုက်ဖမ်းနေ၏။ ကျွန်တော်လည်း လုံးပတ်နှစ်လက်မလောက်ရှိမည့် ဝါးလုံးကိုတွေကို တွေ့သောအခါ ခုတ်ရလေသည်။ မောင်းချစားက သေးလွန်း၊ တိုလွန်းသဖြင့် ခုတ်ရသည်မှာ မတွင်ကျယ်ပါ။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပတ်သက်နေသူမို့ ဆောက်လုပ်ရေးလုပ်ငန်းသုံး လွှတွေ၊ ဆောက်တွေကို တောင့်တမိပါသည်။

နှစ်နာရီလောက်ခုတ်လိုက်သောအခါမှ ဝါးလုံးလေးလုံးလောက်ပဲရသည်။ ထို့ကြောင့် ကျွန်တော်လည်း ပေါက်ပေါက်၏မိခင်စိတ်ပူနေမည်စိုးသဖြင့် ပြန်ရန်ပြင်ရတော့သည်။ ဝါးလုံးတွေကို





အရွက်တွေခုတ်ပစ်လိုက်ပြီး ပခုံးပေါ်ထမ်းတင်လိုက်သည်။ ပေါက်ပေါက်ကတော့ ဆော့ကစား၍ ကောင်းတုန်းပင်ဖြစ်သည်။

"သမီးရေ ... ပေါက်ပေါက် ... ဦးဦးတို့ပြန်ကြရအောင်"

ပေါက်ပေါက်က လိမ္မာပါသည်။ ကျွန်တော့်အနီး ချက်ချင်းရောက်လာ၏။ ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောဖြင့် ကျောက်ဂူဆီပြန်လျှောက်လာကြသည်။

"ပင်လယ်ထဲမှာ စက်လှေနစ်တုန်းက သမီးကြောက်လိုက်တာ ဦးဦးရယ်။ လှိုင်းလုံးကြီးတွေကလည်း အရမ်းကြီးတာပဲ။ အဲဒါနဲ့ မေမေမြကို သမီးက အတင်းပဲဖက်ထားတာ။ နှာခေါင်းတွေ၊ ပါးစပ်တွေထဲလည်း ရေတွေဝင်ကုန်တော့ သမီးက ငိုတာပေါ့။ တော်သေးတာပေါ့နော်။ သမီးတို့တွေ မသေလို့။ အဲဒါသမီးခရီးမထွက်ခင်က ဘုရားရှိခိုးလာလို့ထင်တယ်နော် ဦးဦး"

"အင်းပေါ့သမီးရဲ့ ... သမီးကလိမ္မာသားပဲ ... ဘုရားရှိခိုးရလား"

"ဟုတ်ကဲ့ ... သမီးဆိုပြရမလား ... ဩကာသ ... ဩကာသ ... ဩကာသ ... ကာယကံ ... ဝစီကံ ..."

ပေါက်ပေါက်သည် မပီကလာ ပီကလာဖြင့် ဘုရားရှိခိုးကို ဆိုပြနေသည်။ သူမသည် မည်သည့်အပူအပင်မျှရှိပုံမရပါ။ ကျွန်းပေါ်ရောက်သဖြင့် ပို၍ပင်ပျော်ရွှင်နေပုံရ၏။ ပေါက်ပေါက်၏ ဘုရားရှိခိုးဆိုသံကို နားထောင်ပြီးတော့ ကော့သောင်းမှာရှိသည့် ကျွန်တော့်တူနှစ်ယောက်ကို သတိရလိုက်မိ၏။ ကျွန်တော်တို့နှစ်ယောက်စကားတပြောပြောဖြင့်ပင် ကျွန်တော်ခုတ်ချထားခဲ့သော ငှက်ပျောခိုင် အနီးရောက်လာသည်။

ပခုံးထက်မှာ ဝါးလုံးတွေကို လက်တစ်ဖက်ဖြင့်ထိန်းရင်း ကျန်လက်တစ်ဖက်က ငှက်ပျောခိုင်ကိုဆွဲလာရသည်။ ကျောက်ဂူ



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်သောအခါ မြသဇင်က ကျွန်တော်တို့ကိုမြင်သွားပြီး ကျွန်တော့်လက်ထဲမှ ငှက်ပျောခိုင်ကို လာသယ်၏။

"ငှက်ပျောခိုင်ကလေးတယ် မြသဇင်. . . ရတယ်"

"ဘယ်ဟုတ်မလဲ ကိုစောမြင့် လေးနေပြီ။ ဒါဆို ဝါးလုံးနည်းနည်းပေး"

ဝါးလုံးနှစ်လုံးခွဲပေးလိုက်သည်။ မြသဇင်သည် ဝါးလုံးနှစ်လုံးကို သူမ၏ ပခုံးပေါ်တင်ပြီး ဆွဲရှာ၏။ သူမသည် အရပ် ငါးပေ နှစ်လက်မလောက်တော့ရှိမည်။ ကျွန်တော့်အရပ်က ငါးပေဆယ်လက်မဆိုတော့ ကျွန်တော့်ထက် ရှစ်လက်မလောက်နိမ့်မည်။ သူမ၏ တောင့်တင်းသော ကိုယ်လုံးသို့အကြည့်ရောက်သွားပြန်သည်။

ဒုက္ခပါပဲ။ ကျွန်တော်ကလည်း ပုထုဇဉ်ပင်ဖြစ်သည်။ ပြီးတော့ တနုံးမာသန်စွမ်းသည့်ယောကျာ်း။ မြသဇင်၏ မလုံမလဲ အနွေးကိုယ်မှအကြည့်ကို ကြိုးစားပြီးဖယ်ပစ်ရသည်။ မသင့်တော်ပါ။ ဘယ်လိုမှမသင့်တော်ပါ။ သူ့စတွင် ကာမပိုင်လင်ယောကျာ်းရှိသည်။ ပြီးတော့ သမီးကလေးလည်းရှိသည်။ သူမအတွက် အဝတ်အစား လုံလုံခြုံခြုံရှိစေဖို့ အလွန်ပင်အရေးကြီးနေလေပြီ။

ကျောက်ဂူရှေ့မြေကွက်လပ်မှာပင် တဲကလေးဆောက်ရန် စိတ်ကူးမိပါသည်။ ဤမြေကွက်လပ်ကလေးသည် ကျောက်တောင်ကာထားသဖြင့် လေကွယ်ရာအရပ်ဖြစ်နေပြီး မြေသားလည်းမြင့်ပါသည်။ ထို့ကြောင့် မိုးရွာလျှင် ရေမဝပ်နိုင်ပါ။ ကျွန်တော်တို့သုံးဦးသား ကွက်လပ်မှာပင်ထိုင်လိုက်ကြပြီး ဗိုက်ဆာသဖြင့် ငှက်ပျောသီးတွေကိုဖြုတ်စားမိကြပြန်သည်။ ပြီးတော့ အုန်းရည်သောက်၊ အုန်းသီးစားလုပ်ကြသည်။ ညနေစောင်းသောအခါ မိုးကရွာလာပြန်သည်။

ထို့နောက်မြသဇင်တို့သားအမိကို ကျောက်ဂူထဲမှာနေစေပြီး ကျွန်တော် ငါးရှာရန်ပင်လယ်ဘက်သို့ ထွက်လာခဲ့သည်။ လမ်းမှာ





တွေ့ရသော တုတ်ချောင်း တစ်ချောင်းတွင် ကျွန်တော့်မောင်းချအားတိုကပ်၍ နွယ်ကြိုးဖြင့်ချည်သည်။ ကျွန်တော့်တစ်ကိုယ်လုံး မိုးတွေ ရွှဲစိုနေလေပြီ။ ကမ်းခြေသို့ရောက်သောအခါ မိုးက ပိုသည်းလာသည်။ ပင်လယ်သည် မိုးအရှိန်ဖြင့် မှုန်မှိုင်းနေသည်။ သို့သော် လှိုင်းလေကတော့ မထန်ပါ။

ကျောက်ဆောင် ကျောက်တုံးတွေကြားသို့ ကျွန်တော်ရောက်သွား၏။ မိုးအရှိန်ဖြင့် ငါးရှာ၍မတွေ့ပါ။ သို့သော် စိတ်ရှည်ရှည်ဖြင့် လိုက်ရှာလိုက်သောအခါ ကျောက်ဆောင်တွေကြားမှ ငါးနှစ်ကောင် ရခဲ့သည်။ ငါးတွေကို လက်မှာပိုက်ပြီး ကျောက်ဂူရှိရာသို့ ကျွန်တော် ပြန်လာခဲ့သောအချိန်တွင် မိုးကစဲသွားလေပြီ။

မြသဇင်သည် ကျွန်တော်ပြန်ရောက်လာသောအခါ ဝမ်းသာသွားပုံရ၏။

"ကျွန်မ ရှင့်အတွက် စိတ်တောင်ပူနေတာ။ ဪ . . . ငါးသည်းမိလာတာကိုး . . . ပေး . . . ပေး . . . ငါးတွေကျွန်မကိုပေး"

မြသဇင်သည် ကျွန်တော့်ထံမှငါးတွေယူပြီး မောင်းချအားကိုပါ တောင်းယူပြီး ကျောက်ဂူထဲ၌ပင် ငါးတွေကိုကိုင်နေလေ၏။ ကျောက်ဂူထဲမှာ တဲမဆောက်လုပ်နိုင်ခင် အိပ်၍ရအောင် အနီး ပတ်ဝန်းကျင်က သစ်ရွက်တွေခူးပြီး ကျွန်တော်တို့အတွက် အိပ်ရာပြင်ထားခြင်းသည် အဆင်ပြေပါသည်။ ဘာပဲပြောပြော စွတ်စိုနေသော မြေပြင်တွင်အိပ်ရတာထက်တော့ ပို၍ကောင်းပါလိမ့်မည်။

"မီးခြစ်မပါလာတာ နာတာပဲဗျာ။ မီးခြစ်သာရှိရင် ငါးကင်ကလေးတော့ စားလို့ရမှာ"

"ဟုတ်ပါရဲ့"

မြသဇင်သည် ယခုမှမီးမရှိသည့်အဖြစ်ကို သတိရသွားပြီး စိတ်ပျက်လက်ပျက်ဖြင့် ကိုင်လက်စငါးကိုပစ်ချသည်။ သူ့ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရယ်လိုက်ရာ သူကပါလိုက်ရယ်သည်။ မိုးချုပ်စပြုလာပြီဖြစ်သဖြင့် ဂူအတွင်းမှောင်လာသည်။ ဗိုက်ဆာလာကြသောအခါ ကျွန်တော်တို့ငှက်ပျောသီးတွေစားကြရပြန်သည်။

"ကျွန်တော်တို့လည်း လူစင်စစ်က မျောက်တွေဖြစ်ကုန်ပြီနော်"

"ဟုတ်တယ်ဦးဦး။ သမီးတို့ငှက်ပျောသီးတွေ ဆက်မစားမှ ဖြစ်မယ်။ နောက်မို့ဆို အမြီးတွေထွက်လာလိမ့်မယ်"

ကျွန်တော်နှင့်မြသဇင်သည် ပေါက်ပေါက်ဖေါစကားကြောင့် ရယ်လိုက်ကြသည်။ ထိုအခိုက်မှာပင် ကျွန်တော်တစ်စုံတစ်ခုကို သတိရသွား၏။ ကျွန်တော့်ခရီးဆောင်အိတ်သည် သားရေအိတ်ဖြစ်သည်။ ခရီးဆောင်အိတ်ကိုတစ်လှည့်၊ မြသဇင်ကိုတစ်လှည့် ကျွန်တော်ကြည့်လိုက်မိသည်။ မြသဇင်က ပေါင်တံတွေကိုစေ့လိုက်ပြန်သည်။

"မြသဇင်. . . အဲဒီဓား ကျွန်တော့်ကိုပေး"

သူမက ဘာမသိ၊ ဘာမသိ ကျွန်တော့်ကို မောင်းချဓားလှမ်းပေးပါသည်။ ဓားတွင် ငါးသွေးတွေကပ်နေသဖြင့် အပြင်ထွက်ပြီး ဆေးရသေးသည်။ ဓားမှ သွေးတွေစင်သွားသောအခါ ကျောက်ဂူအတွင်း ပြန်ဝင်၍ ကျွန်တော့်ခရီးဆောင်သားရေအိတ်ကို ဓားဖြင့်လှီးဖြတ်ရသည်။

ဘာပဲပြောပြော ဗိသုကာပညာရှင်တစ်ယောက်၏ စိတ်ရှည်မှုကြောင့် ခရီးဆောင်အိတ်မှသည် သားရေပြားကြီးကြီးတစ်ချပ် အဖြစ်သို့ ပြောင်းလဲသွားသည်။ မြသဇင်သည် ခပ်ဝါးဝါးအလင်းရောင်ဖြင့် ကျွန်တော့်လုပ်ရပ်ကို မျက်ခြည်မပြတ်ကြည့်နေသည်။

"ရော့မြသဇင်. . . ဒီသားရေပြားကို ခါးမှာပတ်လိုက် ပြီးရင် အပေါ်က ဒီခါးပတ်ကိုပတ်လိုက်။ မိန်းမတာဇံဖြစ်သွားလိမ့်မယ်"

ထိုအခါမှ မြသဇင်ကပြုံးသွားသည်။ သူမသည် ဘာမှမပြော





ဘဲ ကျွန်တော်လှမ်းပေးသည်။ သားရေပြားကိုလှမ်းယူသည်။ ပြီးတော့ခေါက်တပ်ထရပ်၍ သူမ၏ခါးတွင်ပတ်သည်။ လှပကျော့ရှင်းသောကိုယ်ခန္ဓာကြောင့် ကျွန်တော်ရင်ဖိုသွားမိသည်။ ထို့ကြောင့် ကမျာသော ကျောခိုင်းလိုက်ရသည်။ ခဏကြာတော့ . . .

"ရပြီ. . . ကိုစောမြင့်ဟန်"

ကျွန်တော်သူမကိုပြန်လှည့်ကြည့်လိုက်မိသည်။ သားရေပြားသည် အနက်ရောင်ဖြစ်ပြီး သူမ၏ခါးမှသည် ပေါင်လယ်လောက်ထိဖောက်နေပြီး ဖြူဝင်းသော အသားအရေနှင့် အလွန်ပင်လိုက်ဖက်နေလေ၏။ သားရေပြားအောက်မှ လှပဖွံ့ဖြိုးသော ပေါင်တံသည်ဆောစောကထက် ပိုမို၍လုံခြုံသွားလေပြီ။

"ကျေးဇူးတင်ပါတယ် ကိုစောမြင့်ဟန် . . . အင်း . . . နောက်ထပ် သားရေပြားတစ်ချပ်ရရင် ကောင်းမယ်နော်"

ကျွန်တော်မျက်မှောင်ကုပ်လိုက်မိသည်။

"ဘာလုပ်ဖို့လဲ"

"ရှင့်အတွက်လေ"

အမှန်အတိုင်းပြောရလျှင် ကျွန်တော်ရှက်သွားမိပါသည်။ မြသဇင်၏ စကားသည်မှန်ပါသည်။ ဆန့်ကျင်ဖက်လိင်မိန်းမသားများရှေ့တွင် ကျွန်တော့်အခြေအနေက အတော်ပင်ဆိုးနေပါလိမ့်မည်။ ခက်တာက ကျွန်တော့်သားရေအိတ်လို နောက်တစ်အိတ်လည်း ဘယ်တာမှရနိုင်တော့မည် မထင်ပါ။ သို့သော် တစ်ခုခုတော့လုပ်ရပေတော့မည်။ မနက်ကျလျှင် သစ်ရွက်ခပ်ကြီးကြီးတွေကို နွယ်ကြိုးနှင့်သီ၍ကျွန်တော့်ခါးပတ်မှာ ပတ်ထားရပေလိမ့်မည်။

"ဒီပုံစံမျိုးနဲ့ ဖက်ရှင်ပြိုင်ပွဲဝင်ပြိုင်လိုက်ရရင် ဆုတွေ ဘာဆုတောင် ချိတ်နိုင်မလားမသိဘူး"

မြသဇင်သည် ကော့သောင်းမှာ နေသည်ဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီသူတစ်ဦးတော့ဖြစ်ပုံရသည်။ ညဥ့်နည်းနည်းနက်လာသောအခါ ပေါက်ပေါက်က အရင်အိပ်ပျော်သွားသည်။ အပြင်ဘက်တွင် လကသာနေသည်။ ခရီးစထွက်သည့်နေ့မှစ၍ မိုးကအဆက်မပြတ်ရွာခဲ့ပြီး ယခုညမှသာ လရောင်ကိုမြင်ရသည်။

အမှောင်ထဲသို့ အပြင်မှလရောင်က ပြန်ဟပ်နေသည်။ မြသဇင်သည် ကလေးကို သူ့ဘေးမှာသိပ်နေသည်။ ကျွန်တော်ကတော့ သူတို့သားအမိနှင့် ခပ်ဝေးဝေးမှာ။ ခြင်တွေ အရမ်းကိုက်လာသောအခါ ထုံးစံအတိုင်းပင် သစ်ကိုင်းတွေ ထွက်ချိုးရပြန်သည်။ ပြီးတော့ မြသဇင်တို့သားအမိကိုခြံပေးရသည်။

မြသဇင် ကျွန်တော့်ကိုကြည့်နေမှန်းသိလိုက်ပါသည်။ သို့သော် သူမထံမှ ဘာစကားသံမှထွက်မလာ။ ကျွန်တော့်အိပ်ရာသို့ ရောက်သောအခါ ပက်လက်လှန်ပြီး သစ်ရွက်တွေကို ကိုယ်ပေါ်မှာ ဖုံးလိုက်မိသည်။ ထိုအခါမှ မြသဇင်၏ အသံကထွက်လာသည်။

"ကိုစောမြင့်ဟန်ကို ကျွန်မကျေးဇူးအရမ်းတင်ပါတယ် . . . အခုလို ကျွန်မတို့ သားအမိကိုစောင့်ရှောက်တာအတွက်ရော . . . နောက်ပြီး ကျွန်မရဲ့အရှက်ကိုပါ ကာကွယ်ပေးတဲ့အတွက်ရောပေါ့ . . . နောက်ပြီး ရှင်ဟာ ကိုယ်ကျင့်တရားလည်း ကောင်းပုံရပါတယ်"

မှောင်ထဲမှာ ကျွန်တော်ပြုံးလိုက်မိသည်။ ကိုယ်ကျင့်တရားကောင်းသူတစ်ဦးဟု သူမဘာကြောင့်ထင်ရလေသနည်း။ သူမတို့ကိုစောင့်ရှောက်ရုံဖြင့် ထိုသို့ထင်မြင်ခြင်း မဖြစ်ထန်ရာ။ သူမကို မစော်ကား၍သာ ထိုသို့ထင်မြင်ခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်တော်သည် သူမ ထင်သလိုပင် တကယ်ပင် ကိုယ်ကျင့်တရားကောင်းသူတစ်ဦးဟုတ်ပါရဲ့လားဟု ကျွန်တော့်ကိုယ်ကျွန်တော် မေးခွန်းထုတ်မိပြန်ပါသည်။

မြသဇင်သည် နုပျိုပါသည်။ ချောမောလှပပါသည်။ ကျွန်တော်





တို့သည် ပတ်ဝန်းကျင်မဲ့သော ကျွန်းကလေးတစ်ကျွန်း၌ ဂူလေးတစ်ခုအတွင်း၀ယ် အိပ်ရာချင်း မနီးမဝေး၌ အိပ်စက်နေကြပါသည်။ လူသည် ဖောက်ပြားတတ်သော သတ္တဝါဖြစ်ပါသည်။

ထိုအချက်ကို ကျွန်တော်မငြင်းလိုပါ။ သို့သော် ကျွန်တော်တို့သည် လူဖြစ်သည်နှင့်အညီ ဆင်ခြင်တုံတရားရှိပါသည်။ ထိုဆင်ခြင်တုံတရားသည်ပင် ကိုယ်ကျင့်တရားဖြစ်ပါလိမ့်မည်။ ထိုခဏ၌ပင် ကျွန်တော်အိပ်ပျော်သွားမိလေတော့သည်။

www.burmeseclassic.com

## ၄

ကျွန်တော်ဆောက်ထားသော တဲကလေးသည် တောထဲတွင်ရှိသောပစ္စည်းတွေနှင့် ဖြစ်သလိုဆောက်ထားခြင်းဖြစ်သော်လည်း သေသပ်လှပမှုကတော့ရှိနေပါသည်။ သစ်ရွက်၊ သစ်ခက်တွေဖြင့် ကာရံ၊ သစ်ရွက်တွေဖြင့် မိုးထားသော်လည်း လေဒဏ်၊ မိုးဒဏ်၊ နေပူရှိန်ဒဏ်တို့ကို ကောင်းစွာခံနိုင်ပါလိမ့်မည်။ မြသဇင်သည် ကျွန်တော့်လက်ရာတဲအိမ်ကလေးကို အံ့သြနေပါသည်။

"အံ့သြစရာပဲ ကိုစောမြင့်ဟန် . . . ဒီလိုကျွန်းပေါ်မှာ ဒီလိုတဲကလေးမျိုးဆောက်နိုင်တာ ချီးကျူးစရာပဲ"

"ညကျရင် ကျွန်တော် အုန်းရည်တိုက်ပါ့မယ် . . . ဒါပေမယ့် ကျွန်တော့်လက်နှတွေက အုန်းသီးတောင် ခွဲနိုင်ပါတော့မလား မသိဘူး"

သည်တဲဆောက်ဖို့ လေးရက်လောက်ဝါးတွေခုတ်ရသည်။ နွယ်ပင်တွေ ခုတ်ရသည်။ ကျွန်တော့်လက်တွေသွေးခြည်တွေစုသည်။ ပြီးတော့ သွေးခြည်ဥတွေပေါက်ထွက်ကုန်သည်။ လက်ဖဝါးပြင်နှစ်ဖက်သည် ဖူးဖူးရောင်နေလေပြီ။ မြသဇင်သည် ကျွန်တော့် လက်





နှစ်ဖက်ကို ဖိုးဖိုးဆတ်ဆတ်ဆွဲယူကြည့်သည်။ ပြီးတော့ သူမ၏မျက်နှာ သိသိသာသာညှိုးကျသွားသည်။

"အို . . . လက်ဖဝါးတွေလည်း ရစရာမရှိအောင် ဖြစ်နေပါလား . . . ဖြစ်မှဖြစ်ရလေ"

"ရပါတယ် . . . မနက်ကျရင် ပင်လယ်ရေသွားစိမ်လိုက်ရင် သက်သာသွားမှာပဲ . . ကဲ . . . ကျွန်တော်တို့အိမ်ပြောင်းကြရအောင်"

သူမ၏မျက်နှာတွင် အပြုံးရိပ်ကလေးပေါ်လာသည်။ နှုတ်ခမ်းထောင့်စွန်းကလေး မသိမသာကွေးသွားသဖြင့် သူမ၏မျက်နှာကို ကျွန်တော်ငေးကြည့်သွားမိသည်။

"သမီးရေ . . . လာ . . . မေမေမြတို့ အိမ်ပြောင်းကြရအောင် . . . ဟောဒီ ဦးဦးဆောက်ထားတဲ့ တဲကလေးကိုပြောင်းကြရအောင်"

ပေါက်ပေါက်ကတော့ ဆော့ကစားနေရာမှာ ကျွန်တော်တို့ဆီပြေးလာသည်။ ရယ်စရာကောင်းပါသည်။ ကျွန်တော်တို့အိမ်ပြောင်းခြင်းသည် တဲပေါ်တက်၍နေလိုက်ခြင်းသာဖြစ်ပါသည်။ တဲအတွင်းတွင် မြသဇင်တို့ သားအမိအတွက်နေရာက တစ်ဖက်ထောင့်တွင်ဖြစ်ပြီး၊ ကျွန်တော့်အတွက်နေရာက ကျန်ထောင့်တွင်ဖြစ်သည်။

သည်ကြားထဲတွင် ဝါးကျည်ထောက်တွေပြုလုပ်၍ စိမ့်ရေတွေကို ခပ်ယူထားလိုက်ခြင်းဖြင့် သောက်ရေပြဿနာကိုဖြေရှင်းပြီးဖြစ်သွားသည်။ ပင်လယ်ပြင်မှရလာခဲ့သော ငါးတွေကိုလည်း ရင်ခွဲပြီးနေပြထားခဲ့ပါသည်။ မိုးမရွာဘဲ နေသာသုံးလေးငါးရက် ဆက်ပူလိုက်လျှင် ထိုငါးခြောက်တွေကိုစား၍ ရနိုင်ပါလိမ့်မည်။

"မိုးမရွာတော့ရင် မီးရဖို့ ကျွန်တော်ကြိုးစားကြည့်ဦးမယ်။ တောထဲမှာလည်း မှိုပင်တစ်ပင်တွေ့ခဲ့တယ်။ အဲဒီလဲမှိုနဲ့ကျောက်တုံးနှစ်ခုပွတ်ပြီး မီးရအောင် ကြိုးစားကြည့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလွယ်တော့ မလွယ်ဘူးနော်။ ဒါပေမယ့် ကျွန်မလည်း ကူညီပါ့မယ်"

ညရောက်သောအခါ လကသာလာပြန်သည်။ ကျွန်တော်တို့သည် တဲအပြင် မြေကွက်လပ်မှာထိုင်၍ စကားပြောနေမိကြသည်။ ပေါက်ပေါက်သည် ကျွန်တော့်ကို ခင်မင်ရင်းနှီးနေလေပြီ။ သူမ မအိပ်ပျော်မီ ကျွန်တော့်ကို ပုံပြောခိုင်းသဖြင့် ပုံပြောပြရသေးသည်။ ပုံပြင်မဆုံးမီမှာပင် ပေါက်ပေါက်က အိပ်ပျော်သွားသည်။

ထို့ကြောင့် ကလေးကိုပွေ့ချီပြီး တဲထဲမှာ သွားသိပ်ရ၏။ မြသဇင်သည် အပြင်မှာ ကျွန်တော်ပြန်ထွက်အလာကို စောင့်နေသည်။

"ကိုစောမြင့်ဟန် အိမ်ကိုမလွမ်းဘူးလားဟင်"

"ကျွန်တော်နေတတ်နေပါပြီ . . . တစ်ခုပဲစိတ်ပူတယ်။ ကော့သောင်းမှာရှိတဲ့ မေမေရဲ့ ကျန်းမာရေးပဲ။ နောက်ပြီး ပင်လယ်ထဲမှာ စက်လှေနစ်တဲ့ သတင်းကြားရင် မေမေတစ်ခုခုဖြစ်သွားမှာ အစိုးရိမ်ဆုံးပဲ"

မြသဇင်ထံမှ သက်ပြင်းချသံကြားရပါသည်။

"မြသဇင်လည်း ပေါက်ပေါက်အဖေကို သတိရမှာပဲနော်"

"ဟုတ်ကဲ့။ အင်း. . . သူတို့ကျွန်မတို့အတွက် ရက်လည်ဆွမ်းသွတ်တောင် သွတ်ပြီးကြတော့မယ် . . . ဒါနဲ့ ကျွန်မတို့ဒီကျွန်းပေါ်ရောက်လာတာ ဘယ်နှရက်လောက်ရှိပြီလဲ"

ဟုတ်ပါရဲ့။ ကျွန်းပေါ်ရောက်နေသည့်နေ့တွေကို မှတ်ထားဖို့ လိုသည်။ ထို့ကြောင့် ကျွန်တော်တဖြည်းဖြည်း ပြန်စဉ်းစားရသည်။

"အင်း . . . ဒီနေ့ဆို ရှစ်ရက်မြောက်နေ့ပဲ။ မနက်ကျရင် ကျောက်စရစ်ခဲလေးတွေကောက်ပြီး ဝါးကျည်တောက်ထဲ ထည့်ထားရမယ်။ ရက်တွေကြာလာရင် မှတ်မိမှာမဟုတ်ဘူး။ တဲတလေး





ဆောက်ပြီးသွားတော့ ကျွန်တော်တို့ ကမ်း ခြေကိုပို့ပြီးဆင်းရမယ်။ သင်္ဘောတစ်စီးစီးဖြစ်ဖြစ်၊ စက်လှေတစ်စီးစီးဖြစ်ဖြစ် တွေ့လိုတွေ့ငြား ပေါ့။ ဒါမှမဟုတ်လည်း ကျွန်တော်တို့အတွက် အသုံးဝင်မယ့် ပစ္စည်း တချို့ ရလိုရငြားပေါ့"

"အခုအချိန်မှာ ရှင်သိပ်လိုချင်တဲ့ပစ္စည်းတွေဟာ ဘာတွေလဲ"

"အဓိက,ကတော့ ကျွန်တော်တို့အတွက် အဝတ်အစားပဲ။ ကျွန်တော်တို့မှာ ကိုဒါဝတ်၊ မဒါဝတ်တွေဖြစ်နေပြီ။ နောက်ပြီး မီးခြစ်ဖြစ်ဖြစ်၊ မာတ်ဆီ ဖြစ်ဖြစ်လိုချင်တယ်။ နောက်တစ်ခုက ရဲဒင်းတစ်လက်လောက် လိုချင်တယ်"

သူမသည် အံ့သြသွားလေသည်။ သူမနှင့် ကျွန်တော်သည် တစ်တောင်လောက်ပဲခြား၍ထိုင်နေသည်မို့ သူမ၏ကိုယ်သင်းနံ့ကို ဝင်ရနေသည်။ မည်သည့် ပကာသနအခြယ်အသမှုမပါသည့် မိန်းမ တစ်ယောက်၏ ပကတိကိုယ်သင်းနံ့၊ နေ့လယ်က တဲအိမ် ကျွန်တော် ဆောက်နေခိုက်တွင် သူမတို့သားအမိသည် ပင်လယ်ကမ်းခြေ၌ ရေသွားချိုးခဲ့ကြသည်။

သူတို့သားအမိပြန်လာသည့်အခါ နှစ်ယောက်စလုံးခေါင်းမှာ ရေတွေစိုနေသည်။ သူတို့ကိုရေချိုဖြင့် ပြန်၍ရေချိုးခိုင်းရသေး၏။

"မောင်းချအားရှိနေပြီပဲ . . . ရဲဒင်းက ဘာလုပ်ဖို့လဲ"

"မောင်းချအားထက် ရဲဒင်းက ပိုပြီးတွင်ကျယ်တာပေါ့ . . . ဒါနဲ့ မြသဇင် အသက်လယ်လောက်ရှိပြီလဲဟင်"

"နှစ်ဆယ့်ခွန် . . . ကိုစောမြင့်ဟန်ကရော. . ."

"ကျွန်တော်က နှစ်ဆယ့်ရှစ်"

ကျွန်တော်တို့နှုတ်ဆိတ်သွားမိကြသည်။ ကောင်းကင်တွင် လဝန်းက ရွှန်းမြနေသည်။ ကြယ်ကလေးတွေက ဟိုဒီပြန့်ကျဲကာ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေလေသည်။ လေက ခပ်မြူးမြူးကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘိုက်တော်နေသဖြင့် သည်ည ခြင်သိပ်မကိုက်ပါ။ ကျွန်တော်တို့နှစ်ဦး သည် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေပါသည်။

ကျွန်တော်ကတော့ ထိုကျွန်းပေါ်မှ မြန်မြန်သွားချင်လှပြီ။ ရန်ကုန်မှာရှိသောအလုပ်ကိုလည်း နောက်ဆံငင်နေသည်။ ပြီးတော့ မေမေ့အခြေအနေကိုလည်း သိချင်လှသည်။ ကျွန်တော်မြသဇင်ကို ကြည့်လိုက်ရာ မြသဇင်က ငူငူငေါင်ငေါင်ကလေးထိုင်နေသည်။ ခြေနှစ်ဖက်ကိုကွေးပြီး ခြေသလုံးတွေကို လက်ဖြင့်သိုင်းဖက်ရင်း တောအုပ်ဘက်ကိုငေးနေသည်။

သူမ ဘာကိုတွေးနေသနည်း။ သူမ၏ ခင်ပွန်းသည် အကြောင်းဝင်ဖြစ်မည်လား။ မြသဇင်၏ခင်ပွန်းသည် မည်သို့သော လူစားမျိုးဖြစ်သနည်း။ သူတစ်ပါး၏အကြောင်းထဲသို့ ဝင်ရောက် စဉ်းစားမိသောကြောင့် ကျွန်တော်ရှက်သွားမိလေသည်။ မြသဇင်၏ခင်ပွန်းသည် ဘယ်လိုလူစားမျိုးဖြစ်ဖြစ် ကျွန်တော်နှင့် ဘာဆိုင်သနည်း။

ကျွန်တော်က ကျွန်တော်၏ဘဝ၊ သူမက သူမ၏ဘဝ။ ညဉ့်ကတဖြည်းဖြည်းနက်လာသည်။

"ညဉ့်နက်နေပြီမြသဇင် . . . ကျွန်တော်တို့အိပ်ကြရအောင်"

သူမကခေါင်းညိတ်လိုက်ပြီး ကျွန်တော်နှင့်အတူ မတ်တပ်ထရပ်သည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် တဲထဲဝင်ခဲ့ကြသည်။ အပြင်မှ လရောင်ဖြင့် တဲအတွင်းတွင် မှုန်ပြပြလင်းနေ၏။ မြသဇင်သည် ပေါက်ပေါက်ဘေးမှာ ဝင်လှဲလိုက်သည်။ ကျွန်တော်လည်း ကျွန်တော့်အိပ်ရာမှာ ဝင်လှဲလိုက်သည်။ ရုတ်တရက်အိပ်မပျော်။ ထိုအခိုက်မှာပင် မြသဇင်၏အသံက ထွက်လာပြန်သည်။

"ကိုစောမြင့်ဟန်"

"ဗျာ. . . ဘာလဲမြသဇင် . . . ဘာလိုချင်လို့လဲ"

"အိပ်နေပြီလား"





"အိပ်မရဘူး . . . မျက်စိကြောင်နေတယ်"

"ကျွန်မလည်း အဲဒီလိုပဲ"

တဲအတွင်း တိတ်သွားပြန်သည်။ ကျွန်တော်သူမတို့ မိသားစုအတ်လှည့်လိုက်သည်။ မြသဇင်သည် ပက်လက်လှန်အိပ်လျက်ရှိပြီး ခြေထောက်တစ်ဖက် ကိုထောင်၍ အိပ်နေသဖြင့် ဖွေးဥနေသော ပေါင်တံကိုမြင်ရ၏။ ကျွန်တော် သက်ပြင်းတစ်ချက်ကို ကြိတ်၍ချလိုက်မိပါသည်။

"ကိုစောမြင့်ဟန်ရဲ့ ချစ်သူက ဘယ်မှာလဲဟင်"

"ကျွန်တော့်မှာ ဘာချစ်သူမှမရှိခဲ့ဖူးပါဘူး"

"ဟင် . . . တကယ် . . တက္ကသိုလ်မှာတုန်းကရော မတွေ့ခဲ့ဘူးလား"

ကျွန်တော်ရယ်လိုက်မိသည်။

"တက္ကသိုလ်မှာလည်း စာပဲကြိုးစားခဲ့တာဗျ။ ရည်းစားထားနိုင်အောင် မရခဲ့ပါဘူး"

"ဒါပေမယ့် ကိုစောမြင့်ဟန်ကို ကြိုက်တဲ့သူတွေတော့ ရှိမှာပေါ့"

"ရှိမယ်မထင်ပါဘူးဗျာ . . . ကျွန်တော်က ချို့ချို့တဲ့တဲ့နဲ့ တက္ကသိုလ်ပညာကိုသင်ရတာ။ ကျွန်တော့်လိုကောင်မျိုးကို ဘယ်သူက စိတ်ဝင်စားမှာလဲ"

စကားစပြတ်သွားလေသည်။ မြသဇင်ထံမှ ဘာသံမျှထွက်မလာတော့။ မြသဇင်အိပ်ပျော်သွားပုံရ၏။ ကျွန်တော်လည်း အိပ်ပျော်သွားသည်။ နံနက်ခပ်စောစောတွင် ကျွန်တော်ပြန်နိုးလာသည်။ မြသဇင်က သူ့သမီးကလေးကိုဖက်၍ အိပ်မောကျနေ၏။

ကျွန်တော်ကမ်းခြေသို့ထွက်ခဲ့သည်။ ကမ်းခြေရောက်သောအခါ မိုးက ခပ်ဖွဲဖွဲရွာလာသည်။ လှိုင်းအပုတ်တွင် ကမ်းခြေတစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှာ၍ အလောင်းတစ်လောင်း တွေ့ရသည်။ ပုပ်စော်တွေပင် နံနေလေပြီ။ ထိုအလောင်းကို မြသဇင်တို့သားအမိတွေ့လျှင် ကြောက်ရွံ့ထိတ်လန့်မည်စိုးသဖြင့် ကမ်းခြေမှသဲမြေတွင်ပင် မြေမြှုပ်လိုက်သည်။

လောကကြီးအသီးသောက်၏ ရုပ်ပျက်နေပြီဖြစ်သော အလောင်း။ ဤအလောင်းသည် စက်လှေပေါ်၌ပါလာသူပင်ဖြစ်ရမည်။ ကျွန်တော်နှင့်တစ်ခရီးတည်းသွားလာခဲ့သူသည် ရေပြင်၌ သေဆုံးခဲ့လေပြီ။ ကျယ်ပြန့်သော ပင်လယ်ပြင်ကြီးကို ကျွန်တော်မျှော်ငေးနေမိလေသည်။

တနင်္သာရီကမ်းမြောင်ဒေသနှင့် ဤကျွန်းသည် မည်မျှကွာဝေးပါသနည်း။ ဤကျွန်းသည် မြန်မာပြည်မြေပုံ၌ ပါဝင်ပါမည်လား။ သေးငယ်သောကျွန်းဖြစ်၍ အမည်ပင်ရှိပါမည်လား။ ပင်လယ်ကိုဖောင်ဖြင့် ဖြတ်ရလျှင် ကောင်းလေစွဟုစဉ်းစားမိသည်။ ဗိသုကာပညာရှင်တစ်ဦးဖြစ်သော်လည်း ကျွန်တော့်မှာ ပစ္စည်းကိရိယာတွေကဘာမှမရှိ။

ရန်ကုန်လိုနေရာမျိုးမှာသာ ပင်လယ်ဖြတ်ရန် ဖောင်ကိုဒီဇိုင်းလာဆွဲခိုင်း၊ လာတည်ဆောက်ခိုင်းပါက ညွှန်နေအောင်ရေးဆွဲတည်ဆောက်နိုင်မည်ဖြစ်သော်လည်း ယခုလိုကျွန်းသေးသေးလေးမှာတော့ ကျွန်တော်လက်မှိုင်ချရတော့ မည့်ကိန်းဖြစ်သည်။ ခက်တာကကျွန်တော့်မှာရှိသော မောင်းချဓားကလေးနှင့် ဘာမျှအသုံးချ၍ မရနိုင်ပါ။ သစ်လုံးတွေ သစ်ပင်တွေကို သည်ဓားကလေးနှင့် သွားဖြတ်လျှင် သစ်လုံးတစ်လုံးရဖို့အရေး လနှင့်ချီ၍ကြာပါလိမ့်မည်။

ကျွန်တော်သက်ပြင်းချလိုက်သည်။ ပင်လယ်ပြင်တွင် သွားလာနေကြမည့် သင်္ဘောတွေကို တွေ့လိုတွေ့ငြား မျှော်မှန်းမိသည်။ သို့သော် ဘာကိုမျှ မတွေ့ရပါ။ နေ့စဉ်ပင် ပင်လယ်ပြင်သို့ထွက်၍ မျှော်ရပေမည်။ ကျွန်တော်တို့၏ မျှော်လင့်ချက်သည် ဤကျွန်းအနီးမှ





ဖြတ်သွားသော စက်လှေ သို့မဟုတ် သင်္ဘောတို့ပင်ဖြစ်ပါသည်။

ရှေ့သို့ဆက်လျှောက်ခဲ့သည်။ ကမ်းခြေတစ်နေရာတွင် တင်နေသော ထင်ရှူးသေတ္တာဆီသို့ ပြေးသွားလိုက်မိသည်။ ထင်းရှူးသေတ္တာကို သော့ခတ်ထားသဖြင့် သေတ္တာကိုကုန်းပေါ်သို့ ကျွန်တော်ဆွဲတင်လိုက်သည်။ ပြီးတော့ ကျောက်တုံးတစ်တုံးရှာပြီး သော့ကိုရိုက်ဖွင့်လိုက်သည်။

သေတ္တာထဲမှာပစ္စည်းတွေက ရေတွေစိုလျက် သံချေးတွေပင် တက်နေလေပြီ။ ပလတ်စတစ်ဖြင့် ထုပ်ထားသောပစ္စည်းတွေကိုဖွင့်ကြည့်လိုက်သည့်အခါ ဓားမတစ်ချောင်းကိုတွေ့ရသဖြင့် အလွန်ပင် ဝမ်းသာသွားမိသည်။ ပြီးတော့ ဒန်အိုး ဒန်ခွက်အချို့တွေ့ရသည်။ ပြီးတော့ ပုလင်းတစ်လုံးတွေ့သဖြင့် ဖွင့်ကြည့်ရာဓာတ်ဆီတွေဖြစ်နေသည်။ တခြားပစ္စည်းတွေကတော့ သိပ်စိတ်ဝင်စားစရာမရှိပါ။

သံဘူးအချို့၊ ပလတ်စတစ်ဘူးအချို့၊ အရေးထဲ ချိန်ခွင်တစ်ခုက ထွက်လာသဖြင့် ကျွန်တော်ရယ်လိုက်မိသည်။ စာအုပ်တွေကတော့ ရေတွေစိုပြီး ရိုနေသည်။ ဘယ်လိုမှဖတ်၍မရတော့။ ထင်းရှူးသေတ္တာသည် ကျွန်တော်တို့အတွက် ထိုင်စရာထုံတစ်ခုံဖြစ်နိုင်သဖြင့် ကုန်းပေါ်သို့ ဆွဲတင်လာခဲ့သည်။

ပြီးတော့ ဓားမ၊ ဒန်အိုး ဒန်ခွက်တွေနှင့် ဓာတ်ဆီပုလင်းတို့ယူကာ ကျွန်တော်ပြန်လာခဲ့သည်။ မြသဇင်တို့သားအမိက မနိုးကြသေးပါ။ သို့သော် ဒန်အိုး၊ ဒန်ခွက်တွေ တဲရှေ့မှာချလိုက်သော အသံကြောင့် မြသဇင်ကနိုးလာပြီး တဲထဲမှထွက်လာသည်။ ကျောလယ်လောက်ရှိမည့်ဆံပင်သည် ကပိုကရိုဖြစ်နေပြီး မျက်နှာသည် အိပ်ရေးဝသဖြင့် ဖူးဖူးကလေးဖြစ်နေ၏။

မျက်နှာမသစ်မီ ပကတိအလှ၊ အခြယ်အသအမွမ်းအမံတို့ကင်းစင်နေသည့်အလှ၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



သူနေရာနှင့်သူ ကျက်သရေရှိစွာ သူမသည် ကျွန်တော့်အနီးသို့ ရောက်လာ၏။

"ဟယ် . . . ဒန်အိုးဒန်ခွက်တွေပါလား . . . ဘယ်ကရလာတာလဲဟင်"

"ကမ်းခြေကို ထင်ရှူးသေတ္တာတစ်လုံးလာတင်နေလို့ ဖွင့်ကြည့်လိုက်တော့ ဒါတွေတွေ့တာနဲ့ ယူလာတာ"

"ဒါဆို ကျွန်မတို့ထမင်းချက်စားကြတော့မှာပေါ့နော်"

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ရယ်လိုက်မိကြသည်။ ကျွန်တော်တို့တတွေ ထမင်းမစားကြရသည်မှာ ဆယ်ရက်၊ ဆယ်ငါးရက်လောက်ရှိတော့မည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်လည်း ထမင်းကို အလွန်ပင် တောင့်တနေမိပါသည်။

"ထမင်းမဟုတ်ရင်တောင်မှ တစ်ခုခုတော့ ဒီနေ့ချက်စားနိုင်အောင် ကြိုးစားရမှာပေါ့ . . . ဒါနဲ့ ပေါက်ပေါက်မနိုးသေးဘူးလား . . နှိုးလိုက်တော့လေ . . . မနက်စာစားကြရအောင်"

"ဟုတ်လား . . မနက်စာစားကြတော့မှာလား။ ဒါဆို ကျွန်မသမီးကို သွားနှိုးလိုက်တော့မယ်နော် . . . ဟမ်ဘာဂါရယ် . . . ကြက်ဥကြော်ရယ် . . . ကော်ဖီရယ် စားကြမှာပေါ့နော်"

"ဟုတ်တယ် . . . အုန်းသီးဟမ်ဘာဂါရယ် . . . ကြက်ဥ ငှက်ပျောသီးရယ် . . . ကော်ဖီအုန်းရည်ရယ်"

မြသဇင်သည် ကြည်လင်စွာပြုံး၍ တဲထဲဝင်သွားပြီး ပေါက်ပေါက်ကို သွားနှိုးလေသည်။ ပေါက်ပေါက်နိုးလာသောအခါ မျက်နှာသစ်သွားတိုက်လုပ်သည်။ ကျွန်တော့်သွားပွတ်တံနှင့် သွားတိုက်ဆေးကို သုံးယောက်တစ်လှည့်စီ သုံးကြခြင်းဖြစ်သည့်အတွက် သွားတိုက်ဆေးလည်းကုန်ခါနီးလေပြီ။ ကျွန်တော်တို့သုံးဦး၏ နံနက်စာကတော့





ထုံးစံအတိုင်းပါပဲ။ ငှက်ပျောသီး၊ အုန်းသီးနှင့် အုန်းရည်တို့ပင်ဖြစ်သည်။ နံနက်စာစားပြီးသော် မီးရဖို့ ကျွန်တော်စတင်၍ ကြိုးစားမိတော့သည်။ လဲမှိုခက်ခြောက်တွေကိုခွဲ၍ မှိုကိုဓာတ်ဆီဆွတ်သည်။ ပြီးတော့ ကျောက်ခဲနှစ်ခုကြားမှာ လဲမှိုကိုထား၍ ကျောက်ခဲတွေကိုခပ်သည်။

ဓာတ်ဆီသာမပါလျှင် အလွန်ပင်မီးတောက်ဖို့ ခက်ခဲမည့်ကိစ္စ ဖြစ်သော်လည်း ဓာတ်ဆီကူသဖြင့် သိပ်ကြိုးကြိုးစားစားမခပ်လိုက်ရပါ။ မီးက တောက်လာ၏။ မြသဇင်နှင့်ပေါက်ပေါက်က သစ်ကိုင်းခြောက်အတိုအထွာကလေးတွေ ကောက်လာပေးသဖြင့် မီးအရှိန်ကို ဆက်ထိန်းထားလိုက်နိုင်သည်။

နောက်ဆုံးတော့ မီးပုံတစ်ပုံကို အောင်မြင်စွာဖိုလိုက်နိုင်၏။ မီးရသောအခါ ကျွန်တော်တို့အူမြူးသွားပြီး လှန်းထားသောငါးခြောက်တွေကို မီးပုံပေါ်မှာကင်ကြသည်။ မွှေးလာသောငါးခြောက်ကင်နံ့ကြောင့် ကျွန်တော်တို့ ဣန္ဒြေပင်မဆည်နိုင်ကြ။ ပြီးတော့ ငါးခြောက်ကင်ကိုကျက်အောင်ပင် မစောင့်နိုင်ကြတော့ဘဲ ဝိုင်းစားလိုက်ကြတော့သည်။

အလွန်ပင်အရသာရှိသည့် နတ်သုဒ္ဓါ။ ကျွန်တော် ပြုံးလိုက်သည်ကို မြသဇင်က တွေ့သွား၏။

"ဘာပြုံးတာလဲ ကိုစောမြင့်ဟန်"

"အမှန်က ကျွန်တော်က ငါးခြောက်မကြိုက်ဘူးဗျ . . . ဒါပေမယ့် ဒီနေ့စားရတဲ့ငါးခြောက်ဟာ ကျွန်တော့်ဘဝမှာ အကောင်းဆုံး အစားအစာပဲ . . အင်း . . ငါးအစိုကို ကင်စားရလျှင် ပိုကောင်းမယ် . . . ခဏနေရင် ကျွန်တော် ငါးသွားရှာလိုက်ဦးမယ်။ မြသဇင်တို့သားအမိလည်း ပင်လယ်ဘက်ကို သတိနဲ့ကြည့်ပေးဦးနော် . . . ခက်လှေတွေလာတာတွေ့ရင်လည်းပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒါတော့စိတ်ချကိုစောမြင့်ဟန် . . . တစ်နေ့တင်နေ့ ကျွန်မတို့မှာဘာအလုပ်ရှိတာမှတ်လို့ . . နောက်ပြီး မျှော်လင့်ရာကလည်း ဒီတစ်ခုတည်းရှိတာကိုး"

"ကျွန်တော်ခါးမကိုရခဲ့တာ သိပ်ကံကောင်းတယ်ဗျာ . . . ကျွန်တော့်စိတ်ထင်တော့ ဒီခါးမနဲ့ဖောင်လုပ်ဖို့ ဘာမှမခက်တော့ဘူး"

မြသဇင်သည် မျက်လုံးဝိုင်းသွား၏။

"ဟင် . . . ဒီမိုးရာသီမှာ ပင်လယ်ကိုဖောင်နဲ့ဖြတ်မလို့လား"

"အင်း . . . မိုးတွင်းက နောက်နှစ်လလောက်လိုသေးတယ်။ ကျွန်တော်တို့ လုပ်မှာကိုင်မှာနဲ့ဆို မိုးအကုန်လောက်မှဖြစ်ပါလိမ့်မယ်"

"ပင်လယ်ကြီးက ကျယ်တော့ကျယ်တယ်နော်။ နောက်ပြီး ကျွန်မတို့မှာ သံလိုက်အိမ်မြှောင်တွေ ဘာတွေလည်းရှိတာမဟုတ်ဘူး"

ကျွန်တော် မြသဇင်ကို ဘာမျှပြန်မပြောတော့ဘဲ မြေပြင်တွင် မောင်းချခါးဖြင့် မြန်မာပြည်မြေပုံဆွဲလိုက်သည်။ ပြီးတော့ မြိတ်ကျွန်းစုရှိမည့်နေရာကို စက်ဝိုင်းဝိုင်းလိုက်သည်။

"မြသဇင်က ပထဝီမေဂျာနဲ့ ကျောင်းပြီးတာဆိုတော့ မြန်မာပြည်မြေပုံဆွဲတဲ့နေရာမှာတော့ ကျွန်တော့်ပုံကို နည်းနည်းတော့သည်းခံပြီးကြည့်ဗျာ။ ဟောဒီနေရာမှာ မြိတ်ကျွန်းစုတွေ။ မြေပုံအရဆိုရင် ကျွန်တော်တို့ဟာ အရှေ့စူးစူးကိုသွားရင် တနင်္သာရီကမ်းရိုးတန်းကိုရောက်ဖို့ သေချာသလောက်ပဲ။ နောက်ပြီး ကျွန်တော့်စိတ်ထင်တော့ ဒီကျွန်းနဲ့ ကမ်းရိုးတန်း မိုင် (၁၀၀) တော့ မဝေးနိုင်ပါဘူး"

"အဲဒါကို ကျွန်မလက်ခံပါတယ် . . . ဒါပေမယ့် ရှင်ရော၊ ကျွန်မရော ပင်လယ်ထဲကိုသွားဖို့ ဘာအတွေ့အကြုံမှမရှိဘူး . . . ဖြစ်ပါ့မလား"

"လွယ်တော့ မလွယ်ဘူးပေါ့ မြသဇင် . . . ဒါပေမယ့် လာမယ့်သူမရှိတဲ့ ဒီကျွန်းကြီးပေါ်မှာ ကျွန်တော်တို့ဒီအတိုင်းမနေနိုင်ဘူး . . . ပေါက်ပေါက်ဆိုရင် ကျောင်းမတက်ရတော့ဘူး . . . မြသဇင်ရဲ့ခင်ပွန်းလည်း ဘယ်လောက်စိတ်ပူနေလိုက်မလဲ"





သူမသည် ခေါင်းကလေး မသိမသာငုံ့သွား၏။

"ဟင် . . ဦးဦးက ပင်လယ်ကိုဖောင်နဲ့ဖြတ်မလို့လား . . သိပ် ပျော်စရာကောင်းမှာပဲနော် . . သမီးလည်းလိုက်မယ် . . သမီးတို့ကိုလည်းခေါ်နော်"

"အောင်မယ် . . . စက်လှေနစ်ပြီး ရေထဲမှာရောက်နေတုန်းက သမီးပဲ ပင်လယ်ကိုအရမ်းကြောက်တယ်ဆို"

"မဟုတ်ဘူးလေ မေမေမြရဲ့ . . . ဦးဦးက သမီးတို့ကို ကာကွယ်ပေးမှာပဲဥစ္စာ . . . ဦးဦးသာပါရင် ဘာမှကြောက်စရာ မလိုတော့ဘူး"

သူတို့သားအမိစကားပြောနေသည်ကို ကျွန်တော်ပြုံးကြည့်နေမိသည်။ ပေါက်ပေါက်သည် စားသောက်ပြီးစီးသွားသောအခါ ကျွန်တော့်အနီးရောက်လာ၏။ ပြီးတော့ ကျွန်တော်ဘေးမှာ ထိုင်ချသည်။

"ဦးဦးနဲ့သမီး ရေသွားကူးရအောင်"

"ပေါက်ပေါက် ဦးဦးကိုဒုက္ခသွားမပေးနဲ့လေ . . . ဦးဦးမှာ လုပ်စရာအလုပ် တွေရှိနေတယ်"

"ရပါတယ်မြသဇင် . . . ကျွန်တော်ပေါက်ပေါက်နဲ့ ရေခဏကူးလိုက်မယ် . . . မြသဇင် ပေါက်ပေါက်အတွက် စိတ်ချပါ"

ပေါက်ပေါက်သည် ကျွန်တော်နှင့်ရေကူးရမည်ဆိုသဖြင့် ပျော်ရွှင်နေလေ၏။ ကျွန်တော်အင်္ကျီချွတ်ပစ်လိုက်ပြီး ပေါက်ပေါက်လက်ကိုဆွဲကာ ပင်လယ်ဘက်သို့ပြေးထွက်ခဲ့သည်။ မြသဇင်သည် ကျွန်တော်တို့နှစ်ယောက်ကို ပြုံး၍ကြည့်နေသည်။ သူမ၏မျက်လုံး၌ တစ်စုံတစ်ခုသော ခံစားမှုကိုတွေ့ရသည်။ သို့သော် ကျွန်တော် အဓိပ္ပာယ်မဖော်တတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



## (၅)

တဲအတွင်း ငါးတွေဆွဲပြီးဝင်လာသည့် ကျွန်တော့်ကို ပေါက်ပေါက်က အရင်တွေ့သွား၏။ သူမသည် ကျွန်တော့်အသွင်သဏ္ဌာန်ကြောင့် အံ့သြသွားပုံရ၏။

"ဟင်. . . ဦးဦးက လူရိုင်းတွေလိုဝတ်လာတယ် ဟုတ်လား . . . မေမေမြရေ. . . ဒီမှာ ဦးဦးကိုကြည့်ပါဦး"

မြသဇင်သည် ကျွနတော့်ကိုပြူးတူးပြဲတဲထကြည့်ပြီး ရယ်လေသည်။ အမှန်ကတော့ ယခုလိုလုပ်ထားလျှင် ကျွန်တော်ယဉ်ယဉ်ကလေးနှင့် (သို့) ခပ်ကြမ်းကြမ်းရူးသွားပြီဟု ထင်ကြပေလိမ့်မည်။ သို့သော် ယခုလိုအခြေအနေမျိုး၌ ဤအဆင်အပြင်သည်သာအကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်ပေလိမ့်မည်၊ ကျွန်တော့်ကိုယ် အောက်ပိုင်းတွင် သစ်ရွက်တွေကိုသီ၍ပတ်ထားခြင်းဖြစ်သဖြင့် အရင်ကထက်ပို၍ လုံခြုံသွားပါသည်။

မြသဇင်သည် ကျွန်တော့်ကိုကြည့်၍ အရယ်တော်တော်နှင့်မရပ်။ သူမ ရယ်လေ၊ ကျွန်တော်ရှက်လေဖြစ်ပြီး မနေတတ်၊ မထိုင်တတ် ဖြစ်လေသည်။





"ဘာဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ မြသဇင်"

"ရယ်စရာကောင်းလို့ ရယ်တာပေါ့"

ပေါက်ပေါက်သည် ကျွန်တော့်ဆီသို့ပြေးချလာသည်။ သူမကို ကျွန်တော်ချီလိုက်သည်။ သူမကတော့ ကျွန်တော်ရယ်စရာလုပ်လာသည်ဟုပင် ထင်နေသည်။

"ဦးဦးက တကယ့်လူရိုင်းနဲ့တူတယ် . . . မုတ်ဆိတ်မွေးတွေ၊ ငါးသိုင်းမွေးတွေကလည်း အရမ်းရှည်နေပြီ"

"ဟုတ်ပါရဲ့ . . . ရှင်လည်း တကယ့်လူရိုင်းရုပ်ထွက်နေပြီ။ အင်းလေ. . . ဒီကျွန်းမှာ ဆံပင်ညှပ်ဆိုင်မှမရှိဘဲ"

ကျွန်တော်ရယ်လိုက်သောအခါ မြသဇင်ကပါ လိုက်ရယ်၏။ ကျွန်တော် တို့နှစ်ယောက် ငါးတွေကိုတုတ်ထိုး၍ မီးကင်ကြသည်။ ထမင်းကိုတောင့်တမိသော်လည်း ငှက်ပျောသီးကိုချည်းပဲ စားခဲ့နေရသည့် ဘဝထက်အများကြီးသာပါသည်။ တစ်ခုပဲပြောစရာရှိပါသည်။ ငါးတင်သည် ဆားမပါသဖြင့် ပေါ့ရွှတ်ရွှတ်ဖြစ်နေသည်။ သည်အ ချက်ကို မြသဇင်ကလည်းသိပါသည်။

"နောက်ရက်တွေမှာ ကျွန်တော်ဆားချက်ပေးမယ် . . . အဲဒီလို ဆိုရင် ဒီထက်ပိုစားလို့ကောင်းမှာ"

"ပင်လယ်ရေကို နေလှန်းမလို့လားဟင်"

"ဘယ်ကလာ။ ကျွန်တော်တို့မှာ မီးရှိနေပြီပဲ။ ပင်လယ်ရေကို မီးနဲ့ အပူပေးလိုက်ရင် ပိုမြန်တာပေါ့ . . ဒန်အိုးတွေလည်းရှိနေပြီပဲ"

မြသဇင်ပြုံး၏။

"ကျွန်မတို့သားအမိ အရမ်းကံကောင်းပါတယ်။ Life Jarket အင်္ကျီဝတ်လာမိတာရော၊ ပင်လယ်ထဲမှာမသေဘဲ ဒီကျွန်း ပေါ်ရောက်လာတာရော။ ပြီးတော့ ရှင့်လိုလူမျိုးနဲ့ လာဆုံတာအတွက်ရော။ တကယ်လို့များ အခုလိုနေရာမျိုးမှာ ရှင်မဟုတ်ဘဲ တခြားလူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သာဆိုရင် ကျွန်မလည်း အစော်ကားခံချင်ခံနေရမှာ"

ကျွန်တော့်ရင်ထဲလှိုက်သွားမိသည်။ သူမသည် ကျွန်တော့်ကို ကြည့်၍ဆက်ပြောသည်။

"ဒီလိုနေရာမျိုးမှာ ဘာတရားဥပဒေမှမရှိဘူး . . . ဘာသက်သေမှမရှိဘူး။ မကောင်းမှုဆိုတာကို ကျူးလွန်ချင်ရင် အလွယ်လေးပဲ။ ကျွန်မကတော့ ကိုယ်ကျင့်တရားတစ်ခုတည်းကိုပဲ မျက်စိမှိတ်မျှော်လင့်နေရတာ။ ကျွန်မတို့ ရှင်ကိုအရမ်းကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင်လည်း နောက်မှတင် မြသဇင်။ ကျွန်တော်တို့ ကမ်းခြေကိုသွားကြရအောင်။ စက်လှေတို့၊ သင်္ဘောတို့သွားမျှော်ကြရအောင်။ နောက်ရက်တွေဆို ကျွန်တော်တို့အလှည့်ကျ ကင်းလုပ်ပြီး ပင်လယ်ကိုကြည့်ကြရအောင်"

သူမသည် ခေါင်းညိတ်သည်။

"ကိုစောမြင့်ဟန် ဘယ်ဘက်ကိုသွားမှာလဲ . . ကျွန်မလိုက်ခဲ့မယ်"

"ဟိုဘက် . . . အဲဒီဘက်က ပင်လယ်ကို အားလုံးဆီးမြင်ရတယ် . . . ဘာဖြစ်လို့ ကျွန်တော်တို့နဲ့ အတူမလိုက်တာလဲ"

သူမသည် ရှက်ကိုးရှက်ကန်းဖြင့်ပြုံးသည်။

"ကျွန်မတစ်ကိုယ်လုံးလည်း နံစော်နေတာပဲ။ ရေသွားကူးချင်လို့ . . . အဝတ်တွေပါ လျှော်ရင်းပေါ့"

ကျွန်တော်ခေါင်းညိတ်ပြလိုက်မိသည်။ သူမသည် ကျွန်တော်နှင့်ပေါက်ပါက် ပင်လယ်ဘက်သို့မသွားမီ ပြောလိုက်သေး၏။

"ကျွန်မဘက်ကိုတော့ မလိုက်လာကြနဲ့နော်"

ကျွန်တော်ခေါင်းမညိတ်မိပါ။ သို့သော် ပခုံးကိုတော့ တွန့်လိုက်မိပါသည်။ ပေါက်ပေါက်နှင့်ကျွန်တော်သည် သဲသောင်ပြင်ရှောက်ဆော့ကြသည်။ သဲအိမ်ကလေးတွေဆောက်ကြသည်။ ပြီးတော့ စိန်ပြေးတမ်းကစားကြသည်။





ပင်လယ်ပြင်ကို မကြာမကြာကြည့်မိသော်လည်း မည်သည့်စက်လှေ၊ မည်သည့်သင်္ဘောမျှမတွေ့ရပါ။

"သမီးလည်း ပင်လယ်ဘက်ကိုသတိရတိုင်း ကြည့်နော် . . . စက်လှေတွေ၊ သင်္ဘောတွေတွေ့ရင် ဦးဦးကိုပြော"

ပေါက်ပေါက်က ခေါင်းညိတ်သည်။ သည်နေ့မိုးမရွာပါ။ နေ့ကတည်းက နေကျဲကျဲပူနေသည်။ ရာသီဥတုသာယာသည်နှင့်အမျှ ကျွန်းကလေးကလည်း လှပနေသည်။ ပေါက်ပေါက်နှင့် ကစားနေသည်မှာ ကြာတော့မောလာသည်။ ထို့ကြောင့် ကျွန်တော်သဲမြေပေါ်မှာ လှဲအိပ်လိုက်၏။ ပေါက်ပေါက်က သဲအိမ်ကလေးတွေနှင့် တစ်ယောက်တည်းဆက်ဆော့နေ၏။

မြသဇင်အကြောင်းစဉ်းစားမိပြန်သည်။ ထိုအခါ ကျွန်တော်စိတ်လှုပ်ရှားမိပြန်သည်။ မြတ်စွာဘုရား။ သူတစ်ပါး၏ဇနီးအပေါ် စိတ်လှုပ်ရှားမိခြင်းအပေါ် ထိတ်လန့်တုန်လှုပ်သွားမိပါသည်။ နေ့စဉ်နီးနီးကပ်ကပ်နေနေရခြင်းအပေါ် ဖြစ်ပေါ်လာသည့် ရမ္မက်ပင်လော၊ သို့တည်းမဟုတ် သံယောဇဉ်လော။ မြသဇင် အကြောင်းတွေးရင်းဖြင့် တစ်စုံတစ်ခုကိုသိချင်လာသည်။

"သမီးပေါက်ပေါက် . . . ဦးဦးဆီကို ခဏလာပါဦး"

"ဟာ . . . ဦးဦးကလည်း သမီးဒီမှာ အိမ်ဆောက်တာ မပြီးသေးဘူး . . . ဘာကိစ္စရှိလို့လဲ"

ကျွန်တော်ကပင် အလျှော့ပေး၍ သူမရှိရာသို့ သွားလိုက်ရ၏။ ပြီးတော့ သူမအားက သဲမြေပေါ်မှာ ဖင်ချထိုင်လိုက်၏။ ပေါက်ပေါက်က ကျွန်တော့်ကို မျက်စိပင့်ကြည့်၏။

"သမီးကိုမေးစရာရှိလို့ကွ"

"ဘာမေးစရာရှိလို့လဲ . . . မေးလေ ဦးဦး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးအမေကို သမီးဘာဖြစ်လို့ မေမေမြလို့ခေါ်တာလဲ ... နောက်ပြီး သမီးအဖေက ဘယ်သူလဲ"

"မေမေမြလို့ခေါ်တာက ဟိုးငယ်ငယ်ကတည်းကပါ ဦးဦးရာ ... ဒါပေမယ့် ဦးဦးမေးတဲ့အကြောင်းတွေကို သမီးမဖြေချင်ဘူး ... မေမေက တကယ်လို့ဦးဦးက အဲဒီအကြောင်းတွေ သမီးကိုမေးရင် ဘာမှမဖြေရဘူးလို့ မှာထားတယ်"

ကျွန်တော် မျက်မှောင်ကုပ်လိုက်မိ၏။

"သမီးအမေဟာ မေမေမြအစစ်ပဲလား"

"ဟုတ်ကဲ့ ... မေမေဟာ သမီးအမေပဲ"

သို့သော် ပေါက်ပေါက်၏ဖြေဆိုမှု၌ တစ်စုံတစ်ခုကို ဖုံးကွယ်ထားသည့် လေသံပါနေသည်။ ကျွန်တော့်ရင်ထဲမှာ သံသယပေါ်လာသည်။ မြသဇင်သည် ပေါက်ပေါက်၏အမေရင်းမဖြစ်တန်ရာ။ အကြောင်းတစ်ခုကြောင့် ကလေးနှင့် တိုင်ပင်ပြီးလိမ်ထားပုံရသည်။ ထိုသံသယဝင်လာသောအခါ မြသဇင်အကြောင်းကို ပို၍တွေးတောမိလာသည်။ ထိုအခါ ရင်မှာဖိုလှိုက်လာပြန်သည်။

အချိန်အတော်ကြာသည်အထိမြသဇင်က ကျွန်တော်တို့ရှိရာသို့ ရောက်မလာသောအခါ သူမအတွက် ကျွန်တော်စိုးရိမ်လာမိသည်။ သူမ ရေသွားချိုးသည့်ဘက်တွင် ကျောက်ဆောင်တွေကလည်းများသည်။ ပြီးတော့ ငမန်းတွေဘာတွေလည်းရှိချင်ရှိနိုင်သည်။ ကျွန်တော် မြသဇင်ရှိရာသို့ လိုက်သွားရကောင်း မည်လော။

မိန်းကလေးတစ်ယောက်က လွတ်လွတ်လပ်လပ် ရေကူးနေသည့် နေရာသို့ လိုက်မသွားသင့်သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ပင်လယ်ပြင်ကိုကြည့်မိဖြစ်သည်။ သင်္ဘော၊ ဘာစက်လှေမှမတွေ့။ ကျွန်တော်သက်ပြင်းချလိုက်မိသည်။ စိတ်ဓာတ်တွေလည်း ကျစပြုလာလေပြီ။ လူသူမရှိသော ကျွန်းကလေးတစ်ကျွန်းတွင် ကျွန်တော်တို့





နှစ်ယောက် မည်မျှကြာအောင်နေရလေမည်နည်း။ ခြောက်လလော၊ တစ်နှစ်လော။ သို့တည်းမဟုတ် နှစ်နှစ်လော။ ဒါမှမဟုတ် ဒီထက်ပို၍ ကြာလိမ့်မည်လော။

ကျွန်တော်တုန်လှုပ်ချောက်ခြားလာသည်။ သည်ကျွန်းသို့ ရောက်နေသည်မှာ တစ်လကျော်သွားလေပြီ။ ကုန်းတွင်းပိုင်းသို့ ကြည့်မိပြန်သည်။ မြသဇင်၏အရိပ်အခြည်ကို လုံးဝမတွေ့ရ။ စိုးရိမ်စိတ်နှင့် ကျွန်တော်မတ်တပ်ထရပ်လိုက်သည်။

"သမီး ... ဦးဦးတို့ပြန်ကြအောင်"

"ခဏနေပါဦး ... သမီးဆော့ရတာ အားမရသေးဘူး"

"မနက်ဖြန်မှ ဆက်ဆော့တော့သမီး ... ဦးဦးတို့သွားကြရအောင်"

သည်လိုဆိုတော့လည်း ပေါက်ပေါက်က လိမ္မာပါသည်။ ချက်ချင်းပင် မတ်တပ်ထရပ်သည်။ ကျွန်တော်တို့နှစ်ယောက် ကုန်းပေါ်တက်ခဲ့ကြသည်။ တဲရှေ့ရောက်သောအခါ မြသဇင်က ပြန်မရောက်သေး။ ကျွန်တော်ပို၍ စိတ်ပူလာသည်။ မတော်တဆ ရေတွေဘာတွေများနစ်နေပြီလား။

"သမီး .. သမီးဒီမှာပဲခဏဆော့နေခဲ့နော် ... သမီးအမေ အခုထိပြန်မလာသေးလို့ ဦးဦးလိုက်ခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဦးဦး"

ကျွန်တော်ကျွန်း၏အနောက်ဘက်သို့ ထွက်ခဲ့သည်။ ခဏကြာတော့ ကျောက်ဆောင်တွေရှိရာသို့ ရောက်လာသည်။ ကျွန်တော် ကျောက်ဆောင်တွေ ကြားသို့ မျက်စိဝေ့ကာမြသဇင်ကိုရှာသည်။ သို့သော်မတွေ့။ ပို၍စိတ်ပူစွာဖြင့် ကျောက်ဆောင်တွေရှိရာသို့ လှမ်းခဲ့။

"မြသဇင် ... မြသဇင်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကျယ်ကျယ်အော်ရင်း မြသဇင်ကိုရှာရ၏။ ထိုအခိုက်မှာပင် ကျောက်ဆောင်တစ်ခုနောက်မှ ခေါင်းကလေးထွက်လာ၏။

"ဟင်. . . ကိုစောမြင့်ဟန် . . . ဒီကိုမလာနဲ့ ပြန်ပြန်"

"မဟုတ်ဘူး ကျွန်တော်စိုးရိမ်လို့ . . . မြသဇင်ခုထိပြန်မလာလို့ ကျွန်တော် လိုက်လာတာ"

"ဟင့်အင်း. . . မလာနဲ့ . . . ကျွန်မဘာမှမဖြစ်ဘူး ပြန်ပြန် . . . ဒီကိုလုံးဝမလာနဲ့"

ဒုဒ္ဒေါ။ မြတ်စွာဘုရား။ မြသဇင် သည်မှုကြာအောင် ဘာလုပ်နေသနည်း။ ရေချိုးနေတာပဲလား။ ကျွန်တော် လမ်းဆက်မလျှောက်ဖြစ် ပဲ ရပ်လိုက်၏။ တစ်စုံတစ်ခုကိုတွေးမိပြီး မြသဇင်ရှိရာသို့ ချက်ချင်းကျောခိုင်းလိုက်သည်။

"ဒါဆိုကျွန်တော်သွားတော့မယ် . . သိပ်အကြာကြီးမနေနဲ့နော် . . . တဲမှာ ကျွန်တော်စောင့်နေမယ်"

"ဟုတ်ကဲ့"

ကျွန်တော်ပြန်လာခဲ့သည်။ ကျွန်းပေါ်မှာ ဘာအလုပ်မှမရှိသောအခါ ပျင်းလာပြန်သည်။ ငါးသွားဖမ်းရအောင်ကလည်း ယနေ့အဖို့ မလိုအပ်ပါ။ ကျွန်တော်တို့မှာ ငါးအစိုတွေလည်းရှိသည်။ ငါးခြောက်တွေလည်းရှိသည်။ အုန်းသီးတွေ၊ ငှက်ပျောသီးတွေလည်း ရှိသည်။ တောထဲဝင်ပြီး သစ်ပင်တွေကို ခုတ်ချင်သော်လည်း ပေါက်ပေါက်ကို တစ်ယောက်တည်းမထားခဲ့ချင်။ ထို့ကြောင့် တဲသို့ပြန်ရောက်သည်နှင့် ငှက်ပျောသီးနှစ်လုံးစားလိုက်ပြီး တစ်ရေးအိပ်လိုက်သည်။

မြသဇင် မည်သည့်အချိန်ကပြန်ရောက်လာမှန်းပင် မသိအောင် အိပ်မောကျသွား၏။ ညနေစောင်းတွင် ကျွန်တော်ပြန်နိုးလာသည်။ မြသဇင်သည် မီးကြွင်းမီးကျန်များကိုအသုံးပြုကာ မီးဖိုဖိုနေ





၏။ ပြီးတော့ သူမ ငါးတွေကိုကင်နေ၏။

"မြသဇင် ငါးကင်ပြီးရင် မီးနည်းနည်းထည့်ထားလိုက် . . . ဆားချက်ဖို့ ကျွန်တော်ပင်လယ်ရေသွားခပ်လိုက်ဦးမယ်"

မြသဇင်သည် ဆံပင်တွေ စိုနေဆဲပင်ဖြစ်သည်။ သူမ၏ အဝတ်အစားတွေလည်း ခြောက်ခြောက်သွေ့သွေ့ဖြစ်နေ၏။ ကျွန်တော်ဒန်အိုးတစ်လုံးကို ကောက်ယူကာ ပင်လယ်ဘက်သို့ထွက်ခဲ့သည်။ ပြီးတော့ ရေနည်းနည်းကြည်မည့် နေရာသို့ဆင်း၍ ပင်လယ်ရေကိုခပ်သည်။ ပင်လယ်ရေကိုခပ်ရင်းနှင့် ပင်လယ်ပြင်သို့အကြည့်ရောက်သွားမိ၏။ ဗုဒ္ဓေါ မြတ်စွာဘုရား။ သင်္ဘောတစ်စီးပါလား။

နေရောင်ဖြင့် ခပ်ဖျူဖျူ အရာဝတ္ထုကလေး အဝေးမှာ တရွေ့ရွေ့သွားနေသည်ကိုမြင်ရသည်။ ချက်ချင်းပင် ခပ်ထားသောရေတွေကို ပင်လယ်ထဲပြန်သွန်၍ ကမ်းစပ်သို့ပြေးတက်၏။

"ဟေး. . . . ဟေး"

ပါးစပ်ကလည်းအော်။ ပြီးတော့ ကျွန်တော်ဝတ်ထားသော စပို့ရှပ် အစင်းကလေးကိုချွတ်၍ ဝှေ့ယမ်းသည်။ ထို့ပြင် မကျေနပ်နိုင်သေးဘဲ ကျောက်ခဲတစ်တုံးကိုကောက်၍ ဒန်အိုးကိုထု၏။

"ဟေး. . . ဟေး"

အလုပ်သုံးလုပ်ကို ကျွန်တော်တစ်ပြိုင်တည်းလုပ်မိသည်။ ပါးစပ်ကလည်း အော်သည်။ ညာဘက်လက်က အင်္ကျီကိုဝှေ့ယမ်း၍ ဘယ်ဘက်လက်က ဒန်အိုးကိုထုသည်။

"ဟေး. . . ကျွန်တော်တို့ဒီမှာ . . . ဟေး. . ."

ခဏကြာတော့ မြသဇင်တို့သားအမိပါ ကျွန်တော့်ဆီမှ အသံကြား၍ ရောက်လာသည်။ သူတို့သည် ကျွန်တော်နှင့်အတူ အသံကုန်အော်ကြလေတော့သည်။

"ဟေးဟေး. . . ကယ်ကြပါဦးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ဟေး"

"ကျွန်မတို့ဒုက္ခတွေ့နေလို့"

သဘော်(သို့မဟုတ်) စက်လှေဖြစ်ဟန်တူသော အရာဝတ္ထုသည် တဖြည်းဖြည်းဝေး၍ဝေး၍သွားကာ နောက်ဆုံး၌ ကျွန်တော်တို့မြင်ကွင်းမှ ပျောက်သွား၏။ ကျွန်တော်တောက်ခေါက်သံ အတော်ကျယ်သွားသည်။ စိတ်ဓာတ်ကျစွာဖြင့် သဲသောင်ပြင်ပေါ် ခြေပြစ်လက်ပြစ်ထိုင်ချလိုက်မိသည်။

သင်္ဘောသည် ကျွန်းနှင့်ဝေးလွန်းနေသည်က တစ်ကြောင်း ကျွန်တော်တို့က အသံတိုးနေသည်က တစ်ကြောင်း။ ကျွန်တော်တို့ထံ ရောက်မလာခဲ့ပါ။ နောက်တစ်ကြိမ် ဤသင်္ဘောမျိုးမြင်ရရန် မည်မျှစောင့်ရမည်နည်း။ တည်ငြိမ်နေသော ပင်လယ်ပြင်ကြီးကို ကျွန်တော်ငေးကြည့်နေမိသည်။ ထိုအခိုက်မှာပင် မြသဇင်က ကျွန်တော့်ဘေးမှာ ကပ်၍ထိုင်ချလိုက်၏။

ကျွန်တော် သူမကိုကြည့်လိုက်သည်။

"ကျွန်တော်တစ်ခုလိုသွားတယ်ဗျာ . . . ဟောဒီကမ်းခြေမှာ မီးပုံတစ်ပုံဖိုဖို့ အဆင်သင့်လုပ်ထားရမှာ"

"ဒါပေမယ့် အခုမိုးတွင်းကြီးလေ . . . ရှင်အဆင်သင့်လုပ်ထားလည်း မိုးစိုနေရင် မီးမွှေးဖို့ခက်နေမှာပေါ့"

"ကျွန်တော်တို့မှာ ဓာတ်ဆီတွေရှိနေတာပဲ"

"ဘာပဲဖြစ်ဖြစ်လေ မိုးရွာနေရင်တော့ မီးမွှေးဖို့ခက်နေမှာပေါ့"

ကျွန်တော်ဆက်မပြောမိတော့ပါ။ ပေါက်ပေါက်ကတော့ ဘာမှမသိရှာ။ သဲသောင်ပြင်တွင် လျှောက်ပြေးနေသည်။

"ကဲပါ. . . ဒီလောက်လည်း စိတ်ဓာတ်ကျမနေပါနဲ့ . . . နောက်ရက်တွေမှာ မျှော်ကြသေးတာပေါ့ . . . လာ . . . ကျွန်မတို့





ပင်လယ်ရေကနေ ဆားချက်ကြရအောင်"

သူမက မတ်တပ်ထရပ်ပြီး ကျွန်တော့်ကိုလက်ကမ်းပေးသည်။ ကျွန်တော် သူမ၏လက်ကိုဖမ်းဆုပ်၍ မတ်တပ်ထရပ်လိုက်၏။ သူမ၏ လက်ဖဝါးလေးတွေက နူးညံ့ပျော့ပျောင်းလှသည်။ ပြီးတော့ နွေးထွေးမှုလည်းရှိနေပါသည်။ မျက်လုံးချင်းဆုံမိသောအခါ ကျွန်တော့်၌ အားအင်သစ်တွေပြန်ပေါ်လာသည်။

ယောက်ျားရင့်မကြီးတစ်ယောက်ဖြစ်သည့် ကျွန်တော်ပင်လျှင် သည်မျှ စိတ်ဓာတ်ကျသွားလျှင် သူမဆိုလျှင် ပြောဖွယ်ရာပင်မရှိတော့ပါ။ ထို့ကြောင့် သူမတို့ရှေ့တွင် စိတ်ဓာတ်ကျနေ၍မဖြစ်ပါ။

"ဒီနေ့ညစာကို ကျွန်တော်တို့ ဟိုတယ်မှာ သွားစားကြရအောင်"

သူမသည် ကျွန်တော့်ပခုံးကို လက်ဖဝါးဖြင့်ပုတ်ရင်း ပြုံးလေ၏။

"ကောင်းသားပဲ . . . ဟိုတယ်မှာ ငှက်ပျောသီးသွားစားကြမယ်လေ"

ပြိုင်တူရယ်လိုက်မိသည်။ ကျွန်တော် ပင်လယ်ရေကို ဒန်အိုးနှင့်သွားခပ်မည်ပြုပြီး ဒန်အိုးကိုကြည့်သောအခါ ဒန်အိုးက စောစောက ခဲနှင့်ထုထားသဖြင့် အနည်းငယ်ပိန်နေသည်။ ကျွန်တော် မျက်မှောင်ကုပ်လိုက်သောအခါ မြသဇင် ရယ်ပြန်ပါသည်။ ဘာပဲပြောပြော စိတ်ဓာတ်ကျနေမှုတွေ၊ စိတ်တင်းကြပ်မှုတွေ ပျောက်သွားသည်ကတော့ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၆)

ဝါးကျည်တောက်ထဲသို့ တစ်နေ့ကုန်ဆုံးလျှင် ကျောက်စရစ်ခဲအသေးလေးတွေထည့်ထားသဖြင့် ဤကျွန်းပေါ်သို့ ကျွန်တော်တို့ရောက်ရှိနေသည့်ရက်တွေကို တိတိကျကျသိနိုင်လေသည်။ ကျွန်တော်က တဲရှေ့တွင်ချိတ်ထားသည့် ဝါးကျည်တောက်ကိုဖြုတ်၍ တဲရှေ့ကွက်လပ်မှာ သွန်ချလိုက်ပြီး ရေတွက်ကြည့်နေမိသည်။ မြသဇင်က ဘာမျှမပြောဘဲ ကျွန်တော့်လုပ်ရပ်ကိုကြည့်နေ၏။

"ဘယ်လောက်လဲ ကိုစောမြင့်ဟန်"

"ခြောက်ဆယ့်ငါးရက်ရှိပြီ မြသဇင်"

"ဩော် . . နှစ်လတောင် ကျော်လာပြီနော် . . ဘာလိုလိုနဲ့"

ကျောက်စရစ်ခဲတွေကို ဝါးကျည်တောက်ထဲပြန်ထည့်ပြီး ဝါးကျည်တောက်ကို တဲနံရံမှာ ပြန်ချိတ်လိုက်သည်။ ညနေစောင်းလာပြီဖြစ်သဖြင့် နေရောင်သည် အနောက်ဘက်ကောင်းကင်တွင် မေးတင်လျက်ရှိလေပြီ။ မိုးမရွာသဖြင့် ပုစွန်ဆီရောင်က ကျွန်တော်တို့ရှိရာသို့ ရောင်ပြန်ဟပ်နေ၏။ နုထွေးလတ်ဆတ်သော မြသဇင်၏ မျက်နှာတစ်ခြမ်းသို့ ပုစွန်ဆီရောင်က တစ်စွန်းတစ်စကျနေသည်။





"ညနေစာ စားကြရအောင်နော် . . . တော်ကြာမှောင်လာတော့မယ်"

"စားကြမယ်လေ . . . ကျွန်တော်လည်းဆာပြီ"

ပေါက်ပေါက်ကို ကျွန်တော်ကမ်းခြေမှသွားခေါ်လာရ၏။ ပေါက်ပေါက်၏ လက်တွေ၊ ခြေထောက်တွေမှာ ဖုန်တွေ၊ သဲတွေကပ်လျက်ရှိ၏။ သူမကို ကျွန်တော်ကပင် လက်ဆေး၊ ခြေဆေးပေးရသည်။ ပြီးတော့ ထင်းရှူးသေတ္တာပေါ်မှာ ကျွန်တော်တို့၏ညနေစာကို ပြင်ဆင်လိုက်ကြ၏။ ဘာပဲပြောပြော ညနေစာက ယခင်ကထက်စာလျှင် ဖွယ်ဖွယ်ရာရာရှိနေလေသည်။

ငါးကင်၊ ငှက်ပျောဖူးပြုတ်၊ ငှက်ပျောသီး၊ အုန်းသီးနှင့် သင်္ဘောသီးမှည့်တို့ဖြစ်သည်။ ထို့နောက် ကျွန်တော်တို့ညနေစာ စားကြလေတော့သည်။ ငါးကင်ကိုဆားနှင့်သုတ်လိမ်းပြီးကင်ထားသဖြင့် အလွန်ပင် အရသာရှိလေသည်။ ဗိုက်ဆာနေပြီဖြစ်သဖြင့် ကျွန်တော်တို့သိပ်စကားမပြောဖြစ်ကြ။ ခဏကြာမှ . . .

"အခု . . . ကျွန်တော်ခုတ်ထားတဲ့ သစ်လုံးက လေးလုံးရှိပြီ မြသဇင်၊ နောက်ထပ်ခြောက်လုံးလောက် ထပ်ခုတ်လိုက်ရင် ဖောင်လုပ်ဖို့ လုံလောက်ပါပြီ။ တစ်ခုပဲ ကျွန်တော်စဉ်းစားနေတာ။ ပင်လယ်နဲ့ပတ်သက်လို့ ကျွန်တော် သိပ်မကျွမ်းကျင်တော့ ဒီအပင်တွေက ရေပေါ်မှာ အကြာကြီးပေါ်ပါ့မလား ဆိုတာပဲ"

"ကျွန်မစိတ်ထင်တော့ ရေအောက်ကိုနစ်သွားတဲ့ သစ်မျိုးတော့ မရှိဘူးထင်တာပဲ"

"အင်းလေ . . . ရေထဲမမြုပ်ဘူးဆိုရင်တော့ ကောင်းတာပေါ့ . . . နောက်တစ်ခု ကျွန်တော်အရမ်းလိုချင်တာက ရွက်လုပ်ဖို့ ပိတ်စကြီးကြီးတစ်စလောက် လိုချင်တယ်"

"ဒါများဘာခက်လို့လဲ ကိုစောမြင့်ဟန်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စိတ်ဝင်စားစွာဖြင့် မြသဇင်၏စကားကို အာရုံစိုက်နေမိသည်။

"တောင်ဆိုင်မှာ သွားဝယ်လိုက်ရင် ရတာပဲ"

"ဟာ . . . ဟုတ်ပါရဲ့"

ကျွန်တော်တို့နှစ်ယောက် လွတ်လပ်စွာရယ်မောလိုက်ကြသည်။ မြသဇင်နှင့် ကျွန်တော် မျက်လုံးချင်းဆုံမိသည်။ သူမသည် ကျွန်တော့်ကို မျက်တောင်မခတ်ဘဲပြန်ကြည့်သည်။ မျက်တောင်ကော့တွေအောက်မှ မျက်ဝန်းအစုံသည် ရွှန်းမြနေ၏။ နှုတ်ခမ်းလွှာသည် ဖူးဖူးငုံငုံကလေးဖြစ်သည်။

စားသောက်ပြီးစီးသွားသောအခါ မြသဇင်က စားကြွင်းစားကျန်များကို သိမ်းဆည်းပြီးထွက်သွား၏။ ကျွန်တော်နှင့်ပေါက်ပေါက်က လက်သွားဆေးသည်။ ကျွန်တော့်စိတ်ထဲတွင် သာယာချမ်းမြေ့မှုတစ်ခုက သူ့အလိုလိုဖြစ်လာ၏။ ကျွန်တော်တို့သုံးယောက်၏ဘဝသည် မိသားစုကလေးတစ်ခုနှယ်ဖြစ်နေသည်။

ထိုညသို့ရောက်သောအခါ ပေါက်ပေါက်ကဖျားလေတော့သည်။ ကိုယ် အတော်ပူသဖြင့် မြသဇင်လည်း မျက်စိမျက်နှာပျက်နေတော့၏။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ ကိုစောမြင့်ဟန် . . . သမီးကိုယ်အရမ်းပူနေတယ်"

ပြောစရာတစ်ခုပဲရှိသည်။ နေ့လယ်တုန်းက သူတို့သားအမိ ရေသွားကူးတာ နည်းနည်းကြာသွားသည်။ အအေးမိတာပင်ဖြစ်နိုင်လေသည်။ ခက်တာ ကျွန်တော်တို့မှာ ဘာဆေးဝါးမှမရှိသလို ကျွန်းကလေးပေါ်မှာ ဘယဆေးပင်တွေ ရှိချင်လည်းရှိနေမည်ဖြစ်သော်လည်း ကျွန်တော်တို့မသိ။

ပေါက်ပေါက်သည် အဖျားရှိန်ဖြင့်မှိန်းနေပြီး ခဏကြာတော့





စားပြီးသား အစာတွေပြန်အန်ထုတ်သည်။ မြသဇင်မျက်ရည်တွေကျလာ၏။ ကိုယ်တွေခြစ် ဖြစ်တောက်ပူနေသော ပေါက်ပေါက်၏ကိုယ်ကလေးကို ကျွန်တော့်ကိုယ်ပေါ်မှောက်၍ ချီလိုက်ပြီး တဲအတွင်းမှာ လျှောက်နေမိသည်။

နောက်တော့ ကျွန်တော် တစ်စုံတစ်ခုကို သတိရသဖြင့် ကလေးကို အိပ်ရာပေါ်ပြန်ချလိုက်ပြီး ကျွန်တော့်ရှပ်အင်္ကျီကိုချွတ်လိုက်၏။

"ရော့ . . . မြသဇင် ဒီရှပ်အင်္ကျီကို ရေဆွတ်လာပေးပါ . . . ကလေးကို ရေပတ်တင်ရအောင်"

မြသဇင်က အပြင်ထွက်သွားပြီး ချက်ချင်းပြန်ဝင်လာသည်။ ရေအေးအေးဖြင့် ဆွတ်ထားသည့် ကျွန်တော့်အင်္ကျီမှရေတွေကို နည်းနည်းထပ်ညှစ်လိုက်ပြီး ကလေး၏နဖူးမှာ ကပ်ပေးနေမိသည်။

မီးရှိသေးတယ်မဟုတ်လား မြသဇင် . . . သူ့ကိုရေစိမ်းတိုက်ဘဲနဲ့ ရေကျက်အေးပဲတိုက်ရအောင် . . . ရော့ . . . မြသဇင် ဒီရေပတ်ကို သူ့နဖူးမှာကပ်ထားပေး"

ရေပတ်ကိုမြသဇင်ကိုပေးခဲ့ပြီး ကျွန်တော်ရေနွေးအိုးသွားတည်သည်။ သစ်ကိုင်းခြောက်တွေ မီးပုံထဲထည့်ပြီးယပ်ခပ်လိုက်သောအခါ မီးကချက်ချင်းတောက်လာသည်။ နာရီဝက်လောက်နေတော့ ရေနွေးလည်းဆူလာတော့သည်။ ထို့ကြောင့် ရေနွေးအိုးကိုအောက်ချပြီး အအေးခံထားလိုက်ပြီး တဲထဲပြန်ဝင်ခဲ့သည်။

ပေါက်ပေါက်သည် အိပ်ပျော်သွားလေပြီ။ ပေါက်ပေါက်ကိုကြည့်ပြီး မြသဇင်က တသိမ့်သိမ့်ရှိုက်ငိုနေ၏။ ကျွန်တော် သူမ၏ဘေးမှာ ဝင်ထိုင်လိုက်ပြီး ပေါက်ပေါက်၏နဖူးကို စမ်းကြည့်လိုက်ရာ သေစေလောက် မပူတော့ချေ။

"သမီးအဖျားမကျရင် ဘယ်လိုလုပ်ရမလဲဟင် ကိုစောမြင့်



www.burmeseclassic.com

www.burmeseclassic.com



ဟန် . . . သမီးကလေးသာ တစ်ခုခုဖြစ်သွားရင် ကျွန်မရင်ကျိုးမှာ"

မြသဇင်က အားကိုးတကြီးနှင့် ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ထားသည်။ သူမ မသိအောင် ပင့်သက်ကိုတိတ်တိတ်ကလေး ကျွန်တော်ရှိုက်လိုက်မိသည်။ ပေါက်ပေါက် ကောက်ကာငင်ကာ ဖျားလိုက်ခြင်းအတွက် ကျွန်တော်လည်း စိုးရိမ်သောကရောက်ရပါသည်။ ဘာမှပြည့်စုံမှုမရှိသောကျွန်းပေါ်တွင်ဖြစ်၍ ပို၍ပင်စိုးရိမ်မိပါသည်။

မြသဇင်ပြောသလိုပင် ပေါက်ပေါက် အဖျားမကျပါက ကျွန်တော်တို့ ဘာလုပ်ရမည်နည်း။ ကျယ်ပြောလှသော ပင်လယ်ကြီးသည် ကျွန်တော်တို့ကို လူ့လောကကြီးနှင့် အဆက်ဖြတ်ထားလေသည်။

"အခုတော့ စောစောကလောက်မပူတော့ဘူး မြသဇင် . . . သိပ်တော့လည်း စိတ်မပူပါနဲ့ . . . သမီးရဲ့အဖျားက အအေးမိပြီး ဖျားတဲ့အဖျားဖြစ်မှာပါ"

မြသဇင်သည် စိတ်လွတ်လက်လွတ်ဖြစ်ပြီး ကျွန်တော့် လက်မောင်းကိုဖက်၍ငိုလေသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသော သူမ၏ ကျောပြင်ကလေးကို ပွတ်သပ်၍ ချော့မြှူချင်ပါသည်။ သို့သော် မသင့်တော်ပါ။ သူမသည် ကျွန်တော်နှင့်တစိမ်းတရံတစ်ဦးဖြစ်ပြီး ကာမပိုင်လင်ယောကျ်ားလည်းရှိပါသည်။

မြသဇင်၏အဖြစ်မှန်ကို ကျွန်တော်မသိရသေးသော်လည်း ကျွန်တော့်ဘက်ကတော့ စောင့်ထိန်းရပေလိမ့်မည်။

"ညဉ့်နက်နေပြီမြသဇင် . . . မြသဇင်အိပ်လိုက်ပါ . . . ကျွန်တော် ပေါက်ပေါက်ကို စောင့်ပေးပါမယ် . . . ကျွန်တော်တို့ရဲ့ ကုသိုလ်ကံနဲ့ ပေါက်ပေါက်ရဲ့ကုသိုလ်ကံနဲ့ မနက်ကျရင် သူနေကောင်းသွားပါလိမ့်မယ်"

မြသဇင်သည် ကျွန်တော့်လက်မောင်းမှ သူမမျက်နှာကိုခွာ





သည်။ သူမ၏ မျက်ရည်တွေက ကျွန်တော့်လက်မောင်းမှာ ပေကျံ၏။ စိတ်ကိုထိန်းထားသည့် ကြားမှလွတ်သွားပြီး သူမမျက်နှာမှ မျက်ရည်တို့ကို ကျွန်တော်သုတ်ပေးလိုက်မိသည်။ မြသဇင်သည် မျက်လုံးရွှဲကြီးများဖြင့် ကျွန်တော့်ကိုမော့ကြည့်သည်။ ဝိုးတဝါးအလင်းရောင်ဖြင့် မြင်ရသော်လည်း မျက်နှာကလေးက ကျက်သရေရှိစွာလှနေလေသည်။

"အိပ်လိုက်တော့နော် . . . လာ . . . ကျွန်တော်အိပ်ရာမှာ လာအိပ်"

သူမကိုတွဲ၍ ကျွန်တော့်အိပ်ရာပေါ်ပို့ပေးရသည်။ သူမသည် ကျွန်တော့်ကိုအားယူ၍ ပြုံးပြသည်။

"ကဲ . . . ပျော်အောင်အိပ်လိုက်နော်"

နဖူးပေါ်ကျနေသည့် ဆံပင်တွေကိုသပ်တင်ပေးပြီး ပေါက်ပေါက်အိပ်နေရာသို့ပြန်လာခဲ့သည်။ ပြီးတော့ ပေါက်ပေါက်၏နဖူးကို စမ်းမိပြန်သည်။ ကိုယ်ပူရှိန်သိသိသာသာကျသွားလေပြီ။ ကျွန်တော် ကလေးဘေးမှာတစ်ညလုံး ထိုင်နေမိသည်။ အပြင်မှာမိုးရွာနေလေပြီ။

တဲ၏ရှေ့မှာ အမိုးကလေးမိုးထားသဖြင့် ကျွန်တော်တို့၏ မီးကြွင်းမီးကျန်များသို့ ရေမစိုပေ။ မိုးမှုန်တွေကတော့ တစ်ချက်တစ်ချက်လာစင်သည်။ ပေါက်ပေါက်သည် တစ်ညလုံး တစ်ရေးမှ မနိုးချေ။ နံနက်ခပ်စောစောတွင် မြသဇင်နိုးလာသည်။

"ကိုစောမြင့်ဟန်သွားအိပ်တော့လေ . . . ကျွန်မသမီးကို ကြည့်ထားလိုက်မယ်"

"ကိုယ်ကပူတော့ပူသေးတယ်။ ညကလောက်တော့ မပူတော့ဘူး . . . တကယ်လို့ သူနိုးလာလို့ ရေသောက်ချင်ရင် ရေကျက်အေးတိုက်ပဲတိုက်နော် . . . အစာကိုလည်းမကျွေးနဲ့ဦး"

မြသဇင်ကခေါင်းညိတ်သည်။ သူမသည် ဖရိုဖရဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ဆံပင်တွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လက်ဖြင့်ပြုပြင်နေ ၿပီး မိန်းမတစ်ယောက်၏ အရုဏ်တက်ချိန်အလှ။ စိတ်ကိုထိန်းထားသည့်ကြားမှ ကျွန်တော်သူမကိုငေးကြည့်နေမိသည်။ လည်တိုင်သည် မွေးညှနေသည်။ နေ့စဉ်ဝတ်ရသဖြင့် အရောင်လွင့်ပြယ်စပြုနေပြီ ဖြစ်သည်။

ခြေသလုံးသားသည် နုထွေးလျက်ရှိသည်။ ရင်ခုန်သံမြန်စွာဖြင့် ကျွန်တော်မျက်စိမှိတ်ထားလိုက်သည်။ ကျွန်တော့်စိတ်တွေ လှုပ်ရှားလျက်ရှိသည်။ မြသဇင်၏ဘဝကို သိချင်လာသည်။ အကယ်၍ သူမသည် သူ့အကြောင်းကို ဖွင့်ပြောလာလျှင် မည်မျှကောင်းလေမည်နည်း။ သို့သော် မြသဇင်သည် သူမ၏ခင်ပွန်းနှင့်ပတ်သက်၍ စကားပြောမိသည့်တိုင် တစ်ခါမျှဖွင့်မပြော။

ယုတ်စွအဆုံး၊ သူမ၏ခင်ပွန်းသည်အမည်ကိုပင် မသိရပါ။ ထို့အပြင် ကျွန်တော်သံသယဖြစ်နေသော အချက်တစ်ချက်လည်းရှိပါသေးသည်။ မြသဇင်သည် ယခုနှစ်ဆယ့်ခုနစ်ဟုသိရသည်။ ပေါက်ပေါက်သည် ခြောက်နှစ်ခွဲရှိလေပြီ။ သည်သို့ဆိုလျှင် သူမသည် အသက် (၂၀) ဝန်းကျင်လောက်ကတည်းက အိမ်ထောင်ကျတာဖြစ်ရမည်။ သူမသည် ရန်ကုန်တက္ကသိုလ်က ဘွဲ့ရလာသည်ဟုဆိုသည်။

သူမပြောသည်မှာ အမှန်ဆိုလျှင် တက္ကသိုလ်တက်ချိန်၌ သူမအိမ်ထောင်ကျနေပြီးဖြစ်ရပေမည်။ တစ်ခုတော့ရှိပါသည်။ အိမ်ထောင်သည်တွေ တက္ကသိုလ်ပညာသင်တာမဆန်းပါ။ သို့သော် ကျွန်တော့်စိတ်ထင်ပြောရလျှင် မြသဇင်သည် အိမ်ထောင်သည်နှင့် သိပ်မတူ။ ကျွန်တော့်စိတ်ထင်မှားတာလည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မြသဇင်အပေါ်၌ ကျွန်တော်စိတ်လှုပ်ရှားမိကြောင်း ဝန်ခံပါသည်။ မသင့်တော်မှန်းသိသော်လည်း လှုပ်ရှားမိသည့်စိတ်ကို အလွန်ပင်ထိန်းချုပ်ရခက်ပါသည်။





အတွေးတွေနှင့် လုံးလည်ချာလည်လိုက်ရင်း ကျွန်တော် အိပ်ပျော်သွားမိလေသည်။ ပြီးတော့ နေအတော်မြင့်မှ ကျွန်တော်နိုးနိုးလာသည်။ နိုးနိုးချင်းပင် ပေါက်ပေါက်၏နဖူးကိုသွားစမ်းမိသည်။ ကိုယ်အပူရှိန်က ရှိနေဆဲပင်ဖြစ်သည်။ သို့သော် မနေ့ကလောက်တော့ မပူ။ သူမသည် အဖျားသွေးဖြင့် အနည်းငယ်နွမ်းနေသည်။

"သမီး . . . ချမ်းသလားဟင်"

ခေါင်းခါသည်။ ကျွန်တော်ကလေး၏ လက်ကလေးတွေကို ဆုပ်လိုက်သည်။ လက်ကလေးတွေက တရှိန်ရှိန်နွေးနေ၏။

"ကလေးကို ဘာကျွေးရင်ကောင်းမလဲဟင်"

ခက်တာက ကျွန်တော်တို့မှာ ကလေးကို ကျွေးစရာက များများစားစား မရှိ။ မြို့မှာဆိုလျှင်တော့ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ မုန့်စိမ်း ဒါမှမဟုတ် ဘီစကွတ်၊ ပေါင်မုန့်၊ ကော်ဖီ၊ မိုင်လို၊ ဟောလစ်သည့်အစာတွေ ကျွေးနိုင်ပါလိမ့်မည်။ သည်မှာတော့ အဓိကအစားအစာက ငှက်ပျောသီးသာဖြစ်သည်။

ကျွန်တော်တို့မြန်မာလူမျိုးသည် အဖျားသွေးရှိသည်ဆိုလျှင် ငှက်ပျောသီးမကျွေးကြ။ တချို့ကလည်း ငှက်ဖျားသည် ငှက်ပျောသီးစားလျှင် ဖြစ်တတ်သည်ဟုယုံကြည်ကြသည်။ အမှန်ကတော့ ငှက်ဖျားသည် ခြင်ကိုက်၍ဖြစ်ရသောရောဂါသာဖြစ်သည်။ ယခုလိုအခြေအနေမျိုးတွင် ပေါက်ပေါက်ကို ငှက်ပျောသီးမကျွေးသင့်ဟု ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ကျွေးလိုက်မှ အော့အန်ခြင်း၊ အဖျားသွေးပိုတက်လာခြင်းတို့မဖြစ်စေရန်ဖြစ်သည်။

"ငါးကင်ကလေးနည်းနည်းကျွေးရအောင်မြသဇင်။ ဒါပေမယ့် လတ်လတ်ဆတ်ဆတ်ကင်တဲ့ ငါးကင်ပဲကောင်းမယ် . . . ကျွန်တော် ငါးသွားရှာလိုက်ဦးမယ်။ မီးဖိုမှာလည်း ညက မီးရှာလို့ မီးငြိမ်းတော့မယ်မထင်ဘူး။ ကျွန်တော်ပြန်လာမှ မီးဖိုပြန်ဖိုပေးမယ်။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မြသဇင် ဘာမှမလုပ်ပါနဲ့ . . . ကလေးအနားမှာသာနေပါ"

တဲနံရံမှာထောင်ထားသည့် ငါးဖမ်းသည့်ဝါးလုံးကို ကျွန်တော်ယူသည်။ ပေါက်ပေါက်သည် ဖျော့တော့စွာကျွန်တော့်ကိုပြုံးပြ၏။

"သမီးနေကောင်းရင် ဦးဦးနဲ့လိုက်ရမယ် . . . အခုတော့ မေမေနဲ့ နေခဲ့ဦးနော်"

BURMESE CLASSIC .com

"ဟုတ်ကဲ့ ဦးဦး"

တဲထဲမှ ကျွန်တော်ထွက်လာခဲ့သောအခါ မြသဇင်က တဲဝအထိထွက်လာပြီး ကျွန်တော့်ကိုကြည့်နေသည်။ ကျွန်တော် ခပ်ဝေးဝေးသို့ရောက်သောအခါ သူမကိုပြန်၍လက်ပြရာ သူမလည်းပြန်၍ လက်ပြလေ၏။ ပင်လယ်ပြင်တွင် မိုးတွေညို့နေသည်။ လသည် ခါတိုင်းတိုက်ခတ်သည့်လေထက် ပို၍ကြမ်းတမ်းစွာတိုက်ခတ်နေ၏။ မုန်တိုင်းများရှိနေသည်လား မပြောတတ်ပါ။ ရေတက်ရက်ဖြစ်သဖြင့် ရေကကမ်းခြေအနားထိရောက်နေပြီး လှိုင်းကလည်းကြီးပါသည်။

သည်လိုအခြေအနေမျိုးနှင့် ကျောက်ဆောင်တွေရှိရာသို့ သွားဖို့မလွယ်ပါ။ သို့သော် မသွား၍လည်းမဖြစ်ပါ။ ယနေ့အတွက် စားစရာရိက္ခာမရှိတော့ပါ။ ထို့ပြင်ပေါက်ပေါက်အတွက် အစာကလည်း အလွန်အရေးကြီးနေပါသည်။ အင်အားမရှိလျှင် အဖျားပျောက်ဖို့သိပ်မလွယ်။ ထို့ကြောင့် လှိုင်းလုံးများကမ်းခြေသို့ တဝုန်းဝုန်းထရိုက်ခတ်နေသည့်ကြားမှ ပင်လယ်ထဲသို့ဆင်းလိုက်မိသည်။

ကျွန်တော်နင်းထားသော သဲမြေကို အောက်ဘက်မှပြန်၍ဆွဲနေသည်။ ညစ်ထေးထေးလှိုင်းလုံးများက ကျွန်တော့်ကိုပင်လယ်ထဲသို့ဆွဲချနေ၏။ လှိုင်းလေမရှိလျှင် သာယာနေတတ်သော ပင်လယ်ပြင်သည် ယခုတော့ အရုပ်ဆိုး အကျည်းတန်လျက်ရှိသည်။ ရေဆွဲအားကြောင့် ခပ်ဝေးဝေးသို့ ကျွန်တော်ပါသွားသည်။ ထို့ကြောင့် ကျွန်တော်လက်ထဲကတုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကျောက်





ဆောင်တွေရှိရာသို့ အားသွန်၍ကူးသည်။

လှိုင်းတစ်လုံးက ကျွန်တော့်ကိုဖုံးသွားသဖြင့် သီးသွားမိလေသည်။ ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားသည်။ လှိုင်းသည် သိသိသာသာကြမ်းလာပြီး မိုးပါရွာလာ၏။ ကောင်းကင်သည် ညို့မှိုင်းညှိုးမှောင်လာသည်။ ကျွန်တော် ကျောက်ဆောင်တွေရှိရာ သို့မသွားတော့ဟု ဆုံးဖြတ်ပြီး ကမ်းခြေသို့ပြန်ကူးသည်။ လှိုင်းက ပြန်ဆွဲချသွားပြန်သည်။ ကံအားလျော်စွာပင် မြေပြင်ကိုခြေထောက်မိသည်။ ထိုမြေပြင်ကိုအားယူ၍ ရှေ့သို့ကိုယ်ကိုပစ်၍ကူးသည်။

လှိုင်းက ကျွန်တော့်ကိုဖုံးသွားပြန်သည်။ ထောက်ထားသောမြေပြင်က ကျွန်တော့်အောက်မှာ ရှိမနေတော့။ မင်သမီးလေးတစ်ပါးအသွင်မဟုတ်တော့ပေ။ ပင်လယ်ပြင်သည် ဘီလူးသဘက်အသွင်ပြောင်းသွားလေတော့သည်။ ဆားငန်ရေတွေကို ပါးစပ်ထဲမှ ထွေးထုတ်လိုက်ပြီး ကမ်းခြေသို့ကူးမိပြန်သည်။ အတော်ပင်အားသွန်ခွန်စိုက်ကြိုးစား၍ ကူးလိုက်သည့်အခါမှ ကမ်းခြေသို့ပြန်ရောက်သွားသည်။

ထိုအခိုက်မှာပင် မုန်တိုင်းသည် ကျွန်တော်တို့၏ကျွန်းကို ခပ်ကြမ်းကြမ်း တိုက်ခတ်လေတော့သည်။ ကမ်းခြေမှာရှိသည့် သစ်ပင်အချို့ ပြိုလဲကုန်သည်။ သစ်ကိုင်းတွေကျိုးကြကုန်၏။ ပင်ပန်းနွမ်းလျစွာဖြင့် ကျွန်တော်မြေပြင်မှာလှဲချလိုက်သည်။ နားထဲသို့ လေးတိုးသံက တရှီရှီမြည်နေသည်။

မဖြစ်သေးပါ။ မြသဇင်တို့သားအမိ စိတ်ပူနေပေလိမ့်မည်။ နောက်ပြီး မုန်တိုင်းသည်လောက်ပြင်းထန်သဖြင့် သူတို့ကြောက်ရွာနေလိမ့်မည်။ ကျွန်တော်အားယူ၍ မတ်တပ်ထရပ်လိုက်သည်။ လေအားက ကြမ်းလှသဖြင့် လွင့်သွားမတတ်ဖြစ်နေသည်။ ထို့ကြောင့် လက်ထဲမှာရှိနေသည့် တုတ်ကိုထောက်၍အားယူကာ ကုန်းတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့သည်။ လမ်းမှာရှိသော ငှက်ပျောပင် တချို့လဲကျနေသည်။

ကျွန်တော်တို့၏ တဲရှိရာသို့ ခက်ခက်ခဲခဲနှင့်ပြန်လာခဲ့ရသည်။ တဲသည် အမိုးအချို့လန်ထွက်နေသည်။ မြသဇင်တို့သားအမိသည် တဲကလေးအတွင်း၌ မျက်စိသူငယ် နားသူငယ်ဖြစ်နေရှာသည်။ လေကကြမ်းလွန်းလှသဖြင့် တဲသည် တသိမ့်သိမ့်ခါနေသည်။ တဲထဲမှာလည်း အမိုးအချို့ပွင့်ထွက်နေပြီဖြစ်သဖြင့် စိုရွှဲနေ၏။

"ကိုစောမြင့်ဟန် ကျွန်မအရမ်းစိတ်ပူနေတာ . . လေတွေ၊ မိုးတွေ ဒီလောက်ထန်နေတာ ကံကောင်းလို့"

"ပင်လယ်ထဲမှာ လှိုင်းတအားကြီးတယ် . . . ကံကောင်းလို့ ကျွန်တော် ပင်လယ်ထဲမျောမသွားတာ . . . ကလေး ဘယ့်နှယ်နေသေးလဲ"

"နည်းနည်းတော့ သက်သာပါတယ်"

သူတို့အနီးမှာ ကျွန်တော် ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။ ညကတည်းက အင်္ကျီမရှိသော ကျွန်တော့်ကိုယ်အထက်ပိုင်းသည် မိုးရေတွေဖြင့် အေးစိမ့်နေသည်။ မြသဇင်သည် အဝတ်မရှိသော ကျွန်တော့်ကိုယ်အထက်ပိုင်းကိုကြည့်ပြီး တဲအတွင်းလှမ်းထားသော ကျွန်တော့်အင်္ကျီကလေးကို သွားယူလာပေးသည်။

"ရော့ . . . ရှင်အအေးမိနေဦးမယ်"

အင်္ကျီဝတ်ရင်းနှင့် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကြည့်မိရာ ခါးမှာဝတ်ထားသော သစ်ရွက်တွေမရှိတော့။ ပင်လယ်ထဲမှာပြုတ်ထွက်ကုန်ပြီထင်သည်။ မြသဇင်ရှေ့တွင်ဖြစ်၍ ကျွန်တော်ရှက်သွားမိသည်။ မြသဇင်သည် မသိမသာပြုံး၏။ လောလောဆယ်တော့ ဘာမှ မတတ်နိုင်တော့။ မုန်တိုင်းစဲမှ သစ်ရွက်တွေထပ်ခူးရပေလိမ့်ဦးမည်။

တဲသည် တသိမ့်သိမ့်လှုပ်ခါနေဆဲပင်ဖြစ်၏။ မုန်တိုင်းသည် နောက်ထပ် တစ်နာရီလောက်ကြာသောအခါ သိသိသာသာ အား





လျော့သွားသည်။ မုန်တိုင်းပျော့သွားသောအခါ မိုးကပါကျော့လာသည်။ ထိုအခါမှပင် ကျွန်တော့်လက်မှ သွေးတွေထွက်နေသည်ကို မြသဇင်က သတိပြုမိသွား၏။

"ဟင် . . . ကိုစောမြင့်ဟန် လက်မှာသွေးတွေ"

ပင်လယ်ထဲမှာ လက်ကို မောင်းချွားရှမိခြင်းဖြစ်ပေလိမ့်မည်။ လှိုင်းလုံးများကြားတွင် ဝါးလုံးထိပ်မှာချည်ထားသော မောင်းချွားကိုဂရုမပြုမိအောင် ပင်ဖြစ်ခဲ့ရသည်။ မြသဇင်သည် ဝါးကျည်တောက်ထဲမှရေဖြင့် ကျွန်တော့်လက်ကဒဏ်ရာကို ဆေးပေးသည်။

"သွေးက မတိတ်သေးဘူး ကိုစောမြင့်ဟန်"

"ရတယ် . . . ခဏနေရင် တိတ်သွားမှာပါ"

သူမသည် သူ၏လက်ကလေးဖြင့် ကျွန်တော့်လက်ကိုဆုပ်ထားသည်။ ကျွန်တော်ရင်ထဲလှုပ်ရှားစွာဖြင့် သူမကိုကြည့်လိုက်သည်။ သူက ကျွန်တော့်ကိုပြန်၍ ကြည့်နေသည်။ မျက်နှာနှစ်ခုသည် အလွန်ပင်နီးကပ်နေ၏။ သူမ၏ မျက်လုံးအစုံသည် ရွှန်းလဲ့နေသည်။ တောက်ခမ်းလှသည့် ရမ္မက်သွေးဆူဖွယ် ပွင့်အာလျှက်ရှိသည်။

"မြသဇင်"

"ရှင်"

သူမသည် ကျွန်တော့်ကိုကြည့်နေဆဲပင်ဖြစ်သည်။

"ကျွန်တော့်"

ဆက်မပြောနိုင်အောင် နှုတ်ဆွံ့နေမိပြန်သည်။ သူမ၏ မျက်လုံးသည် ကျွန်တော့်မျက်လုံးကို စိုက်ကြည့်နေ၏။ သူမ၏ထွက်သက်သည် ကျွန်တော့်မျက်နှာသို့ ရောက်လာသည်။ သူမ၏မျက်နှာသို့ မည်စိုးသဖြင့် ကျွန်တော် မျက်လွှာချလိုက်မိသည်။

"ဘာပြောမလို့လဲဟင်"

ကျွန်တော်သက်ပြင်းချလိုက်သည်။ ပြီးတော့ခေါင်းကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းရမ်းပြလိုက်မိသည်။ ထိုအခါမှ မြသဇင်သည် မျက်လွှား သွားသည်။

ကျွန်တော်တို့နှစ်ဦးသည် ဆင်ခြင်တုံတရား၏ နယ်နိမိတ်ထဲသို့ ပြန်လည်ရောက်သွားကြလေသည်။



(၇)

ပေါက်ပေါက်နောက်တစ်နေ့တွင် အဖျားပြန်ကျသွားသည်။ ထိုအတောအတွင်း အမိုးတွေပွင့်ကုန်သောတဲကို အမိုးအသာပြန်မိုးရလေသည်။ ကျွန်းသည်မုန်တိုင်းဒဏ်ကို အတော်ပင်ခံလိုက်ရသည်။ တမ်းနားတစ်ဝိုက်မှာရှိသော အုန်းပင်အချို့ ပြိုလဲကုန်သည်။ ကျွန်တော်တို့သည် ကျွန်းတစ်ခုလုံး၏ အပျက်အစီးကို လျှောက်ကြည့်ပြီး အံ့သြနေကြသည်။

"မိုးကုန်ခါနီး နောက်ဆုံးမုန်တိုင်းထင်တယ်"

မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်နေ့တွင် ရာသီဥတုကကောင်းမွန်သွားသည်။ ကောင်းကင်တွင် မိုးရိပ်မိုးခြည်မတွေ့ရတော့။ ပြာလဲ့သော မိုးကောင်းကင်နှင့် ပင်လယ်ကြီးသည်ပန်းရနေ၏။

"ကိုစောမြင့်ဟန်လည်း ဆံပင်အတော်ရှည်နေပြီနော်"

အခုနေ ကျွန်တော့်ကို မောင်အေးသန်းတို့မြင်လိုက်ပါက မှတ်မိလိမ့်မည်မထင်ပါ။ မုတ်ဆိတ်ကျင်စွယ်တွေကလည်း အတော်ပင်ရှည်နေလေပြီ။ သည်နှစ်ရက်မျှအတွင်း သစ်ပင်နောက်တစ်ပင် ထပ်ခုတ်လိုက်နိုင်၏။ မြသဇင်သည် ကလေးနေမကောင်းပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ကျွန်တော့်အပေါ်ပို၍ခင်မင် တွယ်တာလာပုံရသည်။

ကျွန်တော်သွားလေရာသို့ သမီးကလေးနှင့်အတူ လိုက်လိုက်လာတတ်သည်။ ကျွန်တော်တို့သည် ပင်လယ်ပြင်တွင် ဖြတ်သွားမည့်စက်လှေ သို့မဟုတ် သင်္ဘောတို့ကို မျှော်မိကြသော်လည်း အရိပ်အယောင်မျှပင်မတွေ့ခဲ့ရပါ။ တစ်နေ့တွင် ကျွန်တော်တစ်ယောက်တည်း ပင်လယ်ထဲ ရေသွားကူးပါသည်။ ကူးရင်းနှင့် ကျွန်တော့်မုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်သင်ရန် စိတ်ကူးရပြီး မောင်းချဓားဖြင့်ရိတ်ကြည့်သည်။

ဓားဖြင့်ရိတ်၍ရလောက်အောင် ဓားက မထက်သဖြင့် ကျောက်ဆောင် တစ်ခုမှာသွား၍သွေးရလေသည်။ နောက်တော့ ရိတ်၍ရလာသည်။ ကျွန်တော်မေးစေ့မှာ ဓားနည်းနည်းရှသွားသည်ကလွဲ၍ ပြောင်စင်အောင်ရိတ်နိုင်ခဲ့ပါသည်။ ရေချိုးပြီးပြန်ရောက်လာသည့် ကျွန်တော့်ကိုမြသဇင်ကကြည့်ပြီး မှင်သက်နေပါသည်။

မုတ်ဆိတ်ကျင်စွယ်တွေရိတ်လိုက်သောအခါ ကျွန်တော်နှင့်သိပ်မတူတော့ဘဲ တခြားလူတစ်ယောက်လိုဖြစ်နေသည် ဟုဆိုပါသည်။ ပေါက်ပေါက်ကမူ ကျွန်တော်ထိုသို့ ရိတ်လိုက်ခြင်းအတွက် အလွန်ပင်သဘောကျနေ၏။

"ဟေး. . . ဒါမှတို့ဦးဦးကွ . . . အခုဆိုရင် ဦးဦးကလူဆိုးနဲ့ မတူတော့ဘူး . . . ပြီးတော့ ချောလာတယ် . . . ဟုတ်တယ်မဟုတ်လား မေမေမြ"

မြသဇင်ကပြုံး၍ခေါင်းညိတ်ပါသည်။ ညရောက်သောအခါ လကသာနေပြန်သည်။ ကျွန်းကလေးသည် လရောင်ဖြင့်လင်းနေပြီ။ လွမ်းစရာလည်း ကောင်းနေပြန်ပါသည်။ ကျွန်တော်သည် ရန်ကုန်ကိုလည်းလွမ်းသည်။ မေမေရှိရာ ကော့သောင်းသို့လည်း လွမ်းပါသည်။ ပေါက်ပေါက် အိပ်ပျော်သွားသောအခါ ကျွန်တော်တို့နှစ်ယောက်





လရောင်အောက်မှာထိုင်၍ စကားပြောမိကြသည်။ သည်တစ်ညတော့ မြသဇင်က စိတ်လိုလက်ရပင် ကျွန်တော့်အကြောင်း တွေမေးနေ၏။

"ကိုစောမြင့်ဟန်ရဲ့ အဖေရှိသေးလား"

"မရှိတော့ဘူး . . . ကျွန်တော်လေးတန်းလောက်ရောက်တော့ ဖေဖေဆုံးသွားတယ်"

"မောင်နှမ ဘယ်နှစ်ယောက်လဲ"

"နှစ်ယောက်တည်း . . . ကျွန်တော်ကအကြီး။ ကျွန်တော့်အောက်မှာ ညီမလေးတစ်ယောက်ပဲရှိတယ် . . . နေခြည်တဲ့ . . . ကော့သောင်းမှာပဲ အိမ်ထောင်ကျတယ် . . မေမေက သူနဲ့နေတာပါ"

"ကိုစောမြင့်ဟန်ရဲ့ အလုပ်တိုက်က ဘယ်မှာလဲ"

"ရန်ကုန်မှာပဲ . . . လမ်းမတော်မှာ"

"အခြေအနေကောင်းလား"

"သိပ်တော့မဆိုးပါဘူး . . . ဒါပေမယ့် ဒီအတိုင်းဆက်သွားလို့တော့မဖြစ်ဘူး . . . ထပ်တိုးချဲ့ရမယ်"

"စားတော့ရော ဆိုင်မှာပဲဝယ်စားတာလား"

မြသဇင်သည် တကယ့်ကိုပင် စိတ်ပါလက်ပါနှင့်မေးနေခြင်းဖြစ်သည်။

"ကျွန်တော့် တပည့်ကလေးနှစ်ယောက်နဲ့ ဖြစ်သလိုပဲစားသိုက်တယ် . . . တစ်ခါတစ်လေ ဆိုင်မှာဝယ်စားတယ် . . . တစ်ခါတစ်လေ ချက်စားတယ်"

"ကိုစောမြင့်ဟန်လည်း ချက်တတ်မှာပေါ့နော်"

"နည်းနည်းပါးပါးတော့ ကြိုးစားထားရတာပေါ့ဗျာ . . . ဘယ်နှယ်လုပ်မလဲ . . . . ရှိတာမှ လူကလေး သုံးယောက်"

မြသဇင်ဆက်မမေးတော့သောအခါ ကျွန်တော့်အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ကျွန်တော်ကလည်း သိချင်သည့်အကြောင်းအရာသို့ရောက်အောင် သွယ်ဝိုက်ရလေတော့သည်

"မြသဇင်ရဲ့အဖေနဲ့အမေရောက်ရှိသေးလား"

"ဟုတ်ကဲ့ . . . ဖေဖေနဲ့မေမေက ရန်ကုန်မှာ . . ဖေဖေက ကုမ္ပဏီထောင်ထားတယ်လေ"

"မောင်နှမဘယ်နှစ်ယောက်ရှိလဲ"

"သုံးယောက် . . ကျွန်မကအလတ် . . အားလုံးမိန်းကလေးတွေချည်းပဲ"

"မြသဇင်တစ်ယောက်ပဲ အိမ်ထောင်ကျသေးတာလား"

သူနည်းနည်းတွေသွားပါသည်။ သို့သော်ချက်ချင်းပင်ဖြေပါသည်။

"မဟုတ်ဘူး . . . ကျွန်မအစ်မရယ် . . . ကျွန်မရယ် နှစ်ယောက်ပဲကျသေးတာ . . . ကျွန်မညီမလေးကတော့ ကျောင်းတက်နေတုန်းပဲ"

"မြသဇင်အိမ်ထောင်ကျတာ တက္ကသိုလ်တက်ကတည်းကလား"

"မဟုတ်ဘူး"

သူမအနည်းငယ်စဉ်းစား၍ . . .

"ဘွဲ့ရမှအိမ်ထောင်ကျတာ"

"ဪ . . ."

ကျွန်တော်စိတ်လှုပ်ရှားမိသည်။ မြသဇင်သည် ကျွန်တော့်ကိုလိမ်ထားလေပြီ။

"ဒါနဲ့ စကားမစပ် မြသဇင်ရဲ့အမျိုးသားက ကော့သောင်းမှာနေတာကြာပြီလား . . . သူကဘာလုပ်လဲဟင်"

"ငါးနှစ်လောက်ပဲရှိသေးတယ် . . သူက အစိုးရဝန်ထမ်းလေ"





ပြည့်ပြည့်စုံစုံမဖြေ။ ကျွန်တော်ကလည်း ထိုအချက်ကိုထပ်မမေးဖြစ်။

"မြသဇင်အမျိုးသားက မြသဇင်ကိုအတော်ချစ်မှာပဲနော်"

သည်တစ်ခါတော့ မြသဇင်က ကျွန်တော့်ကိုဖျတ်ခနဲ တစ်ချက်ကြည့်သည်။ ပြီးတော့ မသိမသာ ပြုံးသည်။

"အင်း . . . ချစ်တယ်လို့ထင်တာပဲ"

"သူ့ နာမည်က ဘယ်သူလဲဟင်"

စပ်စုသည့်နယ်နမိတ်ထဲသို့ ရောက်သွားသောစကား။ အမှန်ကတော့ သည်မေးခွန်းကိုမေးဖို့မကောင်း။ သို့သော် ကျွန်တော် တစ်စုံတစ်ခုကို အလွန်ပင် သိချင်နေလေသည်။ ထို့ကြောင့် ဘာကိုမှမငဲ့ဘဲ မေးလိုက်သည့်မေးခွန်းဖြစ်သည်။ သူမနှင့်ကျွန်တော် မျက်လုံးချင်းဆုံမိပြန်သည်။ လရောင်သည် သူမ၏ပါးပြင်သို့ကျနေသည်။ ဝိုးတဝါးအလင်းရောင်ဖြင့်ပင် သူမ၏အလှကိုသတိပြုမိပြန်သည်။

"ကိုတင်မောင်လွင်လို့ခေါ်တယ်"

သူမ ဖြေလိမ့်မည်ဟုမထင်။ ယခင်ကလိုပင် ဝေ့လည်ကြောင်ပတ်လုပ်လိုက်မည်ထင်သော်လည်း ဖြေလိုက်သဖြင့် ကျွန်တော့်ရင်ထဲနည်းနည်း ခံစားသွားရပါသည်။ ထို့ပြင် ကျွန်တော့်ကိုယ် ကျွန်တော်သံသယပြန်ရှိလာသည်။ မြသဇင်သည် စကားတွေကအမှန်တွေကိုပြောတာလည်းဖြစ်ချင်ဖြစ်နိုင်သည်။ သို့သော်ဘဝင်မကျမိပါ။ ပေါက်ပေါက်၏အသက်နှင့် မြသဇင်အိမ်ထောင်ကျသည့်အသက်သည် လွဲချော်နေပါသည်။ ပြီးတော့ မြသဇင်နှင့် ပေါက်ပေါက်တို့သားအမိ၏ အခေါ်အဝေါ်ပင်ဖြစ်သည်။ ပေါက်ပေါက်သည် မြသဇင်ကို အဘယ်ကြောင့် မေမေမြဟုခေါ်သနည်း။

မိခင်အရင်းတစ်ယောက်ကိုခေါ်လေ့ရှိသာ အခေါ်အဝေါ်များမှာ မေမေ၊ အမေ ဒါမှမဟုတ် မာမီ သည်လိုသာခေါ်ကြတာဘူး



www.burmeseclassic.com

www.burmeseclassic.com



ခါသည်။ ကျွန်တော် တစ်မျိုးစဉ်းစားကြည့်မိပြန်သည်။ ပေါက်ပေါက်သည် မြသဇင်၏စကားအရ သမီးအရင်းတော့မဖြစ်တန်ရာ။ တူမသို့မဟုတ် အလွန်ပင့်နီးစပ်သော ဆွေမျိုးတစ်ခုပင်ဖြစ်ရမည်။

မြသဇင် အိမ်ထောင်ကျသည်ဆိုသည့်အချက်ကိုတော့ သံသယရှိသော်လည်း မဖြစ်နိုင်ဘူးဟုလည်းမဆိုနိုင်။ ကျွန်တော် စိတ်ဓာတ်နည်းနည်းကျသွားလေသည်။ ထိုခဏမှာပင် ကျွန်တော့်ကိုယ်ကျွန်တော် သိလိုက်လေသည်။ ကျွန်တော်သည် မြသဇင်ကိုမြတ်မြတ်နိုးနိုးနှင့် ချစ်မိနေလေပြီ။ ကျွန်တော့်ဘဝတွင် မိန်းမများနှင့် တစ်ခါမျှ မပတ်သက်ခဲ့ဖူးပါ။

ချစ်သူရည်းစားတစ်ယောက်မှ မရှိခဲ့ဖူးပါ။ မြသဇင်သည် ကျွန်တော့်နှလုံးသားထဲသို့ ပထမဆုံးဝင်ရောက်လာသည့် မိန်းမဖြစ်သည်။ ကျွန်တော့်နှလုံးသားထဲသို့ သူမမည်သည့်အချိန်က ဝင်ရောက်လာသနည်း။ ထို့ပြင် သူမသည် လွတ်လွတ်လပ်လပ်မဟုတ်ချေ။ ကာမပိုင်လင်ယောကျ်ားရှိနေသည်ဆိုသည်။ အကယ်၍သာ ထိုအချက်သည် အမှန်ဧကန်ဖြစ်ပါက ကျွန်တော့်နှလုံးသားထဲမှ အချစ်သည်ရှင်သန်ခွင့်မရလိုက်ဘဲ သေကြေပျက်စီးသွားတော့မည်။

သူတစ်ပါး၏ဇနီးမယားကို လင်ယောကျ်ားရှိလျက်နှင့် ချစ်မိခြင်းကိုက အပြစ်ရှိနေပါသည်။ ကျွန်တော်ရှက်သွားမိသည်။

"ကိုစောမြင့်ဟန်"

"ဟင် . . . ဘာလဲမြသဇင်"

"ရှင်ဘာဖြစ်သွားတာလဲဟင် . . . မျက်နှာလည်းမကောင်းဘူး"

"ဘာရယ်လို့မဟုတ်ပါဘူးမြသဇင် . . . ကျွန်တော်တို့ကျွန်းပေါ်က ဘယ်တော့လောက်မှခွာခွင့်ရမလဲဆိုတာ စဉ်းစားမိလို့ပါ"

"ဒါတော့ ဒါပေါ့ရှင် . . . ဒါပေမယ့် စိတ်ဓာတ်တော့ သိပ်





မကျပါနဲ့ရှင် . . . တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ဒီကျွန်းပေါ်က ကျွန်မတို့ခွာနိုင်ပါလိမ့်မယ်"

မြသဇင်သည် ကျွန်တော့်အနီးသို့ သူရွှေ့လာသည်။ ပြီးတော့ ဒူးနှစ်ဖက်ကိုကွေး၍ ထိုင်သည်။ သူမ၏ ပကတိကိုယ်သင်းနံ့တို့ ကျွန်တော်ရလိုက်၏။ ကောင်းကင်တွင်ကြယ်ပွင့်ကလေးတွေက ဟိုမှာသည်မှာပြန့်ကျဲနေလေသည်။ မကြာမီ မိုးကုန်တော့မည်။ ကျွန်တော်၏ ခန့်မှန်းမှုအရ ရွှေ့လသည်သီတင်းကျွတ်လဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ကိုတော့ နေ့ရက်အတိအကျမမှန်းဆ တတ်သော်လည်း လ၏အဝိုင်းအစက်ကိုကြည့်၍ ခန့်မှန်းနိုင်ပါလိမ့်မည်။

"ရွှေ့လဆို သီတင်းကျွတ်လပဲ မြသဇင်"

"ဟုတ်လား . . ဒါဆိုနောက်လဲ လပြည့်နေ့ကျရင် ကျွန်မတို့ကျွန်းပေါ်မှာ ဆီမီးထွန်းကြရအောင်"

"ဆီကဘယ်ကရလို့ ဆီမီးထွန်းမှာလဲ"

သူမက မျက်စောင်းလှမ်းထိုးသည်။ ပြီးမှပြုံး၍ပြောသည်။

"ကျွန်းပေါ်မှာ ဒီလောက်အုန်းသီးခြောက်တွေပေါ်တာ . . . အုန်းဆီချက်ပြီး ထွန်းမှာပေါ့"

"ဟာ . . . ဟုတ်ပါရဲ့ . . . ကျွန်တော်မေ့နေတယ် . . . ဒါဆို ကျွန်တော်တို့ ငါးကိုလည်း အုန်းဆီနဲ့ကြော်စားနိုင်ပြီပဲ"

ကျွန်တော်တို့နှစ်ယောက်အူမြူးသွားလေသည်။ ထို့နောက် ပျော်ရွှင်မြူးတူးစွာဖြင့် ကျွန်တော်တို့နှစ်ယောက် အုန်းသီးခြောက်တွေ သွားကောက်ကြသည်။ သစ်ပင်သစ်ရိပ်တို့ဖြင့် အတန်ငယ်မှောင်သောနေရာတွင် သူမသည် ကျွန်တော့်လက်မောင်းကို ကိုင်တက်သည်။ အုန်းသီးခြောက်တွေ အတော်ရသောအခါ ညတွင်းချင်းပင် ဆီခြင်းမဖြင့် ကျွန်တော်ခွဲသည်။

သို့သော်လက်နာသဖြင့် လေးလုံးလောက်ပဲခွဲနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အုန်းခွံကိုခွဲ၍ အထဲမှအုန်းသီးအသားတွေကို ဓားနှင့်ခြစ်၍ ဒန်အိုးထဲသို့ထည့်သည်။ ထို့နောက် အုန်းသီးဖတ်တွေများလာသော အခါ ရေမထည့်ဘဲ အုန်းရည်ကိုသာထည့်၍ အုန်းရည်ညှစ်ရသည်။ အုန်းရေမထွက်တော့သည့် အုန်းသီးဖတ်တွေကိုလွှင့်ပစ်ပြီး အုန်းနို့ ရည်တွေကို မီးတိုက်သည်။ မီးခပ်ပြင်းပြင်းနှင့် နှစ်နာရီလောက် မီးတိုက်လိုက်သောအခါ အုန်းဆီချက်ရတော့သည်။

ဆီချက်ဖတ်တွေကလည်း စားရ၍ရပါသည်။ မနက်ကျလျှင် အုန်းဆီနှင့် ငါးတွေကြော်ရမည်။

"ရပြီ... မြသဇင်... ဒီလောက်ဆိုရပြီ... နောက်နေ့ တွေမှ ထပ်ပြီးဆီချက်ကြသေးတာပေါ့"

ကျွန်တော်တို့နှစ်ယောက် အုန်းဆံခွံတွေကို သိမ်းဆည်းပြီး ဆီချက်ဒန်အိုးကိုပါသိမ်းကြသည်။

"ညဥ့်နက်ပြီ အိပ်ကြရအောင်နော်"

လစန္ဒာသည် ကျွန်တော်တို့၏ခေါင်းပေါ် ထည့်တည့် ရောက်နေ လေပြီ။

"ဟင့်အင်း ... ကျွန်မ မအိပ်ချင်သေးဘူး"

ပတ်ဝန်းကျင်တစ်ခုလုံးမှာ သူမနှင့်ကျွန်တော်နှစ်ယောက် ထဲ။ တိတ်ဆိတ်ငြိမ်သက်သောည၌ အဖိုနှင့်အမနှစ်ဦးသည် နီးကပ်စွာ ရှိနေလေသည်။ ကျွန်တော့်ကိုယ်မှ ထွက်ခွာလုဆဲဆဲ ဆင်ခြင်တုံတရား ကိုပြန်၍ဆွဲရလေသည်။ မြသဇင်သည် ကျောက်နံရံကိုမှီ၍ရပ်နေ သဖြင့် ကျောရှင်းလှပသော ခန္ဓာကိုယ်အလှက ရင်ဖို့စရာဖြစ်နေ သည်။

ရင်မို့မို့ပေါ်သို့ လရောင်ကျသဖြင့် ရင်မို့မို့၏အရိပ်သည် ဝမ်းဗိုက်ပေါ်သို့ရောက်လျက်ရှိသည်။

ကျွန်တော့် ဆင်ခြင်တုံတရားသည် မလာချင့်လာချင်နှင့်





ကျွန်တော့်ဆီ ပြန်ရောက်လာသည်။

"ဖောင်မှာတပ်ဖို့ ရွက်အတွက်ကို ကျွန်တော်ဦးနှောက် နည်း နည်းစားနေတယ်ဗျ။ ဒီလောက်ကျယ်တဲ့ပင်လယ်ထဲကို ရွက်မပါဘဲ သွားရင်တော့ သိပ်ခရီးတွင်မှာမဟုတ်ဘူး"

"ကိုစောမြင့်ဟန်က တကယ်ပဲဖောင်နဲ့ဖြတ်ချင်နေတာကိုး ... ကျွန်မကတော့ အဲဒီလိုဖြတ်မှာကို နည်းနည်းစိုးရိမ်တယ် ... ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ကအကျယ်ကြီးလေ... နောက်ပြီး ကျွန်မတို့နှစ်ယောက်စလုံး ဘယ်သူမှမကျွမ်း ဘူး ... ပင်လယ်ထဲ ရောက်လို့ နေ့ခင်းဘက်တော့ နေကိုမြင်ရလို့ထားပါတော့ ... ညဆို ကျွန်မတို့မျက်စိလည်သွားနိုင်တယ်။ တော်ကြာ ဒီထက်ဆိုးတဲ့ အခြေ အနေ တစ်ခုကိုရောက်သွားမှဖြင့် ..."

"ဒါတော့ဒါပေါ့ ... ဒါပေမယ့် ဘယ်အချိန်တွေ့မလဲ မသိတဲ့ စက်လှေတွေ၊ သင်္ဘောတွေကို ကျွန်တော်မမျှော်ချင်တော့ဘူး ... အဲဒီစက်လှေတွေ တွေ့ရင်တောင် ကျွန်တော်တို့ကျွန်းနဲ့ နီးဦး ပါမှ ... ကျွန်တော်တို့ကိုတွေ့ဦးပါမှ ... တကယ်လို့ မတွေ့ဘူးဆို ကျွန်တော်တို့မျှော်လင့်ချက်ဆုံးပြန်ပြီ ... အဲဒီလိုဆိုရင် ကျွန်တော် တို့ ဒီကျွန်းပေါ်မှာနှစ်နဲ့ကိုကြာပြီး နေသွားရနိုင်တယ်"

"ဘာဖြစ်သေးလဲ ... ပင်လယ်မှာဒုက္ခတွေ့မှာထက်စာရင် ဒီကျွန်းက အများကြီးလုံခြုံစိတ်ချရပါတယ် ... ဒီကျွန်းပေါ်မှာ ရေထဲနစ်မသေနိုင်ဘူး ... စားစရာရှိတယ် ... မီးရှိတယ် ... ရေရှိတယ် ... နေစရာအိမ်ရှိတယ် ... တစ်ခုတော့ရှိတာ ပေါ့... ဒီအခြေအနေကို ကျွန်မနှစ်သက်လို့ပြောတာမဟုတ်ဘူး နော် ... ဒါပေမယ့် ပင်လယ်ထဲမှာ ဘုမသိဘမသိနဲ့ဒုက္ခရောက်မှာ ထက်စာရင် ဒီမှာက ပိုကောင်းတယ် ... ပိုတည်ငြိမ်တယ် ... အသက်ရှင်ဖို့ အခွင့်အရေးပိုများတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျွန်းပေါ်မှာ မြသဇင်ပြောတဲ့အချက်တွေ ပြည့်စုံနေပေမယ့် ဟိုတစ်ခါကလို ပေါက်ပေါက်နေမကောင်းရင်၊ ဒါမှမဟုတ် ကျွန်တော်ဖြစ်ဖြစ်၊ မြသဇင်ဖြစ်ဖြစ်နေမကောင်းရင် ဘယ်လိုလုပ်မလဲ။ စားတာနဲ့နေတာနဲ့ပြည့်စုံနေရုံနဲ့မဖြစ်ဘူးမြသဇင် . . . ကျွန်တော်တို့မှာ ဘာမှမပြည့်စုံဘူးနော်။ ယုတ်စွ အဆုံး အနာဖြစ်ရင်တောင် ထည့်ဖို့ဆေးမရှိဘူး။ နောက်ပြီးအဝတ်အစား။ ကလေးမှာလည်း အဝတ်အစားက အတော်နွမ်းနေပြီ။ မြသဇင်လည်း ရေစိုလို့တောင်လဲစရာမရှိတဲ့အခြေအနေ။ ကျွန်တော်တို့လည်း လူရိုင်းတစ်ပိုင်းဖြစ်နေပြီ။

မြသဇင်သည်ပြုံး၏။ ပြုံးရင်းနှင့်စိတ်မထိန်းနိုင်တော့ အသံထွက်၍ရယ်သည်။ သူမရယ်သံထွက်လာတော့ ကျွန်တော်ပါလိုက်ရယ်မိ သည်။

"နောက်တစ်ချက်က ဒီကျွန်းပေါ်မှာ ကြာရင်ငှက်ဖျားရလာနိုင်တယ်။ အခုတောင် ကျွန်တော်တို့ကိုယ်ထဲ ငှက်ဖျားပိုးတွေ ဘယ်လောက် ရောက်နေပြီလဲမသိဘူး . . . တကယ်လို့များ ကျွန်တော်တို့ ငှက်ဖျားရပါပြီတဲ့ ဘယ်မှာလဲဆေး။ နောက်တစ်ချက်ရှိသေးတယ်။ အဲဒါကတော့ ပေါက်ပေါက်ရဲ့ပညာရေးပဲ။ သူ့ဒီကျွန်းပေါ်မှာဘာစာမှ မသင်နိုင်ဘူး"

"ကျွန်မ သင်သင်ပေးထားပါတယ်"

"သင်ပေးပေမယ့် အတန်းပညာမှာနောက်ကျသွားလိမ့်မယ်"

သူကျောင်းကိုပြန်ရောက်သွားတဲ့အခါမှာ သူ့သူငယ်ချင်းတွေနဲ့ အတန်းကွာသွားလိမ့်မယ်။ နောက်ပြီး အမှန်အတိုင်းမရှက်ဘဲဝန်ခံရရင် ကျွန်တော် ထမင်းကိုအရမ်းတောင့်တတယ် မြသဇင်။ ဟိုးလူရယ်လို့ စဖြစ်ကတည်းက စားလာရတဲ့ထမင်းကို လနဲ့ချီပြီး မစားရတော့ စိတ်ထဲမှာ အာသာမပြေဘူး။ ဒါကြောင့် မိုးလေငြိမ်တဲ့





ပွင့်လင်းရာသီရောက်တာနဲ့ ကျွန်တော်တို့ဒီကျွန်းက ခွာနိုင်ဖို့ကြိုးစားရမယ်"

"လူမှာ ဘာအရေးကြီးဆုံးလဲ ကိုစောမြင့်ဟန်"

ကျွန်တော် ဖြေလိုက်မိသည်။

"စားဝတ်နေရေးပေါ့"

"ဟုတ်ပါတယ် . . . ဒါပေမယ့် စားဝတ်နေရေးထက် ပိုအရေးကြီးတာက အသက်ရှင်သန်ရေးပါ။ ကျွန်မတို့ရဲ့ လက်ရှိအခြေအနေအရ ကိုစောမြင့်ဟန်ပြောတဲ့ လိုအပ်ချက်တွေရှိနေပေမယ့် သေချာတာတစ်ခုကတော့ ကျွန်မတို့ အသက်ရှင်နေမှုကိုရနိုင်တယ်။ ကျွန်မတို့ရဲ့ လူနေမှုအခြေအနေက ဘယ်လိုပဲ နိမ့်ကျနေပါစေ ကျွန်မတို့ဟာ ကျောက်ခေတ်ကလူတွေရဲ့ အသက်ရှင်နေထိုင် မှုမျိုးရနေနိုင်တယ်"

ကျွန်တော် စောဒကတက်မည်ပြုသောအခါ သူမကဆက်ပြော၏။

"တကယ်လို့ ကျွန်မတို့မှာ သံလိုက်အိမ်မြှောင်လည်းရှိမယ်။ ပင်လယ်ထဲကိုဖြတ်ကူးဖို့ လုံခြုံစိတ်ချရတဲ့ ရေယာဉ်တစ်စီးလည်း ရှိမယ်ဆိုရင် အဲဒီနေ့ဟာ ကျွန်မတို့ဒီကျွန်းက ခွာတဲ့နေ့ပဲဖြစ်လိမ့်မယ်။ နောက်တစ်ခု ကိုစောမြင့်ဟန်ကို ကျွန်မမေးချင်တယ်"

သူမသည် ရင်ညွန့်ရှေ့သို့ လက်နှစ်ဖက်ကို ကြက်ခြေခတ်ယှက်ဆိုင်းလိုက်သည်။

"ရွက်မပါဘဲ၊ သံလိုက်အိမ်မြှောင်မပါဘဲ၊ ရိက္ခာမပြည့်စုံဘဲ ဒီပင်လယ်ကြီးကို ရှင်ဖြတ်ရဲသလား"

ကျွန်တော်သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ရွက်မရှိရင် တက်နဲ့လှော်မယ်ဗျာ . . . အိမ်မြှောင်မရှိရင် နေ့ ကြယ်ကို ကြည့်ပြီးသွားမယ်ဗျာ . . . ရိက္ခာကိုတော့ လုံလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ထည့်ယူသွားမှာပေါ့”

မြသဇင်က ပြုံးလေ၏။

“ရှင်ပြောသလိုဆို လူတွေဟာ ရေကြောင်းပညာကျောင်းတွေတောင် တက်စရာမလိုတော့ဘူး။ ပင်လယ်ပြင်မှာ ဘာအတတ်ပညာ၊ ဘာအတွေ့အကြုံမှမရှိဘဲ ခရီးတွေသွားနေကြတော့မှာပေါ့။ လူတိုင်း လူတိုင်း သင်္ဘောကပ္ပတိန်တွေဖြစ်ကုန်မှာပေါ့။ မှတ်ထား . . . ကိုစောမြင့်ဟန် . . . ကုန်းပေါ်မှာ ကားတစ်စီးမောင်းရဖို့က ဆရာ,မလိုဘဲဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ပင်လယ်ထဲမှာ ဖောင်တစ်စီး၊ သင်္ဘောတစ်စီးမျှောဖို့က သိပ်ခက်ပါတယ်”

ကျွန်တော် စိတ်နည်းနည်းတိုလာသည်။

“ဒါဆို မြသဇင် ဒီကျွန်းပေါ်မှာ တစ်သက်လုံးနေသွားနိုင်သလား”

“ကျွန်မ တစ်သက်လုံးမပြောနဲ့ . . . တစ်ရက်ကလေးတောင်မှ ဒီကျွန်းပေါ်မှာမနေချင်ပါဘူး။ မဖြစ်သာလွန်းလို့နေနေရတာပါ။ ကျွန်မလည်း ကျွန်မ မိသားစုကိုလွမ်းတာပေါ့။ အိမ်ကိုပြန်ချင်တာပေါ့။ ဒါပေမယ့် ကျွန်မရဲ့အသက်ရှင်ရပ်တည်မှုထက် ဘာမှအရေးမကြီးဘူး ကိုစောမြင့်ဟန်”

“ဒါဆို မြသဇင်ရဲ့အဘိဓမ္မာက အသက်ရှင်ရပ်တည်ရေးသာ အဓိကပေါ့ဟုတ်လား”

“အခုအချိန်မှာ အဲဒါအမှန်ဆုံးပဲ။ ကျွန်မအကြောင်းမဲ့ မစွန့်စားချင်ဘူး။ တကယ်လို့ပေါ့ ရှင်ဟာ ဗိသုကာပညာရှင်တစ်ယောက်မဟုတ်ဘဲ၊ ဒီ ပင်လယ်ပြင်မှာ သွားလာဖူးတဲ့ မာလိန်မှူးတစ်ယောက်ဆိုရင် ကျွန်မဒီလောက်အထိ ပြောနေမှာတောင်မဟုတ်ဘူး”

“ကိုလံဘတ်တို့ ဘတ်စကိုဒဂါးမားတို့ မြသဇင်သိလား . . . နယ်မြေသစ်ကို စူးစမ်းလေ့လာကြတဲ့သူတွေလေ . . . သူတို့တွေဟာ





အသက်ရှင်ရပ်တည်မှုထက် စွန့်စားမှုကို ဝါသနာထုံတဲ့သူတွေ၊ မြသဇင်ပြောသလိုသာဆိုရင် အကြောင်းမဲ့ ဧဝရက်တောင်တက်တဲ့သူတွေကိုတောင် အပြစ်ပြောရလိမ့်မယ်”

“ကျွန်မအပြစ်မပြောပါဘူး။ စောစောက ကျွန်မပြောခဲ့သလိုပေါ့။ အသက်ရှင်ရပ်တည်ရေးသာ အဓိကဆိုတဲ့ အဘိဓမ္မာဟာ အခုအချိန်မှာပါ နယ်မြေသစ်ကိုစူးစမ်းကြတဲ့သူတွေ၊ စွန့်စားသွားလာတဲ့သူတွေမှာ သူတို့ရည်ရွယ်ချက်နဲ့သူတို့ပါ။ နောက်ပြီး သူတို့ဟာ သူတို့ခရီးအတွက် ကြိုတင်ပြင်ဆင်ပြီးမှ သွားကြတဲ့သူတွေပါ။ ကံအကြောင်းမလှလို့ အလွဲလွဲအချော်ချော်ဖြစ်ချင် သာဖြစ်ကြမှာပါ။ မှန်အတိုင်းဆိုရင်တော့ သူတို့ရဲ့ပန်းတိုင်၊ သူတို့ရဲ့ရည်မှန်းချက်ကို ရောက်ကြမှာပါ”

“ဒီမှာမြသဇင် ကျွန်တော်တစ်ခုပြောမယ်။ ဒီစကားကို ကျွန်တော်အရင်ကလည်းပြောခဲ့ပြီးပါပြီ။ တနင်္သာရီကမ်းရိုးတန်းနဲ့ ကျွန်တော်တို့ ကျွန်းမိုင် ၁၀၀ မဝေးပါဘူး။ တစ်နေ့ကို ကျွန်တော်တို့ ၁၀ မိုင်ပဲခရီးပေါက်တယ်ထားဦး။ ၁၀ ရက်ဆိုရင်ပဲ ကမ်းရိုးတန်းကိုရောက်ပြီ”

“သေချာလား”

“သိပ်သေချာတာပေါ့”

သူမ ရယ်ပြန်ပါသည်။

“မသေချာဘူး ကိုစောမြင့်ဟန် . . . ရှင်ပြောတဲ့အချက်ဟာ ဒီမိုင် ၁၀၀ ဆိုတဲ့ အကွာအဝေးဟာ ပင်လယ်မဟုတ်ဘဲ ကုန်းမြေဆိုရင် သိပ်မှန်တာပေါ့။ တစ်ရက်ကို ၁၀ မိုင်သွားရင် ၁၀ ရက်ဆို ကမ်းရိုးတန်းကိုရောက်ပြီပေါ့။ ဒါပေမယ့် အခုရှင်ပြောတဲ့ မိုင် ၁၀၀ ဆိုတဲ့အကွာအဝေးဟာ ရေပြင်နော်။ ပြီးတော့ ပင်လယ်၊ ပင်လယ်ဆိုတာ ရာသီဥတုကောင်းတဲ့အချိန်တွေမှာတောင် မာယာများတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပခုံးတွန့်လိုက်မိသည်။

"ဒါဆို ကျွန်တော်တို့ တစ်သက်လုံး ဒီကျွန်းပေါ်မှာပဲ နေသွားကြရလိမ့်မယ်ထင်တယ်"

"မထင်ပါနဲ့ . . . ဒီကျွန်းဟာ လူသူအရောက် အပေါက်နည်းတဲ့ ဝစိဖိတ်သမုဒ္ဒရာထဲကကျွန်း မဟုတ်တာတော့ သေချာပါတယ်။ ကျွန်မတို့ ကျွန်းကို ဆလုံငါးဖမ်းလှေတွေလည်း ရောက်လာနိုင်သလို၊ ရေတပ်ကလည်း ရောက်လာနိုင်ပါတယ် . . . အင်း . . . ပင်လယ်ဓားပြတွေလည်း ရောက်လာနိုင်တာပဲလေ"

သည်တစ်ခါတော့ ကျွန်တော်ရယ်လိုက်မိသည်။

"ကျွန်တော်ငယ်ငယ်က ကြားဖူးတဲ့ ပုံပြင်ကလေးထဲကလို ဖြစ်နေပြီး မြသဇင်လည်း ကြားဖူးမှာပေါ့။ တံငါလှေတစ်စီးက တစ်နေ့မှာ ငါးကလေးသုံးကောင်ကိုဖမ်းမိတယ်။ ပထမငါးက ကုသိုလ်ကံကိုယုံကြည်တယ်။ ငါ့မှာသေဖို့ ကံမပါရင် သေမှာမဟုတ်ဘူးဆိုပြီး ကံကိုသာစောင့်နေတယ်။ ဒုတိယငါးက ဝီရိယကိုယုံကြည်တယ်။ လှေဝမ်းထဲကနေ ရေထဲကိုရောက်ဖို့ အကြိမ်ကြိမ် ကြိုးစားတယ်။ ဒါကြောင့် တံငါသည်တွေက သူ့ကိုရိုက်သတ်ပြီးခြင်းထဲ့ထည့် ထားလိုက်တယ်။ တတိယငါးကျတော့ ဉာဏ်သမား၊ လှေရဲ့အခြေအနေကို ချောင်းနေတယ်။ လှိုင်းလုံးလို့ လှေအစောင်းမှာ ရေထဲခုန်ဆင်းပြီး လွတ်သွားတယ်။ ကံကိုယုံတဲ့ငါးကတော့ လှေကမ်းကိုကပ်တဲ့အထိ ကံကိုယုံတုန်းပဲဆိုတော့ သူလည်း ပလိုင်းထဲရောက်သွားတယ်"

မြသဇင်သည် ကျွန်တော့်ပုံပြင်ကို ပြုံး၍နားထောင်နေ၏။

"အဲဒီပုံပြင်အရဆိုရင် ကျွန်မက ဘယ်ငါးလဲ"

"ပထမငါး"

"မဟုတ်ဘူး တတိယငါး"

"ဩော် . . . မြသဇင်က ကံကိုမယုံဘူးပေါ့ . . . ထားပါတော့ . . . ဒါဆို ကျွန်တော်ကရော"

သူမ ပြုံး၍ဖြေ၏။

"ဒုတိယငါး"

ကျွန်တော် နည်းနည်းအောင့်သွားပါသည်။ ကျွန်တော် နည်းနည်းအောင့်သွားမှန်း သူမသိသွားသောအခါ အသံထွက်၍ရယ်ပါသည်။

"ဆောရီးနော် ကိုစောမြင့်ဟန် . . . ကျွန်မရှင့်စိတ်တွေ တင်းကြပ်လွန်းနေမှာမို့ နောက်လိုက်တာ . . . ကဲပါ . . . ညဦးနက်ပြီ ကျွန်မတို့အိပ်ကြရအောင် . . . မနက်ကျ ရှင်သစ်တုံးတွေသွားဖြတ်ဦးမှာ မဟုတ်လား"

စိတ်ပေါက်ပေါက်နှင့် ကျွန်တော်ရယ်ချလိုက်သောအခါ သူမကလည်း လိုက်ရယ်ပါသည်။ ပြီးမှ . . .

"ဘာပဲဖြစ်ဖြစ် ကြိုတင်ပြင်ဆင်ထားတာတော့ မမှားပါဘူးရှင်"

ကျွန်တော်နားမလည်နိုင်စွာနှင့် မျက်မှောင်ကုပ်ရင်း သူမ၏နောက်မှလိုက်၍ တဲထဲဝင်ခဲ့သည်။ တဲထတွင် လရောင်သည် ဝေဝါးလှုပ်ရှားနေ၏။





www.burmeseclassic.com

www.burmeseclassic.com



(၇)

"သစ်တုံးတွေကို ခုတ်ဖြတ်ထားသည်မှာ ဆယ်လုံးပင်ရှိနေလေပြီ။ သစ်လုံးတွေက လုံးပတ်ရှစ်လက်မလောက်ရှိမည်မို့ ၁၀ လုံးဆိုလျှင် လက်မ ရှစ်ဆယ်ရှိမည်။ လက်မ ၈၀ ဆိုတာ ၇ ပေ ဗျက်လောက်ရှိသော ဖောင်ကိုရမည်။ ဖောင်၏အလျားကိုတော့ ၁၀ ပေလောက်ပဲထားရကောင်းမည်လား စဉ်းစားသည်။ ဖြတ်တော့မဖြစ်ရသေး။ လူသုံးယောက်အတွက်ဆိုတော့ နည်းနည်းများကျဉ်းနေမလား စဉ်းစားမိပါသည်။

သည်အတောအတွင်း ကျွန်းပေါ်မှာရှိသော နွယ်ကြိုးတွေကို ကျွန်တော် လေ့လာကြည့်နေသည်။ အချို့နွယ်ကြိုးတွေက အဆွဲအချည်မခံ။ အချို့နွယ်ကြိုးကျတော့လည်း ရေစိမ်မခံ။ ရေထဲမှာကြာကြာထားသောအခါ ပွပြီးပြတ်ထွက်ကုန်သည်။ နောက်ဆုံးတွင် ဖောင်ဖွဲ့ရန် အကောင်းဆုံးဖြစ်သော နွယ်ကြိုးတွေကို ရှာတွေ့လေသည်။

မြသဇင်သည် သစ်တုံးတွေကို တိုင်းတာနေသော ကျွန်တော့်ကို လာကြည့်သည်။





"ဖောင်ထွက်ဖြစ်ရင် ကျွန်တော်နဲ့လိုက်မှာလား"

သူမက မသိမသာပြုံး၏။

"ကျွန်မတို့ကို ထားခဲ့ရက်သလားဟင်"

ကျွန်တော့်အမေးကို သွယ်ဝိုက်၍ဖြေပြီး၊ သွယ်ဝိုက်၍ပြန်မေးသော မေးခွန်း။ သစ်တုံးတစ်တုံးကို နဖားပေါက်ဖောက်ရန်နေရာကို သတ်မှတ်လိုက် ပြီးနောက် ကျွန်တော်ဓားမကိုအောက်သို့ပစ်ချလိုက်သည်။ မြသဇင်သည် ကျွန်တော်ရှိရာသို့ ခပ်နွဲ့နွဲ့လျှောက်လာသည်။ လက်အလွှဲနှင့် ခါးအနွဲ့ကို ကျွန်တော်ငေးကြည့်မိသွားသည်။

"ကျွန်တော့်အသက်နဲ့ရင်းပြီး မြသဇင်တို့သားအမိကို ပင်လယ်ထဲမှာ စောင့်ရှောက်သွားမှာပါ။ ကျွန်တော်တို့ ကမ်းရိုးတန်းကို သေချာပေါက်ရောက်သွားမှာပါ"

"May be လား၊ Must be လား ကိုစောမြင့်ဟန်"

"Must be ဖြစ်ဖို့တော့ များပါတယ်"

မြသဇင်သည်ရယ်လေ၏။ သူမ၏မျက်နှာသည် ကျတ်သရေရှိစွာဖြင့် လှပနေလေသည်။

"ကျွန်မမျှော်လင့်နေတာ တစ်ခုရှိတယ် ကိုစောမြင့်ဟန် . . မျှော်လင့်ချက်ဖြစ်နေလို့ ကျွန်မဖွင့်မပြောသေးတာ။ ဒါပေမယ့် ကျွန်မဖွင့်ပြောတော့မယ်။ ကျွန်မတို့ကိုလိုက်ရှာမယ့်သူတွေ သိပ်မကြာခင်မှာ ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန်မထင်တယ်"

"ကျွန်တော်တော့မထင်ဘူး . . . ဘာဖြစ်လို့လဲဆိုတော့ ဒီလောက်ရက်တွေ၊ လတွေလည်းကြာခဲ့ပြီ . . . ရှာမယ်ဆိုရင် စက်လှေနဲ့ပြီး တစ်ပတ်လောက်အတွင်း ဒီကိုရောက်လာမှာပေါ့"

"ကောင်းပြီလေ . . . ကျွန်မတို့သဘောတူညီချက်ကလေး တစ်ခု လုပ်ကြရအောင်။ ပင်လယ်ကို ဖောင်နဲ့ဖြတ်ဖို့ကိစ္စကို ရှင်လုပ်ပါ။ ကျွန်မလည်း အကူအညီပေးမယ်။ ပင်လယ်ထဲမှာ မိုးလေကင်းစင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လဟာ သီတင်းကျွတ်လနော်။ ဒီတော့ ကျွန်မတို့ သီတင်းကျွတ်လ ကုန်အထိ ဒီကျွန်းပေါ်မှာစောင့်မယ်။ တန်ဆောင်မုန်းလရောက်လို့မှ ဘာမှမထူးခြားဖူးဆိုရင် ရှင်နဲ့အတူ ကျွန်မတို့လိုက်မယ်"

ကျွန်တော်သဘောတူပါသည်။ မည်သည့်အချိန် ရောက်လာမှန်းမသိသည့် စက်လှေများကို ရမ်းသမ်းမျှော်မှန်းရခြင်းထက် ယခုလို အချိန်ကာလတစ်ခု တိတိကျကျသတ်မှတ်၍ မျှော်ရခြင်းမှာ သဘာဝကျပါသည်။ မြသဇင်သည် ယထာဘူတကျသော အမြင်ရှိသူတစ်ဦးဟု ကျွန်တော်ကောက်ချက်ချမိပါသည်။

"ခဏနားချင်နားလိုက်တော့လေ။ ကျွန်မတို့နေ့လည်စာ စားလိုက်ရအောင်။ ပြီးရင် ရှင့်မောင်းချမား ခဏပေး ပေါက်ပေါက် လက်သည်းတွေရှည်နေပြီ . . . ရှင်လည်း လက်သည်းတွေညှပ်ဖို့ကောင်းပြီ"

"ညှပ်ဖို့မအားလို့ မညှပ်တာ"

"အလိုတော် မအားရအောင် တစ်နေ့တစ်နေ့ ဘာအလုပ်ရှိလို့လဲ။ ဒီ သစ်တုံးလေး လေးငါးတုံးခုတ်တာပဲ ပြောစရာရှိတယ်"

ကျွန်တော့်ကိုမျက်စောင်းကလေးခဲ၍ပြောနေသည့် မြသဇင်ကိုကြည့်၍ ကျွန်တော်ရယ်လိုက်မိသည်။ နေ့လယ်စာကတော့ မဆိုးပါ။ ငါးကြော်၊ ကင်းမုံရွက်ဟင်းချို၊ ပြီးတော့ မျှစ်ကြော်၊ ငှက်ပျောသီးတို့ဖြစ်သည်။ ကင်းမုံရွက်ဟင်းချိုသည် ကျောက်ပုစွန်နှင့်ချက်ထားသဖြင့် အရသာအလွန်ရှိပါသည်။

"ရန်ကုန်မှာဆို ကျောက်ပုစွန်က သိပ်ဈေးကြီးတာဗျ . . . စားသောက်ဆိုင် ကြီးတွေမှရတယ်"

ကျွန်တော်တို့စားသောက်၍ မြိန်ကြပါသည်။ စားပြီးတော့ ကျွန်တော်တို့ တစ်ရေးအိပ်သည်။ ပေါက်ပေါက်ကတော့ သူ့အမေ လက်သည်းညှပ်ပေးတာ ခံနေ၏။ မွန်းလွဲချိန်လောက်တွင် ကျွန်တော်





နိုးလာသည်။ မြသဇင်က ရေချိုးရန်အတွက် ပေါက်ပေါက်ကို ကျွန်တော်နှင့်ထားခဲ့ပြီး ပင်လယ်ဘက်ထွက်သွားသည်။

"သိပ်လည်းကြာမနေနဲ့ဦးနော်။ တော်ကြာ ကျွန်တော်စိတ်ပူပြီး လိုက်လာမိနေဦးမယ်"

"အောင်မယ် လိုက်ရဲလိုက်လာကြည့်"

ကျွန်တော်တို့ ရယ်လိုက်မိကြသည်။ မြသဇင်ထွက်သွားသောအခါ ကျွန်တော်နှင့်ပေါက်ပေါက်ကစားကြသည်။ ကစားရင်းနှင့် ကျွန်တော်က . . .

"သမီး . . . သမီးအဖေနာမည် ဘယ်သူလဲဟင်"

ပေါက်ပေါက်သည် ကလေးပီပီ လွတ်ခနဲဖြေလေသည်။

"ဦးရဲမြင့်"

"သမီးအမေနာမည်က ဘယ်သူလဲ"

ကလေးသည် ဒီတစ်ခါတော့ အနည်းငယ်စဉ်းစားပြီး ဖြေသည်။

"ဒေါ်မြသဇင်"

"သမီးက ဉာဏ်သိပ်ကောင်းတယ်နော်။ ဟိုနေ့က အင်္ဂလိပ်စာတွေဆိုနေတာ အကုန်လုံးမှန်တယ်။ ဒါနဲ့ မေမေမြရဲ့ယောကျ်ားနာမည်က ဘယ်သူလဲ"

ကလေးသည် ကြောင်သွားပြီးမှ စဉ်းစားပြီးဖြေသည်။

"မေမေက သမီးအမေလေဦးဦးရဲ့ . . . သမီးအမေရဲ့ယောကျ်ားက သမီးအဖေပဲပေါ့"

"ဟုတ်ပြီ . . . ဒါဆိုသမီးအဖေရဲ့နာမည်က ဘယ်သူလဲ"

သူမသည် တစ်ချက်တွေ၍ စဉ်းစားပြန်သည်။

"ဦးရဲမြင့်လေ . . . စောစောကပြောပြီးပြီပဲ"

"ဒါဆို သမီးတို့အမျိုးထဲမှာ . . . ဦးတင်မောင်လွင်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ"

"ဘယ်က ဦးတင်မောင်လွင်လဲ . . . သမီး မသိဘူး"

"သမီးအဖေနာမည်က ဦးရဲမြင့်လား၊ ဦးတင်မောင်လွင်လား"

"ဟာ. . . ဦးဦးကလည်း ဦးရဲမြင့်ပါလို့ဆိုနေ . . . ဘယ်က ဦးတင်မောင်လွင်ကမှာလဲ။ အင်း . . . သမီးကို မေမေမြက အဲဒီအကြောင်းတွေ ဦးဦးကို မပြောပြရဘူးလို့ မှာထားတယ်"

ပေါက်ပေါက်သည် ပါးစပ်ကို လက်ကလေးဖြင့် အုပ်ထားပြီး ပြောမိသည်ကိုကြောက်နေပုံရသည်။ မြသဇင်သည် ကျွန်တော့်ကို မပိမရိ လိမ်ထားလေပြီ။ သို့သော် ကျွန်တော့်စိတ်ထဲတွင် ဘဝင်မကျဖြစ်မိသည့်တစ်ချက်ရှိနေပါ သည်။ သူမသည် ပေါက်ပေါက်၏ဖခင် ဦးရဲမြင့်ဆိုသူ၏ဇနီးမဟုတ်သည်က သေချာပါသည်။ သူမသည် အကယ်၍ လိမ်ချင်လျှင် ပေါက်ပေါက်ဖခင်၏အမည်ကိုပင် အသုံးချ၍ ပိပိရိရိလိမ်ထားနိုင်ပါလိမ့်မည်။ သူမက ပေါက်ပေါက်၏ဖခင်အမည်ကို သိနေနိုင်ပါလျက် အဘယ်ကြောင့် သူမ၏ခင်ပွန်းအမည်ကို ကိုတင်မောင်လွင်ဟု အမျိုးအဆွေထဲတွင်မရှိသည့်အမည်ကို ပြောရလေသနည်း။

သူမ၏ ယောက်ျားအမည်ကို ကျွန်တော်မေးသောအခါ ဦးရဲမြင့်ဟု ဖြေလျှင် ပေါက်ပေါက်အဖြေနှင့် ကိုက်နေမည်ဖြစ်သဖြင့် ကျွန်တော်၏သံသယ တွေပင်ပျောက်သွားနိုင်ပါလိမ့်မည်။ သို့သော် ဖြစ်နိုင်ချေတစ်ခုတော့ရှိပါသည်။ ထိုဖြစ်နိုင်ချေမှာ ကျွန်တော်၏ မှန်းဆချက်သာဖြစ်လိမ့်မည်။

မြသဇင်သည် ပေါက်ပေါက်၏အမေမဟုတ်။ မြသဇင်နှင့် ပေါက်ပေါက်သည် တူဝရီး သို့မဟုတ် တခြားတော်စပ်မှုတစ်ခုရှိပါလိမ့်မည်။ ထို့ကြောင့် မြသဇင်သည် ကျွန်တော့်ကိုလိမ်ရာ၌ သူမ၏ခင်ပွန်း





အမည်ကို ဦးရဲမြင့်ဟု သုံးရမည်ကို ထိပ်ပြာသန့်ပုံမရဖြစ်ပါလိမ့်မည်။ ဦးရဲမြင့်သည် သူမ၏ခဲအို သို့မဟုတ် အစ်ကိုဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် သူမသည် တကယ်မရှိသော နာမည်တစ်ခုကို စိတ်ကူးမိသလို သုံးစွဲလိုက်ခြင်းပင်ဖြစ်နိုင်ပါသည်။

ထို့ပြင် နောက်တစ်ချက်ကို မှန်းဆကြည့်မိပါသေးသည်။ မြသဇင်သည် ယခုနောက်ပိုင်း၌ ကျွန်တော်၏ကိုယ်ကျင့်တရားအပေါ် ယုံကြည်မှုများပြသလာသည်။ သူမသည် အိမ်ထောင်မရှိသော အပျိုတစ်ဦးအဖြစ် ကျွန်တော် ရိပ်စားသံသယရှိလာအောင်ပင် လမ်းစပေးလိုက်ခြင်းပင်လော။ ထိုအချက်ကိုတော့ မြသဇင်မှလွဲ၍ မည်သူမျှ သိနိုင်လိမ့်မည်မဟုတ်ပါ။

ပေါက်ပေါက်သည် တောပန်းကလေးတချို့ကို မြေပြင်ချ၍ ဆော့နေသည်။

"သမီး"

"ဘာလဲဦးဦး"

အဖြေတစ်ခုကို ပြတ်ပြတ်သားသား သိရဖို့ကြိုးစားရပေဦးမည်။

"ပန်းကလေးတွေထဲမှာ သမီးဘယ်ပန်းအကြိုက်ဆုံးလဲ"

"မွှေးတဲ့ပန်းမှန်သမျှ သမီးအကုန်ကြိုက်တယ်"

"ဒါပေမယ့် တချို့ပန်းတွေကျတော့ မွှေးပေမယ့် ဆူးရှိတယ် သမီးရဲ့"

"ဘယ်ပန်းလဲ"

"နှင်းဆီပန်းလေ"

"နှင်းဆီပန်းကို သမီးသိပ်ကြိုက်တယ် . . . နှင်းဆီပန်းက သိပ်လှတာ ဦးဦးရဲ့"

"သမီးအမေက နှင်းဆီပန်းကြိုက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မေမေမြကြ သမီးတို့နဲ့အတူနေတာလား"

"ဟင့်အင်း. . . မေမေမြက ရန်ကုန်မှာအနေများတယ်" ကလေးကို မျက်စလည်အောင်ထပ်လုပ်ရသည်။

"ရော့ သမီး. . . ဒီပန်းကလေးက ပိုလှတယ်။ ဒါနဲ့ မေမေမြနဲ့သမီးအမေ က ညီအစ်မလား"

ပေါက်ပေါက်သည် ပန်းကိုအာရုံရောက်နေလေပြီ။

"ဟုတ်ကဲ့"

"ဒါဆို မေမေမြသမီးရဲ့ အန်တီပေါ့နော်"

"ဟုတ်ကဲ့"

"သမီးအဖေနာမည်က ဘယ်သူ"

"ဦးရဲမြင့်လေ"

လုံလောက်သွားလေပြီ။ ကံအားလျော်စွာဖြင့်ပင် ကျွန်တော် သိချင်တာတွေမေးပြီးသောအခါမှ မြသဇင်ကပြန်ရောက်လာသည်။ နုပျိုလတ်ဆတ်သော အလှကြောင့် ရင်ခုန်မိလေသည်။



(၉)

လစန္ဒာက နေဝင်ပြီး တစ်နာရီကျော်ကျော်လောက်မှာ ပင်လယ်ထဲက ထွက်လာသည်။ ဝိုင်းစက်ပြည့်ဝနေသည့်လ။ သည်နေ့ကို သီတင်းကျွတ်လပြည့်နေ့ဟု ကျွန်တော်တို့ဘာသာ သတ်မှတ်လိုက်ကြ၏။ စက်လှေနှင့်လိုက်ပါလာခဲ့သည့်နေ့ကို ကျွန်တော်တို့ ကောင်းစွာမှတ်မိသည်။ ပင်လယ်ထဲမှာ သုံးရက်မျောခဲ့သည်ကို ကျွန်တော်မှတ်မိသည်။ သတိလစ်ခဲ့သောရက်ကိုတော့ မမှတ်မိပါ။

တစ်ရက်လား၊ နှစ်ရက်လား သည်လောက်ပဲရှိမည်။ ကျွန်း ပေါ်မှာ ရောက်နေသည့်ရက်တွေကို အတိအကျသိသည်။ သည်သို့ ဆိုလျှင် သီတင်းကျွတ်လကိုခန့်မှန်း၍ရလေပြီ။ လပြည့်နေ့ကိုတော့ ပင်လယ်ထဲကထွက်လာသည့်လကိုကြည့်၍ ခန့်မှန်းခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျွန်း၏နေရာအနှံ့ကို ဆီမီးထွန်းဖို့ကြိုးစားသော် လည်း လေညှင်းက ခပ်ဖြည်းဖြည်းကလေး တိုက်ခတ်နေသဖြင့် ကျွန်တော်တို့၏တဲအိမ်ကလေးရှေ့မှာပင် ဆီမီးတွေကို ထွန်းညှိဖြစ်ပါ သည်။

ကျွန်တော်တို့၏ဆီမီးခွက်သည် အလွန်ပင်ကဗျာဆန်လေ ၏။ တမ်းစပ်နားမှာကျနေသည့် ယောက်သွားခွံများကို ပက်လက်လှန်



www.burmeseclassic.com

www.burmeseclassic.com



၍ အနှံ့ဆီထည့်ကာ လဲမှိုကိုကျစ်၍ထည့်လိုက်ပြီး မီးထွန်းခြင်းသာဖြစ်၏။ ဆီမီးခွက်တလေးတွေက ငါးဆယ်လောက်ရှိသည်။ ဆီမီးခွက်တွေမှ အလင်းရောင်ဖြင့် ကျွန်တော်တို့၏တဲကလေးသည် လှပနေ၏။

"ကြည်နူးစရာကောင်းတယ်နော် မြသဇင်"

"ဟုတ်ကဲ့"

"တကယ်လို့ ကျွန်တော်တို့ ဒီကျွန်းကခွာဖြစ်ပြီဆိုရင် ဒီကျွန်းမှာနေခဲ့ကြရတာတွေကို ပြန်လွမ်းမိမှာပဲ"

"ဟုတ်တယ်နော်"

ပေါက်ပေါက်သည် လေတိုး၍ငြိမ်းသွားသော ဆီမီးခွက်ကလေးတွေကို မီးပြန်တို့ပေးခြင်းဖြင့် အလုပ်ရှုပ်နေသည်။

"မြသဇင်ကို ကျွန်တော်စကားနည်းနည်းပြောချင်တယ်"

"အင်း . . . ပြောလေ"

"မြသဇင် ကျွန်တော့်ကိုဘာလို့လိမ်တာလဲ"

"အလိုတော် . . . ကျွန်မကဘာလိမ်လို့လဲ၊ စွပ်စွပ်စွဲစွဲ"

"ကျွန်တော်ဟာ မိကောင်းဖခင်သားသမီးပါ မြသဇင်။ အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ကို ဘယ်တော့မှအနိုင်မယူတတ်ပါဘူး။ အနိုင်မယူ၊ အနိုင်မကျင့်တတ်တဲ့အပြင် တတ်နိုင်သလောက်တောင်မှ ကာကွယ်စောင့်ရှောက်ပါတယ်။ အရင်ကတော့ ကျွန်တော့်အကြောင်းမသိခင် လူဆိုးလား၊ လူကောင်းလားမခွဲတတ်ခင်တုန်းကလိမ်တာ သိပ်တော့အကြောင်း မဟုတ်ပါဘူး။ အခုထိ မြသဇင်ကျွန်တော့်ကိုစိတ်မချနိုင်သေးဘူးလား"

သူမသည် ကျွန်တော့်ကို စိုက်ကြည့်သည်။ ကျွန်တော်ကလည်း သူမကို ခပ်ကြာကြာပြန်ကြည့်ပစ်လိုက်သည်။

"ကျွန်မ ဘာလိမ်ထားလို့လဲ"

"မြသဇင်မှာ အိမ်ထောင်မရှိဘူး . . . မြသဇင်ဟာ အပျို . . . ဟုတ်တယ် မဟုတ်လား"



သူမသည် ရှက်စနိုးဖြင့် မျက်လွှာပြန်ချသွားသည်။

"ကျွန်မဘာပဲဖြစ်ဖြစ် . . . အဲဒါဟာ ဘယ်လောက်အရေးကြီးနေလို့လဲ"

"သိပ်အရေးကြီးတာပေါ့ မြသဇင်။ ဘာဖြစ်လို့လဲဆိုတော့ မြသဇင်ကို ကျွန်တော်ချစ်မိနေလို့ပဲ"

"ရှင်"

"ဟုတ်တယ် မြသဇင်။ ကျွန်တော် မြသဇင်ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်မိနေပါပြီ။ ဒါပေမယ့် တစ်ခုတော့မြသဇင် ကျွန်တော့်ကိုစိတ်ချပါ။ မြသဇင် အပျိုမှန်းသိလိုက်ရပေမယ့် ကျွန်တော်ဘယ်တော့မှ အခွင့်အရေးမယူပါဘူး . . . အရင်ကထက်တောင်ပိုပြီး ကာကွယ်စောင့်ရှောက်သွားမှာပါ"

မြသဇင်သည် ငြိမ်သက်နေ၏။ သီတင်းကျွတ်လ၏ ညဦးသည် ပြည်က ခပ်ညှင်းညှင်းကလေးတိုက်ခတ်နေသည်။ ဆီမီးခွက်တို့မှ မီးတာ တောက်လောင်နေဆဲဖြစ်သည်။

"မြသဇင်"

"ရှင်"

"ကျွန်တော့်ကို တစ်ခုခုပြန်မဖြေတော့ဘူးလားဟင်"

သူမသည်ပိုင်းစက်၍ ရွှန်းမြနေသောလစန္ဒာကို လှမ်းကြည့်နေ၏။

"ကျွန်မမှာ ဖြေစရာဘာမှမရှိပါဘူး"

"ဗျာ. . . မဟုတ်ဘူးလေးမြသဇင်။ ကျွန်တော့်မေတ္တာကို လက်ခံတယ်၊ မခံတယ်လောက်တော့ ပြန်ပြောစေချင်ပါတယ်"

ကျွန်တော့်ဘက်သို့ တဖြည်းဖြည်းလှည့်လာသည်။ မျက်လုံးအစုံသည် ရီဝေနေ၏။ စကားပြောရန်အားယူနေပုံရသည်။





www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ လင်ယောကျ်ားမရှိပါဘူး . . . ပေါက်ပေါက်ဟာ ကျွန်မအစ်မရဲ့ သမီးပါ . . . ပေါက်ပေါက်ရဲ့အဖေဟာ ဦးရဲမြင့်ပါ"

"ဝမ်းသာလိုက်တာ မြသဇင်ရယ် . . . ဒါဆိုမြသဇင်ဟာ လွတ်လပ်သူတစ်ယောက်ပဲ"

ကျွန်တော်က ဝမ်းသာအူမြူးသွားသလောက် သူမကတော့ ငူငူငိုင်ငိုင်ကလေးဖြစ်နေ၏။

"ဒါပေမယ့် ကျွန်မမှာ ချစ်သူတစ်ယောက်ရှိနေခဲ့တယ် . . . ကိုစောမြင့်ဟန် . . . သူ့နာမည်က ကိုတင်မောင်လွင်တဲ့"

ကျွန်တော့်နားထဲ၌ ဆူညံစွာ မြည်ဟီးပေါက်ကွဲသွား၏။ မြသဇင်က ဆက်ပြောပြန်သည်။

"ကိုတင်မောင်လွင်က ရန်ကုန်မှာပဲနေတယ်။ သူက ကျူရှင်ဆရာ လုပ်နေတယ်။ အင်္ဂလိပ်စာမေဂျာနဲ့ ကျောင်းပြီးတော့ စာပဲပြနေတယ်။ ကျွန်မတို့ချစ်သူသက်တမ်း နှစ်နှစ်လောက်ရှိပြီ"

မြသဇင်မသိအောင် သက်ပြင်းတစ်ချက်ကို ကြိတ်၍ချလိုက်မိသည်။ မြသဇင်၌ ခင်ပွန်းသည်မရှိနိုင်ဟု ကျွန်တော်မျှော်လင့်ခဲ့မိသည်။ ထို့အပြင် သူမအပေါ် ကျွန်တော်တိတ်တခိုးစွဲလမ်းခဲ့ရသည်။ သွားမှု လာမှု နေမှု ထိုင်မှုကိစ္စများ၌ ဣန္ဒြေရှိသော မြသဇင်ကို မြတ်နိုးစွာချစ်မိခဲ့သည်။ ကျွန်တော်၏ အိပ်မက်များထဲသို့ ညပေါင်းများစွာရောက်ခဲ့၊ နေရာယူခဲ့ဖူးပါသည်။

မြသဇင်သည် လူသူမရှိသော ကျွန်းကလေး၌ ယောကျ်ားတစ်ယောက်နှင့်အတူနေရမည်ဖြစ်သောအခါ သူမသည် လင်ယောကျ်ားရှိသော မိန်းမတစ်ယောက်အဖြစ်ပြောကာ အကာကွယ်ယူခဲ့သည်။ ရက်ပေါင်းအတော် ကြာသည်အထိ ကျွန်တော်ကလည်း ယုံကြည်မိခဲ့သည်။ ယခု မြသဇင်သည် ကာမပိုင်လင်ယောကျ်ားမရှိသော အပျိုတစ်ဦးဖြစ်မှန်း အတိအကျသိရလေပြီ။





သို့တစေ ကျွန်တော်နောက်ကျခဲ့ရလေပြီ။ သူမ၏နှလုံးသားတွင် ကျွန်တော့်ထက်ဦးသူက ရောက်နှင့်နေလေပြီ။ ရင်ထဲ၌ ဆွေးမြေ့စွာခံစားရလေသည်။ ကျွန်တော့်မျှော်လင့်ချက်တွေ ကြေမွခဲ့ရလေပြီ။ မြသဇင်သည် ကျွန်တော့်ကို မျက်တောင်မခတ်ဘဲကြည့်နေ၏။

"အရာရာအားလုံးအတွက် ကျွန်တော်တောင်းပန်ပါတယ် မြသဇင်။ ကျွန်တော်မသိခဲ့ပါဘူး။ မြသဇင်တို့ချစ်သူနှစ်ယောက်ကြားမှာ ကျွန်တော် ဆူးညှောင့်ခလုတ်များဖြစ်သွားပြီလား မသိဘူး။ ကျွန်တော် တောင်းပန်ပါတယ်"

ကျွန်တော့်အသံတွေ တုန်သွား၏။ ပေါက်ပေါက်သည် ဆီမီးတွေကို လိုက်ထွန်းနေသည်။ လေအဝှေ့တွင် ထွန်းပြီးသားဆီမီးတွေက ပြန်ငြိမ်းငြိမ်းသွားသဖြင့် သူမသည် လက်မလည်အောင်ပင် အလုပ်ရှုပ်နေ၏။ ထို့ကြောင့် ထိုင်နေရာမှ ကျွန်တော်မတ်တပ်ထရပ်လိုက်သည်။

"ကိုစောမြင့်ဟန်"

မြသဇင်၏အသံက တိုးညှင်းစွာထွက်လာသဖြင့် ကျွန်တော် သူမကို ငုံ့ကြည့်လိုက်မိသည်။

"ကျွန်မ စိတ်မကောင်းပါဘူး။ ပြီးတော့ကိုယ်ချင်းလည်းစာပါတယ်။ ကျွန်မကိုလည်း နားလည်ပေးပါ"

စိတ်ဖြင့် ဘယ်လိုမှဖြေ၍မထွက်သဖြင့် ခေါင်းညိတ်လိုက်မိသည်။ ပြီးတော့ပေါက်ပေါက်ထံသို့ ထွက်လာခဲ့သည်။ ကျွန်တော့်ရင်ထဲမှာ ဟာနေလေသည်။ မြတ်စွာဘုရား။ မြသဇင်အပေါ် ချစ်မိနေသော အချစ်သည် ထုထည်နက်ရှိုင်းလွန်းမှန်း သိရသောအခါ ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြသွားမိလေသည်။

ပေါက်ပေါက်သည် ကျွန်တော် သူမအနီးရောက်လာသဖြင့် ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးရောက်လာတာအတော်ပဲ။ မီးက ငြိမ်းငြိမ်းသွားတယ်။ လုပ်ပါဦး"

"မီးစာက တိုလို့သမီးရဲ့။ မီးစာတိုတော့ လေနည်းနည်းတိုက်လိုက်တာနဲ့ မီးကငြိမ်းသွားရော။ ဒီမှာကြည့် ဦးဦးလုပ်ပြမယ်"

ယောက်သွားခွံထဲက ဆီမှာနစ်နေသည့် မီးစာကို ခပ်ရှည်ရှည်ဆွဲထုတ်၍ မီးပြန်ညှိလိုက်သည့်အခါ လေဒဏ်ခံနိုင်လာသည်။ မီးတောက်သည် လေအနွေ့တွင် ယိမ်းနေသော်လည်း မငြိမ်းတော့။ ပေါက်ပေါက်သည် ပျော်ရွှင်စွာလက်ခုပ်တီး၍ ခုန်လေသည်။ ထို့နောက် ကျွန်တော်နှင့်ပေါက်ပေါက်သည် ဆီမီးတွေကို မီးစာလိုက်ရှည်ပြီး မီးထွန်းကြသောအခါ ဆီမီးတွေက အားလုံးလင်းကုန်တော့သည်။

"ဦးဦး သမီးကို ချီ"

ကလေးကို ကျွန်တော်ချီလိုက်သည်။ ပင်လယ်ပြင်ကို ကျွန်တော်တို့နေရာမှ လှမ်းမြင်နေရပြီး ကမ်းခြေသို့ လှိုင်းခပ်သေးသေးလေးတွေက မှန်မှန် ရိုက်ခတ်နေ၏။ လရောင်က ပင်လယ်ရေပြင်ကိုကျနေပြီး ပင်လယ်က ပကတိငြိမ်းချမ်းနေသည်။

"လက ဝိုင်းစက်နေတာပဲနော် ဦးဦး"

"ဟုတ်တယ် သမီးရဲ့ . . . ဒီညက လပြည့်ညလေ"

"ဦးဦးသမီးကို ပုံပြောပြ"

"အိပ်ခါနီးမှ ပြောပြမယ်သမီးရယ်"

"ဟင့်အင်း . . . သမီးအိပ်ချင်ပြီ အခုပဲပြောပြတော့"

"ဒါဆိုလာ ဒီမှာထိုင်ကြရအောင်"

အုန်းပင်ခြေရင်းမှာ ကျွန်တော်တို့နှစ်ယောက်ထိုင်လိုက်ကြသည်။ ထိုခဏ၌ ကျွန်တော်ပြောပြသောပုံပြင်၌ ပေါက်ပေါက်စိတ်ဝင်စားသွားလေတော့သည်။ သူမသည် ကျွန်တော့်ရင်ခွင်ထဲ၌





လဲလျောင်း၍ ပုံပြင်နားထောင်နေခြင်းဖြစ်ရာ ပုံပြင်ဆုံးသည်နှင့် အိပ်ပျော်သွားလေတော့၏။ ဆီမီးအချို့သည် မီးစာကုန် ဆီခမ်းဖြစ်၍ ငြိမ်းကုန်လေပြီ။ ကျွန်တော်သည် မြသဇင်ရှိရာကို လှမ်းကြည့်လိုက်မိသည်။

မြသဇင်သည် ကျွန်တော်တို့ကိုမကြည့်ဘဲ ပင်လယ်ဘက်ကို လှမ်းကြည့်နေပြီး ငြိမ်ငြိမ်ကလေးထိုင်နေလေသည်။ အိပ်ပျော်နေသောကလေးကို အသာပွေ့ချီလိုက်ပြီးကျွန်တော်မတ်တပ်ထရပ်လိုက်မိ၏။ ပြီးတော့ မြသဇင်ဘေးမှ ဖြတ်ကာ တဲထဲသို့ဝင်ပြီး ကလေးကို အိပ်ရာ၌ ချသိပ်လိုက်သည်။

ပြီးတော့ အပြင်ပြန်ထွက်ခဲ့သည်။ မြသဇင်ဘေးမှဖြတ်ပြီး ပင်လယ်ပြင်ဘက်သို့ သွားမည်အပြုတွင် . . .

"ကိုစောမြင့်ဟန်"

ကျွန်တော် မြသဇင်ကိုပြန်လှည့်ကြည့်လိုက်၏။

"ဘယ်သွားမလို့လဲဟင်"

"ခူဝံကြယ်နဲ့ ကြယ်တချို့ကို ကျွန်တော်မှတ်နေတာ မြသဇင်။ ဒီလို အခွင့်အရေးဟာ အခုလိုလသာတဲ့အခခါမှာမှရတယ်"

"ကျွန်မလည်းလိုက်မယ်"

"မလိုက်ပါနဲ့ . . . တော်ကြာ ကလေးလန့်နိုးလာရင် တစ်ယောက်မှမရှိရင် ကြောက်နေဦးမယ်"

"ရပါတယ် . . . ပေါက်ပေါက်က မကြောက်တတ်ပါဘူး။ ဘာကယ်လို့ သူနိုးရင်လည်း လိုက်လာမှာပဲ"

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။ အမှန်က ပင်လယ်ဘက်က ကျောက်ဆောင်တွေမှာ ကျွန်တော်တစ်ယောက်တည်းသွားထိုင်ပြီး လွတ်လွတ်လပ်လပ်လွမ်းချင်၍ဖြစ်သည်။ မြသဇင်သည် ကျွန်တော့်ဘေးမှာ ငြိမ်ငြိမ်သက်သက်ပင်လိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တွင် ကြယ်တွေစုံညီနေပါသည်။

"ဘယ်ကြယ်က မူဝံကြယ်လဲဟင်"

ကျွန်တော် သူမကို လက်ညှိုးညွှန်ရသည်။

"ဟိုမှာမြင်ရတယ် မဟုတ်လားမြသဇင်။ မြောက်ဘက် မိုးကောင်းကင်မှာလေ။ ပင်လယ်ထဲသွားတဲ့အခါ မြောက်ဘက်အရပ်ကို သိရင် တခြားအရပ်တွေလည်း သိနိုင်ပြီပေါ့"

"အဲဒီကြယ်ဟာ ရှင်ပြောသလိုပဲ မူဝံကြယ်ဆိုတာ သေချာလို့လား"

"မနက် . . . မနက်ကိုနေထွက်တာ . . . ဘယ်ဘက်က ထွက်လဲ မြသဇင်"

"ဟိုးဘက်က"

"ဟုတ်ပြီ . . . ဒါဆိုနေဝင်တာကရော"

"ဒီအနောက်ဘက်ကလေ"

"ဒါဆို အခု ဒီကြယ်ရှိနေတဲ့အရပ်ဟာ ဘာအရပ်လဲ"

"မြောက်ညက်ပဲ"

"အဲဒီကြယ်ဟာ မူဝံကြယ်ပါပဲ မြသဇင်။ သေချာပါတယ်။ ကျွန်တော် ငယ်ငယ်က အဘိုး၊ အဘွားတွေအိမ်က ဖေဖေနဲ့ ညဘက်ပြန်တဲ့အခါ ဖေဖေက ကျွန်တော့်ကိုချီပြီးပြန်တယ်။ အဲဒီမှာ ဖေဖေက ကျွန်တော့်ကို ကြယ်တာရာတွေအကြောင်း ရှင်းရှင်းပြတယ်။ ဒါကြောင့် မူဝံကြယ်ဟာ ကျွန်တော်နဲ့ ဟိုးငယ်ငယ်လေးကတည်းက ရင်းနှီး နေတာ"

သူမသည် ကျွန်တော့်စကားကို စိတ်ဝင်တစားနှင့် နားထောင်နေလေသည်။

"ဟိုးမှာ ဖိုခနောက်ဆိုင်နေတဲ့ကြယ်စုကို တွေ့လား"

"ဟုတ်ကဲ့ . . . တွေ့တယ်"





"အဲဒါမောင်ရင် ဆိုင်းထမ်းလို့ခေါ်တယ်"

"ဒါဆို ခုနစ်စင်ကြယ်ကရော"

ခုနစ်စဉ်ကြယ်က ခပ်မှိန်မှိန်ခပ်ဖျော့ဖျော့ဖြစ်နေသဖြင့် ကျွန်တော် လက်ညှိုးညွှန်ရာကို သူမကြည့်သော်လည်းမမြင်။ သူမသည် ကျွန်တော့်အနီးသို့ကပ်ပြီး လက်ညှိုးညွှန်ရာသို့ကြည့်၏။ သူမ၏ ဦးခေါင်းနှင့် ကျွန်တော့်ဦးခေါင်းထိနေလေပြီ။ ရင်ထဲတွင်ရှိန်းမြလာသည်။ ပြီးတော့ ရင်ခုန်သံတွေလည်းမြန်လာပြန်သည်။

"တန်ဆောင်မုန်းလပြည့်နေ့ညဆို ကြယ်တာရာတွေက ဒီ့ထက် ပိုစုံတယ် မြသဇင်။ အခုမတွေ့ရတဲ့ ကြယ်တွေ အဲဒီလပြည့်နေ့ညမှာတွေ့ရတယ်။ အဲဒီတော့ ကျွန်တော်ခန့်မှန်းထားတဲ့အတိုင်းပဲ သီတင်းကျွတ်လကုန်၊ တန်ဆောင်မုန်းလလောက်ဆိုရင် ကျွန်တော်တို့ ပင်လယ်ထဲမှာ ကြယ်တွေကိုကြည့်ပြီး မှန်အောင်သွားနိုင်မှာပါ"

"ကမ်းရိုးတန်းကိုရောက်ရင် ကိုစောမြင့်ဟန်ဘယ်ကို အရင်ဆုံးသွားမလဲ။ ရန်ကုန်ကိုပဲပြန်မှာလား။ ကော့သောင်းကိုပဲသွားမှာလား"

"ကော့သောင်းကိုအရင်သွားမယ်။ ကျွန်တော်မသေဘူးဆိုတာ မေမေသိရင် အရမ်းဝမ်းသာမှာ။ အင်း. . . မေမေဘယ်လိုများနေမလဲမသိဘူး။ သက်မှသက်သာရဲ့လား။ ဒါမှမဟုတ် တစ်ခုခုများ ဖြစ်သွားရင်တော့ ကျွန်တော် ရင်ကျိုးမှာ"

"သက်သာမှာပါ။ ကျွန်မကတော့ ကော့သောင်းကို ခဏပဲ သွားမယ်။ ပြီးရင် ရန်ကုန်ကိုပြန်မယ်။ ဟိုမှာဖေဖေ၊ မေမေတို့အရမ်း စိတ်သောကရောက်နေမှာ"

သီတင်းကျွတ်လပြည့်ညသည် ကျွန်တော့်ဘဝ၌ လွမ်းမောစရာ ညဖြစ်ခဲ့ရလေပြီ။ သီတင်းကျွတ်လပြည့်နေ့သို့ရောက်တိုင်း သည် ည၏အဖြစ်အပျက်တွေကို ပြန်လည်လွမ်းဆွတ်မိမည်မှာ သေချာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ပင်လယ်လေညင်းသည် ကျွန်တော်တို့နှစ်ဦးကို ညင်ညင်သာသာပင် တိုးဝှေ့တိုက်ခတ်နေသည်။

"ကိုစောမြင့်ဟန် အရက်သောက်တတ်သလားဟင်"

ကျွန်တော်အံ့သြသွားသည်။ သူမ၏မေးခွန်းသည် စောစောက ပြောနေခဲ့သော စကားတွေနှင့် ဘာမှမဆိုင်။

"မကြိုက်လို့မသောက်တာ မြသဇင် . . . ကျွန်တော်လုံးဝမသောက်ပါဘူး"

"ဒီခေတ်မှာ အရက်သောက်တာကို ခပ်ပေါ့ပေါ့ပဲ သဘောထားတဲ့ လူတွေကြားမှာ ရှင့်ကို လူတွေကနည်းနည်းတော့ ဆန်းနေမှာပေါ့နော်"

ကျွန်တော်ရယ်လိုက်မိ၏။ သူမက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့်လေသည်။ ပြီးတော့ ထပ်မေးပြန်သည်။

"ဆေးလိပ်ရော သောက်တတ်သလား"

ဘာအဓိပ္ပာယ်နှင့် မေးနေတာလည်း၊ မသိပါ။ စကားမရှိစကားရှာပြီးတော့ မေးခြင်းတော့ မဟုတ်တန်ရာ။ သို့သော် ကျွန်တော်ဖြေလိုက်မိပါသည်။

"လုံးဝမသောက်တတ်ပါဘူး မြသဇင်'

မြသဇင်က ထပ်မမေးတော့။ မိုးကောင်းကင်ကို မော့ကြည့်နေပြန်သည်။

"ကျွန်တော်တို့ ဒီကျွန်းက ခွာကြဖို့ သိပ်မလိုတော့ဘူးနော်။ ရိက္ခာ အတွက်လည်း သိပ်စိတ်ပူစရာမလိုဘူး။ ငါးခြောက်တွေလှန်းထားတာလည်း အများကြီးပဲ၊ အုန်းဆီချက်တွေလည်း ချက်ထားတာအများကြီးပဲ။ ငှက်ပျောခိုင်သုံးခိုင်လောက်ဆို ကျွန်တော်တို့ဆယ်ရက်ကျော်ကျော်လောက် စားလို့ရပါတယ်။ ရေကိုဝါးကျည်တောက်လေးငါးလုံးလောက် ယူသွားရင်လောက်ပါပြီ။ အင်း. . . ရွက်မရှိဘာ့ တက်





ကိုပဲ အားကိုးရတော့မှာပေါ့ဗျာ"

"ကျွန်မကတော့ ရင်တမမနဲ့ လာကယ်မယ့်သူတွေကို မျှော်နေမိတုန်းပဲ"

"ဟိုးမှာ မြင့်နေတဲ့ကြယ်က ဖျောက်ဆိပ်ကြယ်လို့ခေါ်တယ် မြသဇင်"

မြသဇင်သည် ကျွန်တော့်လက်ညှိုးကို အနီးကပ်ကြည့်သဖြင့် သူမ ၏ ကိုယ်သင်းနံ့ကို ကျွန်တော်ရလိုက်သည်။ သူမ၏ကိုယ်သင်းနံ့ကလေးကို တိတ်တခိုးရှိုက်လိုက်မိသည့်အတွက် ကျွန်တော်ရှက်သွားမိသည်။ မျက်နှာနုနုပေါ်သို့ ဖွေးနုသော့လရောင်ကျသဖြင့် မြသဇင်သည် ပို၍လှပနေလေ၏။

www.burmeseclassic.com



## ၁၀

ဖောင်ပေါ်သို့ ပစ္စည်းတွေတင်ထားပြီးလေပြီ။ အလွန်ပင်ကံကောင်းသည်မှာ ပင်လယ်ထဲမျောလာသော အိတ်တစ်လုံးကိုတွေ့သဖြင့် ကျွန်တော် ရေကူးပြီးသွားဆယ်မိသည်။ အိတ်ကိုဆွဲလာပြီး ကမ်းစပ်မှာပင် ဖွင့်ကြည့်လိုက်သည့်အခါ မုဒ့်စောင်တစ်ထည်နှင့် ပတ်ထားသော ပုဆိုးသုံးလေးထည်ကို တွေ့ရ၏။

ကျွန်တော်သည် ဝမ်းသာအားရစွာဖြင့် မုဒ့်စောင်နှင့် ပုဆိုးတွေကိုယူပြီး တဲသို့အော်ဟစ်ပြီးပြန်လာခဲ့သည်။

"ကျွန်တော်တို့ သိပ်ကံကောင်းတယ် မြသဇင်ရေ"

မြသဇင်သည် ကျွန်တော် အူမြူးလာသဖြင့် အံ့ဩနေလေသည်။

"ရှက်လုပ်ဖို့ စောင်ရလာခဲ့ပြီဗျ . . . ဟား. . . ဟား"

စောင်ကိုဖြန့်ပြလိုက်ပြီး ပုဆိုးတွေကို မြသဇင်ကို ပစ်ပေးလိုက်မိသည်။

"ဟား . . . ဟား မြသဇင်လည်း တာဇံမဘဝကျွတ်ပြီ . . . ကျွန်တော်လည်း လူရိုင်းဘဝကကျွတ်ပြီ။ ပုဆိုးတွေက ရေတွေစိုနေတယ်။ အခြောက်လှမ်းပြီး ဝတ်ကျတာပေါ့"





ရှက်လုပ်ဖို့ စောင်တစ်ထည်ရလိုက်ခြင်းသည် ပင်လယ်ထဲသို့ ဖောင်ဖြင့် ဖြတ်မည့်ကျွန်တော့်အတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့သည်။ မျှော်လင့်ချက်သည် ပိုမိုခိုင်မာလာရလေသည်။ ဖောင်သည် လက်တွေ့တွဲချည်ဖြစ်သောအခါ အလျား ၁၀ ပေ ၊ အနံ ၈ ပေလောက်ဖြစ်သွား၏။ ပြီးတော့ ဖောင့်တွင် ပင်လယ်ထဲ၌ နေပူရှိန်သက်သာရန် ခိုနား၍ရမည့် ရှက်ဖျင်တဲကလေးပါဆောက်ထား၏။

ယခုတော့ ရှက်တိုင်ဘစ်တိုင်ပါတပ်၍ ပင်လယ်ထဲကရခဲ့သော စောင်ကို ရှက်အဖြစ်တပ်ဆင်ရလေတော့သည်။ ရှက်ကသေးသော်လည်း အထောက်အကူတော့ ရပါလိမ့်မည်။ မြသဇင်သည် ကျွန်တော်တည်ဆောက်ထားသော ဖောင်ကိုကြည့်ပြီး အံ့ဩနေသည်။

"ဖောင်ရဲ့အနေအထားက ဒီလောက်ဖြစ်လာလိမ့်မယ်လို့ ကျွန်မ မထင်ထားမိဘူး။ အံ့ဩစရာပဲနော်။ ဘာပစ္စည်းကိရိယာမှ ပြည့်ပြည့်စုံစုံမရှိဘဲနဲ့ ဒီလောက်သေသေသပ်သပ်ဖြစ်လာတာ"

"ကျွန်တော်တို့ မနက်ဖြန်မနက် အစောကြီးထွက်ကြမယ် မြသဇင်။ ဘာဖြစ်လို့လဲဆိုတော့ မနက်စောစောကို ရေတက်လိမ့်မယ်။ အဲဒါဆို ဖောင် ရေထဲရောက်ဖို့ အရမ်းလွယ်တယ်"

မြသဇင်သည် သူမ၏ခါးမှာပတ်ထားခဲ့ရသည့် သားရေပြားကို လွှင့်မပစ်ဘဲသိမ်းထားသည်။ ပြီးတော့ ခြောက်သွေ့သွားသည့် ပုဆိုးချည်ကို ပြောင်းဝတ်သည်။ ယောက်ျားဝတ်ပုဆိုးကြီးနှင့် ပိုသီဖတ်သီဖြစ်နေသော်လည်း လှပသည်။

"ကျွန်မတို့ ဒီကျွန်းပေါ်ကမခွာခင် နောက်ဆုံးအနေနဲ့ ဒီညမှာ မီးပုံပွဲလုပ်ကြရအောင် ကိုစောမြင့်ဟန်။ တဲရှေ့မှာမလုပ်ဘူး။ ဒီကမ်းခြေမှာလုပ်မယ်။ ပြီးရင် ညစာစားကြမယ်လေ"

လွမ်းမောစရာကောင်းသောည ဖြစ်ပါလိမ့်မည်။ ကျွန်းမှ ခွာမိ ကျွန်းကိုနှုတ်ဆက်သောည။ ကျွန်တော် ခေါင်းညိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မြသဇင်က ကျွန်တော့်အနားမှပြေး၍ထွက်သွားသည်။ ညအတွက် ပြင်ဆင်ဖို့ထွက်သွားခြင်းပင်ဖြစ်ပါလိမ့်မည်။ ကျွန်တော်ကတော့ ဖောင်၏အနေအထားကို လှည့်ပတ်ကြည့်ရှုစစ်ဆေးနေမိသည်။ မာယာများသောပင်လယ်၌ အစစအရာရာ စစ်ဆေးဂရုပြုထားမှတော်ကာကြံပေလိမ့်မည်။

ပေါက်ပေါက်သည် ဖောင်ပေါ်တက်၍ ဆော့နေသည်။ မွန်းလွဲချိန်ရောက်သောအခါ ကျောက်ဆောင်တွေနားမှာ ကျောက်ပုစွန်သွားဖမ်းသည်။ ကံအားလျော်စွာပင် ကျောက်ပုစွန်ကြီးသုံးကောင်ရခဲ့သည်။ ကျွန်တော်တို့၏ ညစာသည် ဖွယ်ဖွယ်ရာရာဖြစ်နေပါလိမ့်မည်။ ထိုကျောက်ပုစွန်တွေကို မြသဇင်ကိုပေးခဲ့ပြီး ကျွန်တော်နှင့်ပေါက်ပေါက်က ကမ်းခြေသို့ဆင်းခဲ့သည်။

ပြီးတော့ မီးပုံပွဲကျင်းပဖို့ သစ်ရွက်ခြောက်တွေ၊ ထင်းခြောက်တွေရှာပြီး ကမ်းခြေမှာပုံရလေသည်။ ပြီးတော့ ကျွန်တော်တို့၏ တစ်ခုတည်းသော ထမင်းစားစားပွဲဖြစ်သည့် ထင်းရှူးသေတ္တာပုံးကို ကမ်းခြေမှာ အဆင်သင့်ပင် ချထားလိုက်၏။ ကျွန်တော်နှင့်ပေါက်ပေါက်တွင် တခြားလုပ်စရာအလုပ်မရှိတော့သဖြင့် ကျွန်းတစ်ပတ်လမ်းလျှောက်ကြလေသည်။ ပေါက်ပေါက်က ကမ်းခြေသဲသောင်ပြင်မှ ခရုခွံကလေးများကို အမှတ်တရအဖြစ် ကောက်ယူသည်။ သည်လိုနှင့်ပင် တဖြည်းဖြည်းညနေစောင်းလာသည်။ ရာသီဥတုသည် သာယာကြည်လင်လျက်ရှိပြီး နေလုံးညိုညိုသည် အနောက်ဘက်ပင်လယ်ပြင်၌ မေးတင်နေလေပြီ။

တဲရှေ့သို့ရောက်သောအခါ မြသဇင်က ကျွန်တော့်ကိုစောင့်နေပြီး အုန်းသီးအစိမ်းတွေခူးခိုင်းသဖြင့် ခူးပေးရသည်။ ပြီးတော့ နည်းနည်းမှောင်လာသည်နှင့် ကျွန်တော်တို့ကမ်းခြေသို့ရွှေ့သည်။ တဲကလေးကိုကြည့်ပြီး လွမ်းမိပြန်သည်။ ပင်လယ်ပြင်တွင် နေရောင်မရှိတော့။ သို့သော် ကောင်းကင်ကတော့ အနီရောင်သန်းနေသည်။ ယနေ့ညသည် လမိုက်ညဖြစ်သည်။

ကမ်းခြေတွင် အသင့်ပြင်ထားသော မီးပုံကိုဓာတ်ဆီ နည်းနည်းလောင်း၍ မီးရှို့လိုက်ပါသည်။ မီးအရှိန်ရလာသောအခါ ပတ်ဝန်းကျင်၌ လင်းလာ၏။ ပေါက်ပေါက်သည် ကလေးပီပီ ရွှင်မြူးစွာဖြင့် ခုန်ပေါက်နေလေတော့သည်။ မြသဇင်က ကျွန်တော့်အနီးလာရပ်သည်။

"ညစာ စားကြတော့မလားဟင်"

"နေဦး . . . ပေါက်ပေါက်ဆာပြီလား မေးလိုက်ဦး"

"သမီးရေ ပေါက်ပေါက် ဆာပြီလား။ စားတော့မလား"

"ဟုတ်ကဲ့မေမေမြ. . . စားမယ်"

မီးပုံဘေးမှာပဲ ကျွန်တော်တို့ဝိုင်းထိုင်ကာ ညစာစားကြသည်။ ကျွန်တော့်တစ်သက်တွင် အမှတ်တရဖြစ်စေမည့် ညစာ။ ကျောက်ပုဇွန်တွေကို အကောင်လိုက်ကင်ထားသည်။ ပြီးတော့ ငါးကြော်၊ ငှက်ပျောသီး အုန်းနို့ဆမ်း၊ ငှက်ပျောအူနှင့်ကင်းပုံရွက်ဟင်းချို။ စားရင်းနှင့် အုန်းစိမ်းတွေကိုဖောက်ကာ သောက်ကြသည်။ စားကောင်းကောင်းနှင့် တဝတပြစားလိုက်သည်။

"စားကောင်းလား"

"ကောင်းတယ် မြသဇင်ရော"

"ကောင်းပါတယ်။ ဒါပေမယ့် ကျွန်မစိတ်သိပ်လှုပ်ရှားနေလို့ သိပ်စားလို့မဝင်ဘူး"

"ဘာဖြစ်လို့ စိတ်ဒီလောက်လှုပ်ရှားနေရတာလဲ မြသဇင်။ ကျွန်တော်တို့ အဆင်ပြေပြေနဲ့ ဒီကထွက်နိုင်ပြီးတော့ အဆင်ပြေပြေနဲ့ [illegible]မြို့တန်းကိုရောက် နိုင်မှာပါ"

"မဟုတ်ဘူး . . . ကျွန်မစိတ်ထဲ ဒီကျွန်းကခွာရမှာဆိုတော့


တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငါးလနေခဲ့ရတဲ့ ကျွန်းဆိုတော့ သံယောဇဉ်ရှိနေပြီ"

ကျွန်တော့်ရင်ထဲမှာ လှုပ်ခတ်သွားမိသည်။ မြသဇင်၏ စကားသည် ထပ်ဆင့်၍ ပွားယူနိုင်သောအဓိပ္ပာယ်တွေ ရှိနေပါသည်။ ငါးလခန့်နေခဲ့ရသောကျွန်းကိုပင် သံယောဇဉ်သည်မျှရှိနေလျှင် ငါးလခန့်အတူနေခဲ့ရသော လူသားတစ်ဦးအပေါ်၌လည်း အတိုင်းအတာတစ်ခုအထိ သူမ သံယောဇဉ်ရှိနေနိုင်ပါသည်။

ကျွန်တော့်အပေါ် သူမမည်မျှလောက်အထိ သံယောဇဉ်ရှိနေပါသနည်း။ အတူနေသော အိမ်မွေးတိရစ္ဆာန်ကလေးများကိုပင် လျှင် သံယောဇဉ်ဖြစ်ကြသေးလျှင် လူသားတစ်ယောက်အပေါ်၌ လည်း သံယောဇဉ်ရှိနေပေါလိမ့်မည်။ သို့သော် ကျွန်တော်တို့နှစ်ဦး၏ ဘဝသည် မတူညီပါ။ ကျွန်တော်သည် ကျွန်တော့်ဘဝကို ဆက် လျှောက်ရမည်ဖြစ်သကဲ့သို့ မြသဇင်သည်လည်း သူမ၏ချစ်သူနှင့် ဘဝကို ဆက်လျှောက်ပါလိမ့်မည်။

မီးပုံသည် အရှိန်ပြင်းစွာနှင့်တောက်လောက်နေလေ၏။ မြသဇင်သည် မီးပုံကိုကြည့်၍ ဘာတွေစဉ်းစားတွေးတောနေသည် မသိ။ မနက်ဖြန်မနက်စောစောတွင် ဤကျွန်းမှထွက်ခွာမည့်ခရီး ကိုပင် စဉ်းစား၍ကြောင့်ကျနေသလော။ သို့တည်းမဟုတ် မကြာ ပြန်ဆုံရမည့် ချစ်သူနှင့်တွေ့ရဖို့အရေးကို စိတ်စောနေသလော ကျွန်တော်ကတော့ ရင်ထဲမှာဟာနေသည်။ နက်ဖြန်နံနက်၌ စတင် မည့် ကျွန်တော်တို့၏ ခရီးစဉ်ဆုံးသောအခါ သူမနှင့် ကျွန်တော် ၏တွေ့ဆုံမှုသည် အဆုံးသတ်လေတော့မည်။

သူမသည် သူမ၏လမ်းကိုဆက်လျှောက်၍ ကျွန်တော်ကလည်း ကျွန်တော်၏လမ်းကိုဆက်လျှောက်ရပေတော့မည်။ အချိန်တွေကြာ လာသည်နှင့်အမျှ သူမသည် ကျွန်တော့်ကို မေ့သွားလိမ့်မည်။ သူမ အတွေးထဲသို့ ကျွန်းနှင့်ပတ်သက်သော တိုက်ဆိုင်သောအဖြစ်အပျက်





တွေပေါ်လာမှ ကျွန်တော့်ကို ရေးတေးတေး ဝါးတားတားသတိရပေ လိမ့်မည်။

ကျွန်တော်လည်း သူမလိုပင် အချိန်တွေကြာလာသောအခါ သူမကို မေ့သွားလိမ့်မည်လား။ အလွယ်တကူမေ့ရမည်မဟုတ်သည် ကသေချာလှလေသည်။ ကျွန်တော်၏နှလုံးသည်းပွတ်ထဲမှ သူမကို ထုတ်ပစ်ဖို့ မလွယ်ကူတော့ပါ။ ကျွန်တော်အသက်ရှင်နေသ၍ ကျွန်တော့်နှလုံးသား၌ သူမအမြဲရှိနေတော့မည်ဖြစ်ပါသည်။

ပေါက်ပေါက်သည် သဲသောင်ပြင်တွင် ပြေးဆော့နေရာမှ ကျွန်တော်တို့နှစ်ဦးကို လှမ်းခေါ်ပါသည်။

"ဦးဦးနဲ့ မေမေမြလာလေ . . . သမီးတို့ စိန်ပြေးတမ်း ကစားရအောင်"

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် လိုက်ကြသည်။

"အစာစားပြီးကာစကြီး ပြေးလို့ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ်လေ။ ကလေးကျေနပ်သွားအောင် ကစားပေး လိုက်ကြရအောင် . . . မနက်ဖြန်ကစပြီး ဒီလို ကစားနိုင်တော့မှာ မဟုတ်ဘူး"

ကျွန်တော်တို့နှစ်ယောက် ပေါက်ပေါက်ထံရောက်သောအခါ စိန်ပြေးတမ်းဆော့ကြလေသည်။ ပေါက်ပေါက်သည် ပျော်ရွှင်စွာဖြင့် ပြေးသည်၊ လိုက်သည်။ မီးရောင်ဖြင့် မြသဇင်၏နဖူးဝင်းဝင်းကလေး နှင့် ချွေးတွေစို့နေသည်ကို ကျွန်တော်တွေ့လိုက်သည်။ ဆော့ကစားရ တာ မောလာသောအခါ မီးပုံထဲပြန်သွားပြီး မီးပုံသို့ ထင်းထပ်ထည့် သည်။ ပြီးတော့ အုန်းရည်သောက်ကြပြန်သည်။

ဗိုက်တွေလေးလာသောအခါ ကျွန်တော်တို့သုံးယောက် သဲ သောင်ပြင်မှာ ယှဉ်တွဲ၍ ပက်လက်လှန်လိုက်ကြသည်။ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



တွင် လမသာသော်လည်း ကြယ်ပွင့်ကလေးတွေက လက်နေ၏။ ညဉ့်အတော်နက်သောအခါ ပေါက်ပေါက်က သဲသောင်ပြင်မှာပင် အိပ်ပျော်သွားသည်။

"ခြင်မကိုက်ဘူးမြသဇင် . . . ကျွန်တော်တို့လည်း ဒီမှာပဲ အိပ်လိုက်ကြရ အောင်"

မီးပုံကြီးသည် ထင်းထပ်မထည့်သဖြင့် မီးရှိန်ကျိုးစပြုနေလေပြီ။ ကျွန်တော်တို့နှစ်ယောက်သည် ပေါက်ပေါက်၏တစ်ဖက်တစ်ချက်၌ လှဲအိပ်ကြသည်။ သူမသည် ပေါက်ပေါက်ဘက်စောင်းအိပ်သည်ဖြစ်ပြီး ကျွန်တော်ကလည်း ပေါက်ပေါက်ဘက်သို့စောင်းအိပ်သည်ဖြစ်ရာ ကျွန်တော်တို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက် မြင်နေရသည်။

မြသဇင်သည် ကျွန်တော့်မျက်နှာကိုရီဝေဝေနှင့်ကြည့်နေ၏။ မီးရောင်ဖြင့် သူမ၏ မျက်နှာနုနုကလေးသည် ဝင်းနေသည်။ ကျွန်တော်တို့နှစ်ယောက် အကြည့်ချင်းမလွှဲဖယ်မိကြ။ ခဏနေတော့ သူမက ယောင်ယောင်ကလေးပြုံးသည်။

"အိပ်တော့မယ်နော်"

အလွန်ပင်တိုးညှင်းသောအသံ။ သို့သော် ပီပီသသကြားလိုက်ရပါသည်။ သူမသည် ရှည်လျားကော့ညွှတ်သော မျက်တောင်တွေကိုမှိတ်ကာ အိပ်ဖို့ကြိုးစားနေလေပြီ။ ကျွန်တော်ကတော့ အိပ်၍မပျော်သေး။ နားထဲသို့ မီးပုံမှ တဖျစ်ဖျစ်အသံနှင့် ကမ်းခြေသို့လှိုင်းကလေးများပုတ်သံ ခပ်တိုးတိုးကြားနေရသည်။ နောက်တော့ ကျွန်တော်လည်း အိပ်ပျော်သွားလေသည်။

နံနက်စောစော အရုဏ်မလာမီလောက်တွင် ကျွန်တော် နိုးလာသည်။ ဒီရေတက်စပြုနေလေပြီ။ ကျွန်တော် မြသဇင်နှင့် ပေါက်ပေါက်ကို နှိုးရသည်။ ညကဖိုထားသော မီးပုံသည် ပြာပုံဖြစ်နေ





လေပြီ။ ကျွန်းပေါ်၌ မှောင်နေဆဲပင်ဖြစ်သည်။ ကျွန်တော်က ရေတက်လာမည့်အချိန်ကိုစောင့်နေသည်။ အရှေ့ဘက် မိုးကောင်းကင်တွင် ရောင်နီသမ်းလာလေပြီ။ ဒီရေသည် တဖြည်းဖြည်း တက်လာနေ၏။ မကြာမီ ဖောင်နားထိရောက်တော့မည်။ ကျွန်တော်ဆောက်ခဲ့သော တဲကလေးရှေ့သို့ ကျွန်တော်ရောက်သွားသည်။ တဲကလေး၏ ရှေ့တွင် အုန်းခွံတွေက ပြန့်ကျဲနေ၏။

လွှမ်းစရာကောင်းသည့်မြင်ကွင်း၊ မြသဇင်သည် ကျွန်တော့်အနီး ရောက်လာသည်။ သူမသည် တဲကလေးကို ခပ်ကြာကြာကြည့်သည်။ ကျွန်းပေါ်သို့ နံနက်ခင်း၏အလင်းရောင်လာလေပြီ။ အရာအားလုံးကို ပြတ်ပြတ်သားသား မြင်ရလေပြီ။ တဲကလေးကို စိတ်ထဲမှ နှုတ်ဆက်လိုက်၏။

"လာ. . . မြသဇင် ကျွန်တော်တို့သွားကြရအောင်"

မြသဇင်သည် ကျွန်တော့်နောက်က တိတ်ဆိတ်စွာလိုက်လာ၏။ ဖောင်သို့ရေရောက်တော့မည်။ သစ်ပင်ရင်းတစ်ခုမှ ငြိမ်ငြိမ်ကလေးထိုင်နေသော ပေါက်ပေါက်ကို ကျွန်တော်ချီလိုက်သည်။

"ဦးဦးတို့ သွားကြရအောင်နော်"

ဖောင်ပေါ်သို့ ကလေးကိုချီ၍ ကျွန်တော်လှမ်းတက်သည်။ မြသဇင်သည် ဖောင်ပေါ်သို့မတက်သေးဘဲ ငူငူငေါင်ငေါင်ကလေး ရပ်နေသည်။

"လာလေ. . . မြသဇင် . . မကြောက်ပါနဲ့ . . . ကျွန်တော် အသက်နဲ့လဲပြီး မြသဇင်တို့ကို စောင့်ရှောက်မှာပါ"

သူမ မလှုပ်သေး။ ငြိမ်သက်နေ၏။

"အစစအရာရာ ပြည့်စုံအောင်လုပ်ထားပါတယ် မြသဇင်။ ဘာမှစိုးရိမ်စရာမရှိပါဘူး။ လာပါ. . . ဖောင်ပေါ်တက်ပါ"

မြသဇင်လှုပ်လာသည်။ သို့သော် နေရာမရွေ့။ သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်လုံးချင်းဆုံမိသောအခါ သူမ၏မျက်နှာ၌ ပြုံးယောင်သန်းသွားသည်ကို ကျွန်တော် သတိထားလိုက်မိသည်။ သူမသည် ခပ်တိုးတိုးပြော၏။

"ကျွန်မ ဖောင်နဲ့မလိုက်တော့ဘူး ကိုစောမြင့်ဟန်"

"ဗျာ . . . ဘယ်လို"

"ဟုတ်ပါတယ်။ ကျွန်မတို့ဖောင်နဲ့ လိုက်စရာမလိုတော့ဘူး"

ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားမိသည်။ မြသဇင်သည် အနီးကပ် အချိန်ကျမှ သတ္တိကြောင်သွားလေပြီလား။ သူမသည် ကျွန်တော့်ကို ကြည့်၍ ပြုံးသည်။ သူမ၏မျက်လုံးမှာ မျက်ရည်တွေပြည့်လာသည်။

"ဘာဖြစ်လို့လဲ မြသဇင်ရယ်"

"ကျွန်မပြောသားပဲ . . . ကျွန်မမျှော်လင့်နေတာ တစ်ခုရှိပါတယ်လို့ . . အဲဒီမျှော်လင့်နေတဲ့ဟာ အခုဖြစ်လာပြီလေ"

ကျွန်တော့်ရင်ထဲလှုပ်ရှားသွားပြီး ပင်လယ်ပြင်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။ မြတ်စွာဘုရား။ စက်လှေတစ်စီးသည် ကျွန်တော်တို့ကျွန်းရှိရာသို့ ခပ်ဖြည်းဖြည်းခုတ်မောင်းလာနေသည်။ စက်လှေသည် သိပ်မကြီး။

ကျွန်တော် ရင်တွေခုန်လာသည်။ ပင်လယ်ဓားပြတွေများလားဟုလည်း စဉ်းစားမိပြီး ထိတ်လန့်လာ၏။ ကြည့်နေဆဲအခိုက်အတန့်မှာပင် စက်လှေသည် ကျွန်းနှင့်တဖြည်းဖြည်းနီးလာပြီး စက်လှေပေါ်တွင် ရပ်နေသည့် လူသဏ္ဍာန်တချို့ကိုပင် လှမ်းမြင်နေရလေပြီ။ မြသဇင်သည် ကျွန်တော်တို့အနီးမှခွာ၍ ကမ်းခြေသို့ပြေးဆင်းသွားသည်။ မှင်သက်သလိုဖြစ်နေသော ကျွန်တော်လည်း သတိဝင်လာပြီး ပေါက်ပေါက်ကိုချီလျက် ကမ်းခြေသို့ပြေးဆင်းခဲ့သည်။ စက်လှေသည် ကျွန်တော်တို့ရှိရာကျွန်းသို့ ကပ်နိုင်သမျှကပ်လာပြီး





ကျောက်ချသည်။

ပြီးတော့ စက်လှေပေါ်မှ လူလေးငါးယောက်ရေထဲသို့ ခုန်ဆင်း၍ ကျွန်တော်တို့ရှိရာသို့လာနေကြသည်။ ရေက ခါးဝက်လောက်ပဲရှိသဖြင့် သူတို့ ကျွန်တော်တို့ဆီလာတာ ဘာမှမခက်ခဲပါ။ ရှေ့ဆုံးမှလာနေသော အကျီအဖြူနှင့်လူကြီးကိုမြင်သောအခါ မြသဇင်သည် ဝမ်းသာအားရ အော်ဟစ်လိုက်၏။

"ဖေဖေ . . . ဖေဖေလိုက်လာတယ်"

"သမီး . . . မြသဇင်၊ သမီးဘာမှမဖြစ်ဘူးနော်"

မြသဇင်သည် ဒူးဆစ်လောက်ပဲနက်မည့်ရေထဲသို့ ပြေးဆင်းသွားပြီး ထိုလူကြီးကိုပြေးဖက်သည်။ မြတ်စွာဘုရား။ မြသဇင်၏ဖခင်ကိုယ်တိုင် သူမ၏ သမီးကိုလိုက်ရှာတာပါပဲလား။ တစ်ခါ မြသဇင်ပြောခဲ့ဖူးသော စကားတွေကို ကျွန်တော်ပြန်ကြားလာမိသည်။

"ကျွန်မမျှော်လင့်နေတာတစ်ခုရှိတယ် ကိုစောမြင့်ဟန် . . မျှော်လင့်ချက်ဖြစ်နေလို့ ကျွန်မဖွင့်မပြောသေးတာ . . . ဒါပေမယ့် ကျွန်မ ဖွင့်ပြောတော့မယ်။ ကျွန်မတို့ကိုလိုက်ရှာမယ့်သူတွေ သိပ်ကြာခင်မှာ ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန်မထင်တယ်"

ပေါက်ပေါက်သည် သူမ၏အဘိုးနှင့် အဒေါ်ဖြစ်သူတို့က ကမ်းပေါ်ရောက်လာသည့်အခါ ကျွန်တော့်ကိုယ်ပေါ်မှ ဆင်းပြေးသွားတော့သည်။

"ဘိုးဘိုး . . . ဘိုးဘိုး"

ကြည်နူးချမ်းမြေ့ဖွယ်ရာမြင်ကွင်း။ အသိုးနှင့်မြေး၏ ပြန်လည်တွေ့ဆုံမှု။ အဖေနှင့်သမီးတွေ့ဆုံမှု။ ကျွန်တော် မျက်ရည်တွေဝဲလာ၏။ သူတို့၏ ကြည်နူးချမ်းမြေ့မှုသည် ကျွန်တော့်နှလုံးသားဆီတိုင် ရောက်လာလေသည်။

"စက်လှေနစ်တယ်ဆိုတာ ဖေဖေကြားရတော့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးမရဘူး သမီး။ ပြန်ရတဲ့အလောင်းတွေလည်းပြန်ရတာပေါ့။ ဖေဖေလည်းချက်ချင်းကို စက်လှေငှားပြီး သမီးတို့ကိုလိုက်ရှာဖို့လုပ်သေးတယ်။ ဒါပေမယ့် ပင်လယ်ထဲမှာ အဲဒီတုန်းက မုန်တိုင်းတွေ တဆက်နေလို့ အားလုံးမှာ ဖေဖေ့ကိုတားကြတယ်။ ဒါကြောင့် ဖေဖေ မိုးလေကောင်းစင်တဲ့ ဒီလကိုစောင့်နေပြီးမှ သမီးတို့ကိုရှာနေတာ။ ကျွန်းအတော်များများတော့ ရောက်ခဲ့ပြီးပြီ။ ညကတော့ ဒီကျွန်းမှာ မီးရောင်သဲ့သဲ့မြင်တာနဲ့ ဖေဖေတို့လာခဲ့တာ"

သားအဖနှစ်ယောက်သည် ဝမ်းသာပီတိဖြင့် မျက်ရည်တွေ ကျနေကြသည်။ စက်လှေပေါ်မှဆင်းလာသော အခြားလူနှစ်ယောက်က ကျွန်တော့်အနီး ရောက်လာသည်။ သူတို့သည် ကျွန်တော့်ကိုပြုံးပြသည်။ ပြီးတော့ ခပ်လှမ်းလှမ်း မှာရှိသည့် ကျွန်တော့်ဖောင်ကို သွားကြည့်ကြသည်။ သူတို့သည် ဖောင်ကိုကြည့်ပြီး အံ့သြနေကြလေသည်။

မြသဇင်သည် သူမ၏ဖခင်ကို ပြန်ဖက်ထားရင်းနှင့် ကျွန်တော့်ကိုလှမ်းကြည့်သည်။

"သြော် . . . ဖေဖေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဖေဖေ ဒါကို စောမြင့်ဟန်တဲ့။ ဒီကျွန်းပေါ် သမီးတို့စရောက်ကတည်းက သူက သမီးတို့ကို ကာကွယ်စောင့်ရှောက်ပေးခဲ့တာ။ သူလည်း သမီးတို့စက်လှေနဲ့အတူပါလာတာလေ"

အဘိုးကြီးသည် ကျွန်တော်ရှိရာသို့ လျှောက်လာ၏။ ပြီးတော့ ကျွန်တော့် လက်ကိုဆွဲ၍နှုတ်ဆက်သည်။

"ကျေးဇူးအများကြီးတင်ပါတယ်သားရယ်။ အန်ကယ့်သမီးနဲ့ အန်ကယ် မြေးကိုစောင့်ရှောက်တဲ့အတွက်"

ဇာတ်လမ်းသည် ပြည့်ဖုံးကားချပေတော့မည်။ မကြာမီ ရောက်လာတော့မည့် ခွဲခွာမှုအတွက် ကျွန်တော်ကြေကွဲသွားလေသည်။ မြသဇင်သည် သူ့အဖေ၏လက်ကိုဆွဲခေါ်သွားပြီး ကျွန်တော်





၏ ဖောင်ကိုသွားပြသည်။ ဖောင်သည် ရေထဲသို့ရောက်နေလေပြီ။ အဖိုးကြီးသည် ဖောင်ကိုကြည့်ပြီးပြုံးနေသည်။

ထို့နောက် သူတို့သားအဖတဲကလေးကို သွားကြည့်ကြပြန်သည်။ ခဏလောက်နေတော့ သူတို့မြေးအဘိုးသုံးယောက်ပြန်ရောက်လာသည်။

"ကဲ . . . လာသား၊ အန်ကယ်တို့သွားကြရအောင်"

ကျွန်တော်သူတို့နောက်မှ ရေထဲသို့ဆင်းခဲ့သည်။ နောက်တော့ စက်လှေပေါ် ရောက်သွားသည်။ စက်လှေကိုကျောက်ပြန်တင်၍ စက်ကိုဖွင့်သည်။ လွမ်းမောဖွယ်ရာကျွန်းသည် မြင်ကွင်း၌ တဖြည်းဖြည်းဝေး၍ ကျန်ခဲ့သည်။ ကျွန်တော့်အနီးကုန်းပတ် လက်ရန်းတွင် မြသဇင်က ရပ်နေသည်။ သူမ၏ မျက်ဝန်း၌မျက်ရည်တွေ ပြည့်လျက်ရှိ၏။

မြသဇင်၏ ဆံပင်တွေသည် လေအဝှေ့တွင် ကျွန်တော့် မျက်နှာဆီသို့ ဝေ့လာသည်။ အရှေ့အရပ်မှ ထွက်ပေါ်လာသော နေရောင်ခြည်နုထွေးထွေးသည် မြသဇင်၏မျက်နှာပေါ် သို့ကျသည်။ သူမသည် ကျွန်တော့်ဘက်သို့ ခပ်ဖြည်းဖြည်းလှည့်လာသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး မျက်လုံးချင်းဆုံမိသွားသည်။ ထိုအခါ သူမသည် မျက်ရည်စတွေနှင့်ပြုံးသည်။

"ကျွန်မတို့ (၅)လလောက် အတူနေခဲ့ကြတယ်နော်"

အတိအကျပြောရရင်တော့ (၅)လနဲ့ (၁၃)ရက် မြသဇင်"

"ကျွန်မတော့ အတူနေခဲ့ရတဲ့ရက်တွေကို ပြန်လွမ်းနေမိမှာ သေချာပါတယ် . . . ရှင်ရော"

"ရင်နဲ့အမျှပါ မြသဇင်"

နှုတ်ခမ်းထောင့်ကလေးသည် မသိမသာကွေးညွတ်သွားသည်။ နေ့လယ်စာကို စက်လှေပေါ် မှာပင် ကျွန်တော်တို့စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၇)လကျော်မျှ မစားခဲ့ကြသည့်ထမင်း၊ ကျွန်တော်ငြိမ်သက်စွာစားနေသည်ကို မြသဇင်က လှမ်းကြည့်နေပါသည်။ ပင်လယ်ပြင်ထဲမှာကျန်ခဲ့သည့်ကျွန်းကလေးကို အရိပ်အယောင်မျှမတွေ့ရတော့ပြီ။ စက်လှေသည် ထားဝယ်သို့ရောက်သောအခါ ကျွန်တော်မြသဇင်တို့သားအဖရှေ့တွင် သွားရပ်လိုက်သည်။

"ကျွန်တော်ထားဝယ်မှာပဲ ဆင်းတော့မယ် မြသဇင် . . . အန်ကယ် ကျွန်တော် ထားဝယ်ကနေ ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော်ဆက်သွားတော့မယ်"

မြသဇင်သည် မျက်လုံးကလေးဝိုင်းနေ၏။

"အန်ကယ်တို့ လိုက်ပို့ပေးမယ်လေ"

"ရပါတယ် အန်ကယ် . . . ကျွန်တော်ရန်ကုန်ကို ဖုန်းဆက်စရာရှိသေးလို့ ဒီကပဲသွားပါရစေ"

"အေးအေး . . . ကောင်းပြီ သား။ အစစအရာရာအတွက် အန်ကယ် သားကို ကျေးဇူးတင်ပါတယ်။ အန်ကယ့်ကုမ္ပဏီကိုလည်း ရန်ကုန်ရောက်ရင် သားလာလည်နိုင်ပါတယ်။ သရုဖူကုမ္ပဏီလို့ခေါ်ပါတယ်။ လမ်း (၅၀)မှာရှိတယ်"

"ဟုတ်ကဲ့"

ပြီးတော့ ကျွန်တော် ပေါက်ပေါက်ရှေ့မှာ သွားထိုင်လိုက်သည်။

"သမီး . . . ဦးဦးသွားတော့မယ်"

"ဟင့်အင်း . . . ဦးဦးမသွားနဲ့။ သမီးတို့နဲ့လိုက်ခဲ့"

ကလေးသည် ကျွန်တော်ကစ၍ ခွဲခွာတော့မည်ဖြစ်သဖြင့် မျက်နှာကလေး မဲ့နေသည်။

"ဦးဦးမှာ လုပ်စရာအလုပ်တွေရှိနေလို့နော် သမီး။ နောက်မှ ဦးဦးတို့ ပြန်တွေ့ကြသေးတာပေါ့"





မြသဇင်သည် ကျွန်တော့်ရှေ့မှာလာရပ်သည်။ ကျွန်တော်သူမကို ငုံ့ကြည့်သောအခါ ကျွန်တော့်လက်ထဲသို့ ငွေစက္ကူအချို့ကို ထည့်သည်။

"ရှင့်မှာ ငွေတွေမရှိတော့ဘူးမဟုတ်လား . . . ဒီငွေတွေယူသွားလိုက်ပါ . . . ခရီးစရိတ်ပေါ့"

ကျွန်တော်ပြုံးလိုက်သည်။ ကျွန်တော့်မှာ ပိုက်ဆံမှမပါဘဲနှင့် ဘယ်လိုလုပ်ပြီး ကော့သောင်းသွားရမည်နည်း။

"ကျေးဇူးပဲနော် မြသဇင်။ ရန်ကုန်ကျ ကျွန်တော်ပြန်ဆပ်ပါမယ်။ ကျွန်တော်သွားမယ်နော်။ အန်ကယ် ကျွန်တော့်ကိုခွင့်ပြုပါဦး"

ကျွန်တော်စက်လှေပေါ်မှ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်းလာခဲ့သောအခါ အားလုံးကဝိုင်းကြည့်နေသည်။ မြသဇင်က စက်လှေပေါ်မှ လက်လှမ်းပြသည်။ ကျွန်တော့်ရင်ထဲမှာ ဟာလာဟင်းလင်းဖြစ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

မောင်အေးသန်းနှင့် တယ်လီဖုန်းပြောရသောအခါ မောင်အေးသန်းက ဝမ်းသာလုံးဆို့နေသည်။

"ဝမ်းသာလိုက်တာ အစ်ကိုရာ။ ကျွန်တော်တို့က အစ်ကိုသေပြီတောင် ထင်နေတာ။ အလုပ်တိုက်မှာလည်း ဘုန်းကြီးငါးပါးပင့်ပြီး အစ်ကို့အတွက် ဆွမ်းကပ်လိုက်တယ်။ အလုပ်တွေကိုတော့ ကျွန်တော်တို့နှစ်ယောက် နိုင်သလောက် ဆက်လုပ်ထားတယ်အစ်ကို။ အစ်ကို့ညီမ မမနေခြည်ဆီလည်း လုပ်ငန်းနဲ့ပတ်သက်လို့ ကျွန်တော်မှန်မှန် အစီရင်ခံထားပါတယ်။ ဒါနဲ့ အစ်ကိုဘယ်တော့လောက်ရန်ကုန်ပြန်လာမလဲ"

"ငါအခု ကော့သောင်းဆက်သွားဦးမှာဆိုတော့ နောက်ထပ်ဆယ်ရက်လောက်ဆိုပြန်လာခဲ့မယ်။ လုပ်ငန်းကို ငါမရှိတုန်း ဆက်ထိန်းပေးထားတာ ကျေးဇူးပဲကွာ"

ကျွန်တော် ဖုန်းချပစ်လိုက်သည်။ ကော့သောင်းရောက်သောအခါ မေမေက ကျွန်တော့်ကိုဖက်၍ငိုပါသည်။

"သားရယ် မေမေက သားမရှိတော့ဘူးတောင် ထင်နေ





တာ။ ဒီမှာလည်း ဆွမ်းတွေဘာတွေတောင် သွပ်လိုက်သေးတယ်။ ဘုရားသခင်ရဲ့ဂုဏ်ကျေးဇူးနဲ့ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် သားလေးကို မသေကောင်း မပျောက်ကောင်းပြန်တွေ့ရတာ"

"မေမေ ဘယ့်နှယ်နေသေးလဲဟင်"

"သက်သာပါတယ်သားရယ် . . . ဆေးတွေတော့ မှန်မှန်သောက်နေရတာ ပေါ့"

မေမေ့အား သက်သက်သာသာ ထူထူထောင်ထောင် တွေ့မြင်လိုက်ရသည့်အတွက် ကျွန်တော်စိုးရိမ်ပူပန်မှုတွေ ပျောက်သွားသည်။ နေခြည်သည်လည်း သေရွာပြန်ဖြစ်သောကျွန်တော့်ကို စကားဆွေတစ်ဝပြောသည်။ စကားတွေပြောရင်းနှင့် မြသဇင်ကို သတိရပြန်သည်။ ကျွန်တော့်တူနှစ်ယောက်နှင့်လည်း ဆော့ကစားရသည်။ ထိုအခါ ပေါက်ပေါက်ကိုသတိရပြန်၏။

"သားလည်းမငယ်တော့ဘူး။ အိမ်ထောင်လေး ဘာလေးပြုပါတော့လားဟင်။ ရန်ကုန်မှာမတွေ့ဖူးလား။ မေမေပဲရှာပေးရမလား"

မေမေ့စကားတွေကို ခေါင်းခါခြင်းဖြင့် ကျွန်တော်ငြင်းပယ်လိုက်မိသည်။ ကျွန်တော် ချစ်ခင်နှစ်သက်ရသူမဟုတ်လျှင် အိမ်ထောင်မပြုလိုပါ။ ရန်ကုန်မှာလည်း မရှာချင်တော့ပါ။ မေမေရှာပေးမည့် ကျွန်တော့်ဇနီးလောင်းကိုလည်း မရှာစေချင်ပါ။

ကော့သောင်းတွင် ခုနစ်ရက်လောက်နေပြီးသောအခါ ရန်ကုန်သို့ ကျွန်တော်ပြန်ခဲ့သည်။ ခရီးစဉ်အတွင်း ကျွန်တော် ငူငူငေါင်ငေါင်နေသည်။ ယခု အချိန်လောက်ဆိုလျှင် မြသဇင် ဘယ်ရောက်နေလေမည်နည်း။ ရန်ကုန်သို့ပဲ ပြန်ရောက်နေလေပြီလော။ ယခုတော့ သူမ၏ဘဝနှင့် ကျွန်တော်၏ဘဝတို့ သီးခြားစီဖြစ်ခဲ့ရသေပြီ။ ရန်ကုန်ပြန်ရောက်သောအခါ လုပ်ငန်းနှင့်ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချေ့ခွင်းစရာပြဿနာတွေကလည်း စောင့်နေသည်။

ကျွန်တော်တို့၏လုပ်ငန်း၌ ကျွန်တော်မရှိတော့သောအခါ ဘောက်သည် တချို့လျော့သွားသည်။ မောင်အေးသန်းတို့သည် လုပ်ငန်းကို မလိုင်လဲမသွား အောင်သာ ထိန်းထားနိုင်သည်။ အကယ်၍သာ စက်လှနစ်ပြီး ပင်လယ်ထဲ၌ ကျွန်တော်သေဆုံးသွားခဲ့သည်ရှိသော်၊ အကယ်၍သာ ကျွန်းပေါ်၌ နောက်ထပ် တစ်နှစ်လောက် ဆက်လက်ပြီး သောင်တင်နေခဲ့သည်ရှိသော် ကျွန်တော်ထူထောင်ခဲ့သည့်လုပ်ငန်းသည် ပြိုလဲပျက်စီးသွားပေလိမ့်မည်။

ကုသိုလ်ကံတရားသည် ကျွန်တော့်ကို ဖေးမကူညီနေဆဲပင် ဖြစ်လေသည်။ လုပ်ငန်းခွင်သို့ ကျွန်တော်ပြန်လည်ရောက်ရှိသည်နှင့် ယခင်ဖောက်သည်များဖြစ်သော ဆောက်လုပ်ရေးကုမ္ပဏီတွေသို့ ဖုန်းတွေဆက်ရလေတော့ သည်။ အချို့သည် ကျွန်တော်နှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသူများဖြစ်သဖြင့် ကျွန်တော်မသေဘဲ ပြန်ရောက်လာခြင်းအတွက် လှိုက်လှိုက်လှဲလှဲပင် ဝမ်းသာကြလေသည်။

သိပ်မကြာခင်မှာပင် ကျွန်တော်၏အလုပ်ခန်း၌ လူတွေ ချက်ချင်း စည်ကားလာလေတော့သည်။ အလုပ်တွေပြန်လက်ခံသည်။ ထိုအတောအတွင်း ကျွန်တော်၏စိတ်ကူးစိတ်သန်းတို့သည် ယခင်က ထက်ပိုမိုကောင်းမွန်လာသည် ကိုသတိပြုမိသည်။ ကျွန်တော်၏ပုံဆွဲခန်းထဲမှာ ပုံဆွဲကိရိယာတွေနှင့် ကျွန်တော်စတင်တော့သည်။

ကျွန်တော်နှင့်ဝေးနေသည်မှာကြာပြီဖြစ်သော ကွန်ပျူတာတွေ၏ အကူအညီကိုပြန်ယူရသည်။ ညနေမိုးချုပ်သည်အထိ ကျွန်တော်လုပ်ငန်းထဲမှာ အာရုံနှစ်နေတုန်းပင်ရှိသည်။ ထိုအခိုက်မှာပင် မောင်အေးသန်းတို့နှစ်ယောက် ကျွန်တော့်အနီးရောက်လာသည်။

"အစ်ကို. . . ညစာအတွက် ကျွန်တော်တို့ ဘာစီစဉ်လိုက်ရမလဲ"





ထောက်စူးကို စားပွဲပေါ် အသာပြန်ချလိုက်သည်။ သူတို့နှစ်ယောက်သည် အလုပ်ပင်ပန်းသဖြင့် မျက်နှာတွေ အနည်းငယ်ချောင်ကျနေသည်။

"ငါမရှိတုန်း မင်းတို့ ဘယ်လိုစားသောက်နေကြသလဲ"

"ထမင်းကိုတော့ ချက်စားတယ်အစ်ကို . . . ဟင်းကိုတော့ မအားလို့ ဆိုင်ကပဲ ဝယ်စားလိုက်တယ်"

"ဒီညစာအတွက် ထမင်းချက်ပြီးသားရှိလား"

"မရှိဘူးအစ်ကို. . . အခုမှချက်ရမှာ"

ကျွန်တော်နာရီကိုကြည့်လိုက်သည်။ ညရှစ်နာရီထိုးတော့မည်။

"တို့တွေဆိုင်မှာ သွားစားကြရအောင်။ အလုပ်တွေ သိမ်းလိုက်တော့"

နောက်တော့ ကျွန်တော်တို့သုံးယောက် အငှားကားငှား၍ စားသောက် ဆိုင်တစ်ခုသို့သွားကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သဖြင့် ကောင်းကင်တွင် လစန္ဒာက ပြည့်ဝနေသည်။ ကြယ်တွေ နက္ခတ်တာရာတွေစုံလင်သောည။ ရန်ကုန်ည၌ ကောင်းကင်ကိုမြင်ရသောမြင်ကွင်းသည် မလွတ်လပ်။ တိုက်တာ အဆောက်အဦတွေ သစ်ပင်တွေက ကွယ်နေသည်။ ဆောင်းလေပြည်က တစ်ချက်ဝှေ့သွားသည်။

မြသဇင်၊ ပေါက်ပေါက်နှင့် ကျွန်တော်တို့နေထိုင်ခဲ့သော ကျွန်းကလေးကို သတိရမိပြန်သည်။ ကျွန်တော်တို့သုံးဦးသည် တကယ့်မိသားစုကလေး မဟုတ်ပါပဲလျက် တကယ့်မိသားစုသဖွယ်နေထိုင်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး စောင့်ရှောက်ကူညီခဲ့ကြသည်။ မြသဇင်တို့လွမ်းမိပြန်သည်။ သူမအပေါ် နှင့်သည်းစွာချစ်ခဲ့မိခြင်းဖြစ်သဖြင့် ကျွန်တော်၏အလွမ်းသည် ထုထည်ကြီးမားလွန်းလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဘာမှာမလဲ။ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်"

ကျွန်တော်၏တပည့်နှစ်ယောက်သည် အသုံးစရိတ်တွေကို ခြိုးခြံသုံးစွဲနေကြရလေသည်။ ယခုပင်လျှင် သူတို့သည်စားသောက်ဆိုင်၌ ဈေးနှုန်းသက်သာသော အစားအစာတို့ကို စားသောက်ရန်တင်ပြနေကြလေပြီ။ ကျွန်တော် သူတို့နှစ်ယောက်ကိုပြုံးပြလိုက်သည်။

"တို့တစ်တွေ အစားအသောက်ဆင်းရဲခဲ့တာကြာပြီ။ အစ်ကိုဆိုလည်း ပင်လယ်ထဲမှာ ငှက်ပျောသီးနဲ့ ငါးပဲစားခဲ့ရတာ။ ဒီညတော့ ကောင်းကောင်းကလေးစားရအောင်ကွာ"

မီနူးကိုဖွင့်၍ အစားအသောက်တွေကို ကျွန်တော်မှာသောအခါ သူတို့တတွေ အံ့သြနေကြသည်။ ကျွန်တော်မှာသောအစားအစာများတွင် ငါးလုံးဝ မပါချေ။

"လောလောဆယ်တော့ ငါးကိုလုံးဝမစားချင်သေးဘူးကွာ။ ငါးလလောက် နေ့တိုင်း ငါးကိုပဲစားလာတော့ ငြီးငွေ့နေပြီ"

သူတို့ရယ်ကြသည်။ အစားအသောက်တွေရသောအခါ ကျွန်တော်တို့တတွေ စားသောက်ရင်း စကားပြောကြသည်။ ပင်လယ်ပြင်က အတွေ့အကြုံတွေ သူတို့မေးသဖြင့် ပြောပြရသေးသည်။ ပြီးတော့ အလုပ်အကြောင်း ပြန်ရောက်လာကြသည်။

"အင်တာနက်မှာဒီဇိုင်းတွေ သွားကြည့်ကြရအောင် .. အခြေခံ စိတ်ကူးလောက်တော့ရနိုင်တာပေါ့"

"တို့မှာရှိတဲ့ အဆောက်အဦပုံ ကတ်တလောက်တွေနဲ့တင် လုံလောက်နေပါပြီကွာ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကိုယ့်လုပ်ငန်းနဲ့ပတ်သက်လို့ တိုးတက်ဖို့ အမြဲလေ့လာနေဖို့တော့ လိုတယ်။ မင်းတို့ကြည့်ချင်တယ်ဆိုလည်း သွားကြတာပေါ့"

"အစ်ကို. . . မနက်က အစ်ကို ကျွန်တော့်ကို ဆွဲခိုင်းတဲ့





အဆောက်အဦးမှာ ပေါ်တီကို (ဆင်ဝင်)မပါဘူးနော်။ ကျွန်တော်ထည့်လိုက်ရမလား"

"မထည့်နဲ့ကွ . . . အလုပ်ရှင်က ပေါ်တီကို ထည့်တာမကြိုက်လို့ တမင်မထည့်ဘဲထားတာ . . . တစ်မျိုးတော့လည်း အမြင်ဆန်းတာပေါ့လေ"

ညစာစားသောက်ပြီးသော် ကျွန်တော်တို့သုံးယောက် အင်တာနက်ကဖီးတစ်ခုသို့သွား၍ အင်တာနက်ဖွင့်သည်။ သူတို့နှစ်ယောက်ကတော့ ဒီဇိုင်းအချို့ကိုအလွန်ပင်သဘောကျနေသည်။ ထို့ကြောင့် စီဒီတစ်ချပ်နှင့်ကူးဖို့လုပ်ရသေးသည်။ အင်တာနက်ကဖီးမှ ကျွန်တော်တို့ပြန်လာခဲ့ကြသောအခါ ည ၁၀ နာရီ ရှိလေပြီ။ သူတို့က အောက်ထပ်မှာရှိသော အလုပ်ခန်းမှာပင်အိပ်၍ ကျွန်တော်ကတော့ အပေါ်ထပ်က ကျွန်တော့်အခန်းသို့တက်ခဲ့သည်။

မအိပ်ချင်သေးသဖြင့် တီဗီဖွင့်ကြည့်သည်။ တီဗီမှာပြနေသောဇာတ်လမ်းတွဲတွေက ကျွန်တော်နှင့်အဆက်ပြတ်နေသဖြင့် ဘာမှနားမလည်။ ထို့ကြောင့် တီဗီကိုပိတ်၍ ကက်ဆက်ကိုဖွင့်သည်။ ဗျာမန်ဂီတပညာရှင်၏ ဗီသိုမင်၏တေးသွားတစ်ခွေထည့်ဖွင့်သည်။ တယောအဖွဲ့အနွဲ့နှင့် စန္ဒရားအဖွဲ့အနွဲ့တို့သည် ကျွန်တော့်အတွေးတွေကို ကျွန်းကလေးဆီသို့ပြန်ရောက်သွားစေသည်။

ကျွန်တော်၏အဝတ်အစားထည့်သည့် ခရီးဆောင်အိတ်မှ သားရေပြားအနက်ကို ခါးမှာပတ်ထားပြီး ကိုယ်ဟန်နွဲ့နွဲ့ဖြင့် ရပ်နေသည့်မြသဇင်။ ကျွန်းကလေးပေါ်မှာသူမကိုစတွေ့ကာစက အောက်ခံဝင်တီဘောင်းဘီအနက်ကလေးဖြင့် ကျန်းမာသန်စွမ်းသော သားကောင်းမိခင်ဘဝကို ဖော်ညွှန်းနေသည့်ခန္ဓာကိုယ်။ ညနေဆည်းဆာအချိန်၌ သောင်ပြင်မှာလမ်းလျှောက်ကြရင်း သူမ၏မျက်နှာသို့ တစ်စွန်းတစ်စကျကျနေသည့် ပုစွန်ဆီရောင်နေထွေးထွေး။



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်မုန်တိုင်းတွေတိုက်ခတ်လာသောအချိန်၌ ပေါက်ပေါက်ကို ရင်ခွင်ထဲထည့်ထားပြီး ခပ်ကွေးကွေးကလေးထိုင်နေသည့်မြင်ကွင်း။ ကောင်းကင်မှာရှိသည့် ကြယ်တွေနက္ခတ်တွေကို ကျွန်တော့်လက်ညှိုးညွှန်ပြနေခိုက် ကျွန်တော့်အနီးကပ်ကြည့်သဖြင့် ကျွန်တော့်ဆီရောက်ရှိလာသော သူမ၏ ပကတိကိုယ်သင်းနံ့။

ခုတင်ပေါ် လဲလျောင်းနေရာမှ ကျွန်တော်ထလိုက်ပြီး ဝရန်တာတံခါးဖွင့်လိုက်မိသည်။ အိမ်ရှေ့ဝရန်တာမှနေ၍ အရှေ့ဘက်ကောင်းကင်ကိုပို၍မြင်နေရသည်။ လစန္ဒာသည် ကျွန်တော့်ခေါင်းပေါ် သို့ပင် ရောက်လေပြီ။ ကောင်းကင်အနှံ့ပြန့်ကျဲနေသော ကြယ်တာရာတွေကို လွမ်းဆွတ်စွာဖြင့်ကြည့်လိုက်မိသည်။ မြောက်ဘက်ကောင်းကင်၌ ထွန်းလင်းတောက်ပနေသည့် မူဝံကြယ်သည် ယခုအချိန်၌ သိပ်မထူးခြားတော့ဟု ခံစားရသည်။

မောင်ရင်ဆိုင်ထမ်း၊ ဖျောက်ဆိပ်ကြယ်တို့သည် လွမ်းဆွတ်ဖွယ်ဖြစ်နေ၏။ အေးမြသောမြောက်ပြန်လေသည် ကျွန်တော့်မျက်နှာကိုပင့်၍ တိုက်ခတ်သွားသည်။ မကြာမီ ဆောင်းဥတုသည် ပီပီသသပင်ရောက်ရှိလာတော့မည်။ ခဏနေတော့ အခန်းထဲပြန်ဝင်၍ တံခါးပိတ်လိုက်သည်။ ပြီးတော့ ခုတင်ပေါ် လှဲလိုက်သည်။ ဥရောပ ဂန္ထဝင်တေးသွားတို့သည် ကက်ဆက်မှ ခပ်တိုးတိုး ထွက်ပေါ်နေဆဲပင်ရှိသည်။

နောက်တော့ ကျွန်တော်အိပ်ပျော်သွားမိလေသည်။ နံနက်ရောက်သောအခါ ကျွန်တော်ခပ်စောစောပဲနိုးလာသည်။ သွားတိုက်မျက်နှာသစ်ပြီး ရေပါ တစ်ခါတည်းချိုးလိုက်သည်။ အလုပ်ခန်းထဲမှာ မောင်အေးသန်းတို့က နံနက်စာ ပြင်ဆင်ထားပြီး ကျွန်တော့်ကိုစောင့်နေသည်။ နံနက်စာက ပေါင်မုန့်မီးကင် ထောပတ်၊ ကြက်ဥကြော်နှင့် ကော်ဖီသာဖြစ်သည်။





ကျွန်တော်တို့သုံးယောက်စကားတပြောပြောနှင့် စားကြသည်။ နံနက် ကိုးနာရီထိုးသောအခါ ကျွန်တော့်ထံဖုန်းလာသဖြင့် သွားစကားပြောရသည်။

"ဟေး . . . ကိုစောမြင့်ဟန် ကျွန်တော်ပါဗျ။ ဘယ်လိုလဲနိုးပြီလား။ ခင်ဗျားကိုကျွန်တော်ပေးစရာရှိတဲ့ငွေတွေ ကျွန်တော်လာပေးမလို့ ခင်ဗျား စောင့်နေ ဟုတ်ပြီလား။ ဘယ့်နှယ်လဲ သေရွာပြန်ကြီးရဲ့ . . မသေကောင်းမပျောက်ကောင်းဗျာ"

ကျွန်တော့်မိတ်ဆွေ ကိုဝဏ္ဏ၏ဖုန်း။

"ငွေတွေပေးမယ်ဆိုတာ ဝမ်းသာစရာကြီးဗျာ။ ကျွန်တော်စောင့်နေမယ်။ တကယ်လို့ ကျွန်တော်အရေးတကြီးကိစ္စနဲ့ အပြင်သွားစရာရှိတယ်ဆိုလည်း ကျွန်တော့်တပည့်လေးတွေကို ယုံကြည်စိတ်ချစွာနဲ့ ပေးခဲ့ပါ"

"ဟုတ်ကဲ့ ဒါပဲနော်"

ကိုဝဏ္ဏ ဖုန်းချသွားသည်။ ထိုအခိုက်မှာပင် မောင်အေးသန်းက ကျွန်တော့်ကိုလာခေါ်သည်။

"ဆရာ. . . ဧည့်ခန်းမှာ ဧည့်သည်နှစ်ယောက်ရောက်နေတယ်။ ဆရာ ကိုတွေ့ချင်လို့တဲ့"

"ဘာကိစ္စတဲ့လဲ မောင်အေးသန်း"

"ဒီဖိုင်းတစ်ခု အပ်ချင်လို့လို့ပြောတာပဲ"

ကျွန်တော်ဧည့်ခန်းသို့ လျှောက်ခဲ့သည်။ ပြီးတော့ ဧည့်ခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ဧည့်ခန်းက ဆက်တီကုလားထိုင်တွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ထိုင်နေသည်။ ကျွန်တော်၏တံခါး အဖွင့်အပိတ်အသံကြောင့် အမျိုးသားက အရင်ကြည့်သည်။ လူစိမ်းတစ်ဦး သူ့ကို ကျွန်တော်မမြင်ဖူးပါ။ ထိုအခါမှာပင် ခေါင်းငုံ့နေသော အမျိုးသမီးက ခေါင်းမော့လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသက်ရှူဖို့မေ့သွားပါသည်။ ရင်ထဲမှာ အမည်မသိသော ဝေဒနာတစ်ရပ်ကို ရလိုက်သည်။

"မြသဇင်"

ကျွန်တော့်နှုတ်မှ ခပ်တိုးတိုးအသံထွက်သွားသောအခါ သူမက မတ်တပ်ထရပ်သည်။ ကျွန်တော်ပြုံးဖို့ကြိုးစားလိုက်သည်။ အပြုံးတစ်ခုတော့ ဖြစ်သွားသော်လည်း အသက်ပါသလား၊ မပါသလားတော့ မသိပါ။ မြသဇင် မတ်တပ်ထရပ်သဖြင့် အမျိုးသားကလည်း ထရပ်သည်။

"ကျွန်တော်တင်မောင်လွင်ပါ . . . ဒီကသူငယ်ချင်း နာမည်က ကိုစောမြင့်ဟန် . . . ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ကျွန်တော်စောမြင့်ဟန်ပါ"

ထိုအခါမြသဇင်က ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးလေသည်။

"ကိုစောမြင့်ဟန် ဒါ . . . မြသဇင်ပြောဖူးတဲ့ ကိုတင်မောင်လွင့်ဆိုတာလေ။ သူက ဇွဲမာန်နည်းပြကျူရှင်ဖွင့်ထားတယ်။ ကိုတင်မောင်လွင် သူက သဇင်ပြောတဲ့ ကိုစောမြင့်ဟန်။ သဇင်တို့ကို ကျွန်းပေါ်မှာစောင့်ရှောက်ခဲ့တာ သူပေါ့"

ကိုတင်မောင်လွင်ဆိုသူ၏မျက်နှာတွင် တစ်စုံတစ်ခုသော အရိပ်အယောင်တွေပေါ်လာသည်။ ကျွန်တော်တို့ထိုင်မိကြသည်။

"ရော့ . . . စီးကရက်သောက်ပါ"

သူက စီးကရက်ဘူးကိုထုတ်၍ တစ်လိပ်ထုတ်သောက်ရင်း ကျွန်တော့်ဘက်သို့ဘူးကိုတွန်းပေး၍ စီးကရက်တည်၏။

"ဆောရီးဗျာ . . . ကျွန်တော် စီးကရက်မသောက်တတ်ဘူး"

မြသဇင်သည် ကျွန်တော့်ကိုဖျတ်ခနဲ ကြည့်လေသည်။ ကိုတင်မောင်လွင်သည် ကျွန်တော့်ရိုးခန်းကို မသိမသာအကဲခတ်၏။





"မိုးပြာဗိသုကာ အကျိုးဆောင်လုပ်ငန်းဆိုတော့ ကျွန်တော်က အကြီးကြီးမှတ်နေတာ။ အခုတော့ သေးသေးလေးပဲနော်"

ကျွန်တော် ပြုံးလိုက်မိသည်။

"တချို့မြွေတွေက အကောင်သေးပေမယ့် အဆိပ်ပြင်းပါတယ် ကိုတင်မောင်လွင်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေအထားနဲ့ ဒီလောက်ပဲဖြစ်မှာပါပဲ"

"ပင်လယ်ထဲမှာ သဇင်တို့ကိုစောင့်ရှောက်ခဲ့တဲ့အတွက် ကိုတင်မောင်လွင်က သူ့ကို ကျေးဇူးတင်စကားမပြောသေးဘူးနော်"

ကိုတင်မောင်လွင်သည် မြသဇင်၏စကားကြောင့် ခနိုးခနဲ့ပြုံးလေသည်။ ကျွန်တော်စိတ်ကျဉ်းကြပ်လာ၏။

"ကိုယ်က သူ့ကိုကျေးဇူးတင်စကားပြောရမယ်ဟုတ်လား။ ပတ်ဝန်းကျင် လုံးဝမရှိတဲ့နေရာမှာ သဇင်တို့ကို သူကဘယ်လိုများ စောင့်ရှောက်ခဲ့လို့လဲ။ စောင့်ရှောက်တာလား။ စောင်မကြည့်ရှုတာလား ကိုယ်သိချင်သေးတယ်"

"ဘယ်လိုပြောလိုက်တာလဲ ကိုတင်မောင်လွင်။ သဇင် အားလုံးကို ရှင်းပြပြီးပြီပဲ။ ကိုတင်မောင်လွင်ပြောတဲ့စကားက သူတစ်ပါးကို ထိခိုက်နေတယ်နော်။ နောက်ပြီးကိုစောမြင့်ဟန်ဟာ ကိုယ်ကျင့်တရားအလွန်မြှုစင်တဲ့သူပါ"

"လာပြန်ပြီလား ကိုယ်ကျင့်တရား။ ဒီလောက်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်နဲ့ လူသူမရှိတဲ့ ကျွန်းကြီးပေါ်မှာ (၅)လလောက်အတူ နေရတာ။ ကိုယ်ကတော့ အဲဒီကိုယ်ကျင့်တရားဆိုတာကြီးကို မစဉ်းစားချင်ဘူး။ ထားပါတော့လေ"

ကျွန်တော်နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ ကိုတင်မောင်လွင်သည် ကျွန်တော့်လောတ်ပင် အသက်အရွယ်ရှိမည်ဖြစ်ပြီး ဆံပင်ကိုခပ်တိုတို ညှပ်ထားသည်။ အသားအရည်ကတော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ထော်မြူပါလိမ့်မည်။

"ဒီအခန်းက အိုက်တယ်ဗျနော် ... အဲယားကွန်းနည်းနည်း မြှင့်လို့မရဘူးလား"

ဆောင်းဥတုဝင်စဖြစ်သဖြင့် ရန်ကုန်ဆောင်းသည် အိုက်စပ်မှု ရှိမနေပါ။ ထို့ပြင် အဲယားကွန်းလည်း အပြည့်လွှတ်ထားပါသည်။ သို့သော် ကျွန်တော် အဲယားကွန်းကိုမြှင့်ပေးလိုက်မိပါသည်။

"ကျွန်တော့်မှာ လုပ်လက်စအလုပ်တွေရှိနေပါသေးတယ် မြသဇင် ... အခုမြသဇင်တို့လာတဲ့ကိစ္စအတွက် ကျွန်တော် ဘာကူညီပေးရမလဲ"

မြသဇင်ကဖြေမည်ပြုရာ ကိုတင်မောင်လွင်က လက်ကိုကာ၍ ဝင်ပြောသည်။ သူစကားပြောသောအသံက စီးပိုးမှုရှိနေ၏။

"ဒီလိုဗျာ ကျွန်တော့်အဖေနဲ့မြသဇင်တို့အဖေက လူကြီးချင်းရင်းနှီးတယ်။ ကျွန်တော်တို့လူငယ်ချင်းကိစ္စကို အမြန်စီစဉ်နေကြပြီ။ အဲဒီတော့ ကျွန်တော်တို့နှစ်ယောက်လက်ထပ်ပြီးရင်နေကြဖို့ တိုက်တစ်လုံးဆောက်ရမယ်။ အဲဒီအတွက် ဒီဇိုင်းလှလှနဲ့ တိုက်တစ်လုံးခင်ဗျားကို ဆွဲခိုင်းဖို့လာတာပဲ။ အကောင်းဆုံး၊ အလှဆုံးဒီဇိုင်းသာဆွဲပေးဗျာ ... ဘယ့်နှယ်လဲ"

မြသဇင်သည် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့်၏။ မျက်နှာတော့မကောင်း။ ပင့်သက်တစ်ချက်ကို သူတို့မသိအောင် ချလိုက်မိသည်။

"ဟဲ ... ဟဲ ... ကျွန်တော်တို့လက်ထပ်ရင် ကိုစောမြင့်ဟန်လည်း လာရမယ်နော်။ ကဲ ... ဒီမှာ မြေကွက်အကျယ်နဲ့ ကျွန်တော်လိုချင်တဲ့ အချက်အလက်ကလေးတွေ"

သူက စာရွက်ကလေးတစ်ရွက်ထုတ်ပေးသည်။ သူလက်တွင်ရှိသော ရွှေဟန်းချိန်းကြီးသည် မျှော့ကြီးတစ်ကောင်နှယ် အိနေ၏။





"ကဲ ... ကျွန်တော်တို့ကိုခွင့်ပြုဦး။ ဪ ... ဖြစ်နိုင်ရင် တစ်ပတ်လောက်မှာ ကျွန်တော်ဒီဇိုင်းလာယူချင်တယ်။ ဖြစ်မလား"

ကျွန်တော်ခေါင်းညိတ်လိုက်မိသည်။ သူတို့နှစ်ယောက် မတ်တပ်ထရပ်သည်။ ကိုတင်မောင်လွင်သည် ကျွန်တော့်ထက် အရပ်လေးလက်မကျော်ကျော်လောက်နိမ့်ပေလိမ့်မည်။ သူ၏အရပ်သည် မြသဇင်နှင့် မတိမ်းမယိမ်း။

"ကျွန်မ သွားမယ်နော် ကိုစောမြင့်ဟန်"

ကျွန်တော်ခေါင်းညိတ်ပြလိုက်၏။ သူတို့နှစ်ယောက် အခန်းတံခါးကို တွန်းဖွင့်၍ထွက်သွားသည်။ မှန်မှတစ်ဆင့် သူတို့စီးလာသောကားကို ကျွန်တော် တွေ့လိုက်ရသည်။ ကားကြီးသည် တောက်ပြောင်သစ်လွင်နေလေ၏။

ဧည့်ခန်းထဲမှာ စိတ်ညစ်ညူးစွာနှင့် ခဏတာမျှ ကျွန်တော်ထိုင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

အလုပ်ခန်းနှင့်ဆက်နေသော တယ်လီဖုန်းသည် ခုထင်ဘေး စားပွဲပေါ်၌ မြည်လာလေ၏။ ကျွန်တော်ဖုန်းကိုကိုင်ရင်း နာရီကြည့်လိုက်မိသည်။ ညဆယ့် တစ်နာရီရှိလေပြီ။

"ဟဲလို . . . ကိုစောမြင့်ဟန်နဲ့ စကားပြောချင်လို့ပါ"

အမျိုးသမီးတစ်ယောက်၏အသံ။

"ဟုတ်ကဲ့ . . . ကျွန်တော်ပါပဲ"

"ကျွန်မ မြသဇင်ပါ . . . ကိုစောမြင့်ဟန်"

တယ်လီဖုန်းကိုကိုင်ထားသော ကျွန်တော့်လက်ချောင်းတွေ အေးစက်သွားသည်။

"အလုပ်လုပ်နေသလားဟင်"

"မလုပ်ပါဘူး စာဖတ်နေတာပါ။ ပေါက်ပေါက်နေကောင်းလားဟင်"

"ဟုတ်ကဲ့ ကောင်းပါတယ်။ ဒါနဲ့ ကိုစောမြင့်ဟန် အိပ်တော့မလားဟင်"

"ဟင့်အင်း . . . ကျွန်တော် ပုံမှန်အိပ်ချိန်က ည ဆယ့်နှစ်





နာရီပဲ။ တစ်ခါတစ်လေ အလုပ်များရင်တော့ မနက်နှစ်နာရီလောက်မှ အိပ်ဖြစ်တယ်"

"ကိုစောမြင့်ဟန်ကို မြသဇင် တောင်းပန်စရာရှိလို့။ ဟိုတစ်နေ့က ကိုတင်မောင်လွင်ပြောသွားတဲ့စကားတွေနဲ့ ပတ်သက်ပြီး ကိုစောမြင့်ဟန် ကသိကအောက်ဖြစ်မှာပဲနော်။ ကိုတင်မောင်လွင်က သိပ်သဝန်တိုတတ်တာ။ ကျွန်မတို့ချစ်သူစဖြစ်ကတည်းကဆိုပါတော့။ ကျွန်မ တောင်းပန်ပါတယ်"

"သူက ကျွန်တော်တို့နှစ်ယောက်ကို မယုံဘူးထင်တယ်နော်။ သူ့စကားတွေက တစ်မျိုးပဲ"

"ဟုတ်တယ်။ အရက်သောက်ထားရင် ပိုဆိုးတယ်။ အမျိုးမျိုးသေတယ်၊ ရစ်တယ်။ ကျွန်မလည်း ဘယ်လိုရှင်းပြရမှန်းမသိတော့ဘူး"

ကျွန်တော်စိတ်မကောင်းဖြစ်သွားမိသည်။ မြသဇင်နှင့် သူ့ချစ်သူတို့ကြားတွင် ကျွန်တော်က ဆူးညှောင့်ခလုတ်ဖြစ်နေရလေပြီ။

"ကျွန်တော် သူ့ကိုရှင်းပြပေးဖို့ လိုမလားမြသဇင်"

မြသဇင်ထံမှ အသံတိတ်သွားသည်။

"ကျွန်မ ကိုစောမြင့်ဟန်ကို အားနာလို့"

"ရပါတယ် . . . ကျွန်တော်သူ့ကိုသွားရှင်းပြပေးပါမယ်။ ကျွန်တော်တို့ ဖြူစင်ခဲ့တဲ့အကြောင်း လိုအပ်မယ်ဆိုရင် သူ့ရှေ့မှာသစ္စာဆိုပေးပါမယ်"

"ကျေးဇူးတင်ပါတယ် ကိုစောမြင့်ဟန်"

"သူ့ကျူရှင်ကို ကျွန်တော်သွားတွေ့လိုက်ရင် ဖြစ်မလား"

"ဖုန်းအရင်ဆက်ကြည့်လိုက်ပါ ကိုစောမြင့်ဟန်"

မြသဇင်သည် ကျွန်တော့်ကိုဖုန်းနံပါတ်တစ်ခုပေးသည်။ ပြီးသော့ ဖုန်းချသွားလေသည်။ အတွေးတွေဖြင့် လုံးလည်ချာလည်လိုက်ပြီး အတော်ကြာသည်အထိ အိပ်မပျော်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်အရက်သောက်တတ်သလား ကိုစောမြင့်ဟန်"

သူမသည် ကျွန်တော် အရက်သောက်မသောက် မေးခဲ့သည်ကို ယခုမှ သဘောပေါက်လာသည်။ ထို့နောက်တွင် ကျွန်တော်အိပ်ပျော်သွားသည်။ နောက်တစ်နေ့တွင် ကျွန်တော်လည်း အလုပ်နှင့်နပမ်းလုံးနေရသည်။ နေ့လယ်လောက်မှ ကိုတင်မောင်လွင်ထံ ဖုန်းဆက်ရလေတော့သည်။

"ကိုတင်မောင်လွင်လား . . . ကျွန်တော်စောမြင့်ဟန်ပါ"

"ဟုတ်ပါတယ်။ ပြောပါ ကိုစောမြင့်ဟန်"

"ကိုတင်မောင်လွင် အားလားမသိဘူး။ ကျွန်တော်စကားနည်းနည်းပြောချင်လို့"

သူအသံတိတ်သွားပါသည်။ ခဏကြာမှ . . .

"ညနေသုံးနာရီဆိုရင် အတန်းအားလုံးပြီးပြီ။ ကျွန်တော်တို့ဘယ်မှာတွေ့ကြမလဲ။ ကျွန်တော့် ရုံးခန်းမှာပဲတွေ့ရင်ကောင်းမလား"

"ဟုတ်ပြီ . . . ဒါဆို ကျွန်တော်ညနေ သုံးနာရီကို လာခဲ့မယ်"

ဖုန်းချလိုက်ပြီးသော် သက်ပြင်းချလိုက်မိသည်။ ပြီးတော့ မြသဇင်ပေးခဲ့သော မြသဇင်၏ဖုန်းနံပါတ်ကို ဆက်ရပြန်သည်။ မြသဇင်သည် အဆင်သင့်ပင် ရှိနေပါသည်။

"ကိုစောမြင့်ဟန်လား . . . ဘာအကြောင်းထူးလဲ"

"ကျွန်တော် ဒီနေ့ညနေသုံးနာရီမှာ ကိုတင်မောင်လွင်ကို သူ့ရုံးမှာ သွားတွေ့မယ် . . . ပြီးရင် သူယုံကြည်လောက်တဲ့အထိ ကျွန်တော် ရှင်းပြပေးပါမယ်"

"ကျေးဇူးပါပဲ . . . ဒါနဲ့ ကျွန်မတို့ဆောက်မယ့်တိုက်အတွက် ဒီဇိုင်းရော ပြီးတော့မလား"

"သန်ဘက်ခါလောက်ပြီးမယ်"

"ဟုတ်ကဲ့ . . . ကျွန်မတို့လာယူပါ့မယ်"





မြသဇင်မှ ဟယ်လိုဖုန်းချသွားသည်။ မြသဇင်သည် ကျွန်တော့်ကို ပြောဆိုဆက်ဆံရာ၌ စကားတို့ကိုအပိုမပြောဘဲ၊ လိုရင်းတို့သာ ပြောဆိုတော့သည်ကို သတိထားမိသည်။ ထို့ပြင်ကျွန်းပေါ်အဖြစ်အပျက်တို့ကို တစ်ခွန်းမှ မဟတော့ချေ။ ကျွန်တော်ကတော့ဖြင့် ကျွန်းပေါ်က အဖြစ်အပျက်တွေကို လွမ်းဆွတ်တသ၍ကောင်းတုန်း။

ကိုတင်မောင်လွင်သည် ကျွန်တော့်ထက် စည်းစိမ်ဥစ္စာတွေကြွယ်ဝ ချမ်းသာပါသည်။ ကိုတင်မောင်လွင်စီးနေသော ကားမျိုးကိုသောလောဆယ်၌ ကျွန်တော်အိပ်မက်ပင်မမက်ဝံ့ပါ။ မည်သို့ပင်ဖြစ်စေကာမူ မြသဇင်နှင့် ကိုတင်မောင်လွင်တို့သည် ရွှေနှင့်မြ၊ နေနှင့်လပမာ ရှေ့သွားနောက်လိုက်ညီပါလိမ့် မည်။

ရင်နှင့်အောင်ချစ်ရသော မြသဇင်အတွက် မုဒိတာစိတ်နှင့် ကျွန်တော် ကူညီရပေတော့မည်။ ခဏကြာအောင် ငိုင်နေမိပြီးမှ ကျွန်တော်သတိပြန်ဝင်လာသည်။ သို့နှင့်ပင် ညနေသုံးနာရီမထိုးမီ ကိုတင်မောင်လွင်၏ရုံးခန်းသို့ ကျွန်တော်ထွက်လာခဲ့တော့သည်။ သူ၏သင်တန်းတည်ရှိရာသည် ဆိပ်ကမ်းသာလမ်း၌ဖြစ်ပါသည်။ ယခင်က သူ၏နည်းပြသင်တန်းကို ခပ်သေးသေးပဲ ထင်ထားခဲ့တာများနေပါသည်။ သင်တန်းကချည်းပဲ သုံးခန်းလောက်ရှိသည်။ ပြီးသော့ ဝါရင့်ဆရာ၊ ဆရာမများကိုငှားထားသည်။

အပြင်အဆင်အမွမ်းအမံတို့သည် ခေတ်မီသပ်ရပ်သည်။ ကိုတင်မောင်လွင်၏ရုံးခန်းသည်ပင်လျှင် ကျွန်တော်၏အလုပ်ခန်းထက် များစွာကျယ်ဝန်းပါသည်။ သူ့ရုံးခန်းတံခါးကိုတွန်းဖွင့်၍ ကျွန်တော်ဝင်လိုက်သောအခါ သူက ဆံလည်ကုလားထိုင်မှာထိုင်၍ အဆင့်သင့်ပင် ကျွန်တော့်ကို စောင့်နေလေသည်။

"လာဗျာ . . . ကိုစောမြင့်ဟန်"

သူသည် ကျွန်တော်မလာမီကလေးတွင်မှ အရုတ်အနှည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်သောက်ထားပုံရသည်။

"ထိုင် . . . ဒါနဲ့ခင်ဗျားဘာသောက်မလဲ . . . အပြင်းလား၊ အပျော့လား"

ရုံးခန်းထဲက ဗီရိုသေတ္တာကိုသွားဖွင့်ပြီးမေးသည်။

"လိမ္မော်ရည်ပဲလုပ်ပါ"

သူအံ့ဩသွားပုံရပြီး ခပ်ကျဲကျဲရယ်ပါသည်။

"ရယ်စရာတော့ ကောင်းတယ်ဗျ။ မိန်းမတွေဟာ အရက်သောက်တာကို မကြိုက်ကြဘူး။ ကိုစောမြင့်ဟန်ရော မိန်းကလေးတွေကြိုက်အောင် အရက်မသောက်ဘဲနေတာလား"

ရောက်ရောက်ချင်းပင် ဆောက်နှင့်ထွင်းနေလေပြီ။

ကျွန်တော် ပခုံးတွန့်လိုက်မိသည်။

"အရက်ကိုမကြိုက်လို့ကို မသောက်တာပါ"

သူက လိမ္မော်ရည်ဘူးတစ်ဘူးကို ကျွန်တော့်ရှေ့ချပေးသည်။

"မဆိုးဘူးဗျ . . . ခင်ဗျားက ယောကျ်ားထဲမှာ အတော်ကြည့်ကောင်းတဲ့ လူပဲ . . . မြသဇင်က ခင်ဗျားအကြောင်းပြောရင် မျက်လုံးကို အရောင်တောက်နေတာပဲ"

"ကိုတင်မောင်လွင် . . . ကျွန်တော်ခင်ဗျားကို လာတွေ့တာ အဲဒီကိစ္စပဲ"

သူသည် သူ၏ဆုံလည်ကလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး ကျွန်တော့်ကို ကြည့်လေသည်။

"ကိုတင်မောင်လွင် ကျွန်တော်နဲ့မြသဇင်တို့ဟာ ပင်လယ်ထဲက ကျွန်းပေါ်မှာ မိတ်ဆွေရင်းချာတွေလိုပဲဖြူစင်ခဲ့ကြတယ်။ အဲဒါအတွက် ကျွန်တော် ကိုတင်မောင်လွင် ကျေနပ်တဲ့အထိ ရှင်းပြဖို့လာခဲ့တာပါ"

"မရှင်းနဲ့တော့ ကိုစောမြင့်ဟန်။ ဒီကိစ္စဟာ ရှင်းရှင်းနဲ့ရှုပ်





လာမှာသေချာတယ်။ ခတ်တယ်ဗျာ။ ဒီကိစ္စမျိုးဆိုတာက ခင်ဗျားတို့နှစ်ယောက်စလုံး အချင်းချင်းပဲသိကြမယ့်ကိစ္စ။ ကျွန်တော်တို့ဘယ်လိုမှမသိနိုင်တဲ့ကိစ္စ။ အဲဒီတော့ မရှင်းတာပဲ ကောင်းတယ်"

"မဟုတ်ဘူး . . . ကျွန်းပေါ်မှာ ကျွန်တော်တို့နှစ်ယောက်ထဲမှမဟုတ်ဘဲ။ ပေါက်ပေါက်ရှိတယ်"

သူတဟားဟားရယ်လေသည်။ အရက်ရှိန်ဖြင့် သူ့မျက်နှာတနီနေ၏။

"ကလေးက နေရာတကာ ခင်ဗျားတို့နှစ်ယောက်ကို လိုက်ကြည့်နေနိုင် မှာလား။ မှတ်ထား ကိုစောမြင့်ဟန် စိတ်ကွယ်ရာအရပ်ဆိုတာ ကျွန်းလိုနေရာမျိုးမှာပြည့်လို့"

"ကျွန်တော်သစ္စာဆိုပြရင် ခင်ဗျားယုံမှာလား ကိုတင်မောင်လွင်"

"သစ္စာဆိုမယ်ဟုတ်လား . . . မလုပ်ပါနဲ့ဗျာ။ တော်ကြာခင်ဗျားတို့ သစ္စာစူးနေလိမ့်မယ်"

ကျွန်တော်သက်ပြင်းချလိုက်မိသည်။ ကိုတင်မောင်လွင်သည် ခေါင်းအတော်မာသည့် လူစားမျိုးပင်ဖြစ်လေသည်။

"မြသဇင် ခင်ဗျားကို စိတ်ဝင်စားနေတယ် ကိုစောမြင့်ဟန်။ သူပြောတဲ့ စကားတွေအရဆိုရင် ခင်ဗျားဟာသူ့ရဲ့ကောင်းပဲ . . . ဒါကြောင့် ခင်ဗျားတို့ဖြူစင်ခဲ့တယ်ဆိုတာ ကျွန်တော်မယုံဘူး"

ထိုအခိုက်မှာပင် ရုံးခန်းတံခါးက ဖြည်းဖြည်းလေးပွင့်လာပြီး၊ မြသဇင်က ခပ်နွဲ့နွဲ့ကလေးဝင်လာသည်။

"ဘယ်ယုံမလဲ ကိုစောမြင့်ဟန် . . . သူက ကျွန်မတို့နှစ်ယောက်အပေါ် အပြစ်ပုံချမှ သူရှေ့ဆက်ရမယ့်လမ်းကို ဖြောင့်ဖြောင့်လျှောက်လို့ရမှာကိုး။ ကျွန်မတို့ကျွန်းပေါ်ရောက်နေတဲ့အချိန်မှာပဲ သူက ကျွန်မသေပြီထင်ပြီး တင်တင်မာဆိုတဲ့ အမျိုးသမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဇာတ်လမ်းဖြစ်တယ်။ သူတို့နှစ်ယောက်ဟာ လက်မထပ်ရင်မဖြစ်တော့တဲ့ အခြေအနေထဲရောက်နေတယ်။ ဒီကြားထဲမှာ ကျွန်မက ဒသေဘာပြန်ရောက်လာတော့ သူမှာ ဘေးကြပ်နံကြပ် ကလည်းဖြစ်လာတော့ ကျွန်မတို့နှစ်ယောက်အပေါ် အပြစ်ပုံချပြီး မယုံသင်္ကာစကားတွေပြောလာတယ်။ ရှင့်ကိုလာအပ်တဲ့ တိုက်ဒီဇိုင်းဟာလည်း သူတို့ နှစ်ယောက်အတွက်အပ်တာ။ အမှန်က မိဘချင်းရင်းနှီးနေလို့ သူဒီလောက်အထိ မျှင်းပြီးလုပ်နေတာ။ မိဘချင်းသာမရင်းနှီးရင် ကျွန်မပြန်ရောက်လာတာနဲ့ ဟိုအမျိုးသမီးနဲ့ကိစ္စကို ဖွင့်ပြောလိုက်မယ့်သူ"

ကိုတင်မောင်လွင်သည် မြသဇင်၏စကားကို ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေပြီး စကားဆုံးသည်နှင့် ဟတ်ဟက်ပက်ပက်ရယ်လေ၏။

"မင်း . . တင်တင်မာနဲ့တွေ့ခဲ့ပြီမဟုတ်လား။ ကောင်းတော့ကောင်းပါတယ်လေ . . . ဇာတ်လမ်းက ကိုယ်ရှင်းစရာမလိုဘဲ သူဘာသာသူ ရှင်းသွားလို့ . . . ဟား . . . ဟား"

"တကယ်က ရှင်သတ္တိမရှိတာ။ သူရဲဘောကြောင်တာပဲ ကိုတင်မောင်လွင်။ ကျွန်မပြန်ရောက်လာကတည်းက ရှင်နဲ့တင်တင်မာဇာတ်လမ်းကို ဖွင့်ပြောလိုက်ရင် ကျွန်မက ဘာဖြစ်မှာမို့လို့လဲ။ ဒါပေမယ့် ရှင်က ကိုယ်ကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့သူကို ရစရာမရှိအောင် စော်ကားပြီးမှ ရှင်လျှောက်ချင်တဲ့လမ်းကို လျှောက်ဖို့ကြိုးစားတဲ့လူ။ ကောင်းပြီလေ။ ရှင့်လမ်းရှင်လျှောက်ပေါ့။ လာ. . . ကိုစောမြင့်ဟန် ကျွန်မတို့သွားကြရအောင်"

"ဟား. . . ဟား သွားကြ၊ သွားကြ။ မင်းတို့နှစ်ယောက် အဲဒီကျွန်းမှာပဲ သွားနေကျ"

ကျွန်တော့်တွင် သူ့ကိုပြောစရာစကားတွေမရှိတော့ပါ။





ကျွန်တော်မတ်တပ်ထရပ်လိုက်သည်။ ကိုတင်မောင်လွင် ကျွန်တော့်ကို ကြည့်၍ရယ်ပြန်သည်။ မြသဇင်က ကျွန်တော့်အနီး ရောက်လာပြီး ကျွန်တော့် လက်မောင်းကိုကိုင်၍ တံခါးဝသို့ခေါ်သည်။ မြသဇင်သည် ကျွန်တော်တို့အပြင် ရောက်သောအခါ တံခါးကိုဆောင့်၍ပိတ်လိုက်သည်။

လှေကားထစ်တွေကိုဆင်းသောအခါ မြသဇင်က ကျွန်တော့်လက်ကို ကိုင်ထားဆဲပင်ဖြစ်သည်။

"ကံကောင်းလို့ ကိုစောမြင့်ဟန်။ ခပ်စောစောကလေးကမှ တင်တင်မာရဲ့ ဖုန်းကိုရတာ။ ကျွန်မ သူနဲ့သွားတွေ့လိုက်တော့မှ အကြောင်းစုံသိရတာ။ တော်သေးတာပေါ့။ ကျွန်မလိုက်လာမိပေလို့။ နောက်မို့ဆို ရှင့်ကို သူဘယ်လောက်အထိ စော်ကားဦးမလဲမသိဘူး"

သူမသည် ကားတံခါးကိုဖွင့်ပေးသည်။ ကျွန်တော် သူမဘေးမှာပဲ ဝင်ထိုင်လိုက်၏။ မြသဇင်သည် ဖြီးလိမ်းပြင်ဆင်ထားသဖြင့် ကြွရုပ်ကလေးတစ်ရုပ်နှယ်ဖြစ်နေ၏။ သင်းပျံ့သောကိုယ်သင်းနံ့က ကျွန်တော့်နှာဝသို့ ရောက်လာသောကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။

"ဘာပြုံးတာလဲ ကိုစောမြင့်ဟန်"

"မြသဇင် အခုလို ဖြီးလိမ်းပြင်ဆင်ထားတာတွေ့တော့ ကျွန်းပေါ်က အခြေအနေကိုသွားတွေးမိလို့ပါ"

ကြည်လင်ရွှန်းမြသော မျက်စောင်းကဝေ့လာသည်။

"အဲဒီတုန်းက ကျွန်မကိုယ်က နံတယ်လို့ ရှင်ထင်နေတယ်ပေါ့ဟုတ်လား"

"ဟင့်အင်း. . . အဲဒီတုန်းကမှ သဘာဝအနံ့ . . . ဘာဟန်ဆောင်မှုမှမပါတဲ့ ပကတိအနံ့"

သူမပြုံးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကားကို ငြိမ်ငြိမ်သက်သက်မောင်း နေရင်း. . .

“ကိုစောမြင့်ဟန် ဘယ်သွားစရာရှိသေးလဲ”

“ဘာလုပ်မလို့လဲဟင်”

“ကျွန်မ ရှင့်ကိုဖေဖေနဲ့ ပေးတွေ့မလို့”

ဗုဒ္ဓေါ၊ ဘာအဓိပ္ပာယ်ပါလိမ့်။ မြသဇင်၏ဖခင်ကိုတွေ့ရဖို့ ကျွန်တော် နည်းနည်းရှိန်နေပါသည်။

“လိုက်မယ်မဟုတ်လား”

“အင်း”

မြသဇင်၏ ဖခင်ကုမ္ပဏီသည် ကြီးကျယ်ခမ်းနားသော ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ ဝန်ထမ်းတွေကလည်း အများကြီးပင်ဖြစ်သည်။ အခန်းတချို့ကိုဖြတ်ပြီး သူမ၏ဖခင်ရုံးခန်းထဲသို့ ကျွန်တော်ဝင်လိုက်ကြသည်။ အဘိုးကြီးသည် ကျွန်တော့်ကိုမှတ်မိပါသည်။

“ထိုင်ပါမောင်စောမြင့်ဟန်။ အန်ကယ်တို့ စကားနည်းနည်းပြောကြရအောင်။ ဟိုရက်တွေကတည်းက မောင်စောမြင့်ဟန်ကိုတွေ့ချင်ပေမယ့် အန်ကယ် မအားလို့ အခုမှတွေ့ဖြစ်တာ”

အဘိုးကြီးစကားကို၊ ကျွန်တော်ရိုရိုသေသေပဲ နားထောင်နေမိသည်။ အဘိုးကြီးက မသိမသာ ပြုံးလိုက်ပြန်သည်။

“သားက ဗိသုကာပညာရှင်ဆိုတာကို သမီးက ကျွန်းပေါ်မှာ သား တည်ဆောက်ထားတဲ့ ဖောင်နဲ့တဲကို အန်ကယ့်ကိုပြကတည်းက ပြောပြခဲ့တာ။ တချို့ပညာရှင်တွေဟာ သီအိုရီစိတ်ကူး စိတ်သန်းရှိပေမယ့် အဲဒီစိတ်ကူးစိတ်သန်းကို လက်တွေ့အကောင်အထည်ဖော်ဖို့ မတတ်ကြပြန်ဘူး။ သားကျတော့ ထူးခြားတယ်။ ဒီလောက် အခက်အခဲတွေကြားထဲက တည်ဆောက်ရပေမယ့် သား တည်ဆောက်ထားတာတွေဟာ ပြည့်စုံအောင်ကောင်းနေတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သားမှာ ထူးခြားတဲ့ စိတ်ကူးစိတ်သန်းတွေရှိနေမယ်လို့





အန်ကယ် ထင်တယ်။ အဲဒီတော့ အန်ကယ်တို့လုပ်ငန်းမှာ သားရဲ့စွမ်းရည်တွေကို အသုံးချချင်တယ်”

ကျွန်တော်မှင်သက်သွားမိသည်။ မြသဇင်သည် ကျွန်တော့်ကို ကြည့်၍ ပြုံးနေသည်။

“ကျွန်တော်တစ်ခုလောက် သိချင်ပါတယ်အန်ကယ် . . . အန်ကယ်က ဘာကုမ္ပဏီ . . . အဲ . . . သရဖူကုမ္ပဏီက ဘာလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီလဲဟင်”

သည်တစ်ခါကတော့ မြသဇင်က ဝင်ဖြေသည်။

“ဆောက်လုပ်ရေးကုမ္ပဏီပါ ကိုစောမြင့်ဟန်”

ကျွန်တော်အံ့ဩသွားမိလေသည်။ မြသဇင်သည် ထိုအကြောင်း ကျွန်းပေါ်တုန်းက တစ်လုံးမှဖွင့်မပြောခဲ့ပါ။

“အဲဒီတော့ အန်ကယ်စဉ်းစားထားတာ တစ်ခုရှိတယ်။ အန်ကယ်တို့ ကုမ္ပဏီက အရင်ကတော့ သားတို့လိုဗိသုကာ ပညာရှင်တွေဆီမှာ အလုပ်အပ်ပြီး အဆောက်အဦပုံစံတွေ ဆွဲခိုင်းခဲ့ပေမယ့်၊ အခုတော့ သားအဖွဲ့တစ်ဖွဲ့လုံးကို အန်ကယ့်ကုမ္ပဏီထဲမှာဆွဲထည့်လိုက်ချင်တယ်။ ဒါက တစ်ချက်ပေါ့။ ဒါပေမယ့် သားက အလုပ်ကို လွတ်လွတ်လပ်လပ်လုပ်ချင်တယ်။ အန်ကယ့်ကုမ္ပဏီမှာ မပူးပေါင်းချင်ဘူးဆိုလည်း အန်ကယ်တို့ကုမ္ပဏီရဲ့ တစ်ဦးတည်းသောဗိသုကာလုပ်ငန်းအနေနဲ့နေပေးဖို့ပါ”

မထင်မှတ်သောကမ်းလှမ်းမှု၊ ဝမ်းသာစိတ်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးလွတ်လပ်လာသည်။

“ဒီကမ်းလှမ်းမှုနှစ်ခုထဲက သား စဉ်းစားပြီးရွေးပါ . . . ဒါပေမယ့် အန်ကယ် မျှော်လင့်နေမယ်”

အဘိုးကြီးသည် ကျွန်တော့်ကိုလက်ကမ်းပေးသည်။ နွေးထွေးစွာ လက်ဖဝါးချင်းဆုပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အန်ကယ်။ ကျွန်တော် အမြန်ဆုံးအကြောင်း ပြန်ပေးပါမယ်။ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး"

အဘိုးကြီးကခေါင်းညိတ်သည်။ ကျွန်တော် အခန်းထဲမှပြန်ထွက်ရန် တံခါးကိုအဖွင့်တွင် . . .

"ဩော် . . . ကျွန်းပေါ်မှာတုန်းက သားရဲ့ကိုယ်ကျင့်တရားကို သမီးက အမြဲတမ်းချီးကျူးနေတာကွဲ့။ သမီးမောင်စောမြင့်ဟန်ကို လိုက်ပို့ပေးလိုက်ပါ"

ကျွန်တော်တို့နှစ်ယောက်သည် ကုမ္ပဏီမှ တိတ်တိတ်ဆိတ်ဆိတ်ပင် ပြန်ထွက်လာကြသည်။

"ရှင်အလုပ်တိုက်ကိုပဲ တန်းပြန်မှာလား။ ဘယ်သွားစရာရှိသေးလဲ"

သူမသည် ရင်သပ်ရှုမောဖွယ်ရာ လှပနေလေသည်။ ကျွန်တော် သူမမျက်နှာကလေးကို ငေးစိုက်ကြည့်မိသွားသည်။ ကားကို သူမက ခပ်ဖြည်းဖြည်းမောင်းနေသည်။

"ဖြေလေ ဘယ်သွားမလဲ"

ကျွန်တော် ပြုံးလိုက်သည်။

"ဗိုက်ဆာတယ်။ အဲဒီတော့ စားသောက်ဆိုင်တစ်ဆိုင်သွားရအောင်။ ဟိုကျရင် ငှက်ပျောသီးစားမယ်၊ အုန်းရည်သောက်မယ်၊ ငါးကင်စားမယ်လေ"

"တော်ပါတော့ အဲဒီငါးကင်နဲ့ အဲဒီဟာတွေ"

ကျွန်တော်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် ရယ်လိုက်မိသည်။

"ကျွန်တော်တော့လေ အလုပ်အားတဲ့အချိန်တိုင်း ကျွန်းပေါ်က အဖြစ်အပျက်တွေကိုပြန်လွမ်းတယ်။ အထူးသဖြင့် မြသဇင်ကို လွမ်းတယ်"





ချစ်စဖွယ်မျက်စောင်းထိုးသည်။

"မြသဇင်ရော ကျွန်တော့်ကိုမလွမ်းဘူးလားဟင်"

"မလွမ်းပေါင်"

မျက်နှာသည် ပြုံးစေ့စေ့ဖြစ်နေ၏။

ကျွန်တော်မျက်နှာကို ညှိုးချလိုက်သည်။

"ဒါက ဘာဖြစ်သွားပြန်ရတာလဲ"

"ပထမက ယောက်ျားရှိတယ်လို့သိရတယ်။ နောက် ဒုတိယအနေနဲ့ ချစ်သူရှိနေတယ်ဆိုတာသိရတယ်။ အခုချစ်သူက သူ့လမ်းသူလျှောက်သွားပြီဆိုတာ ကျွန်တော့်အတွက် အခွင့်အရေးကလေးများရှိနိုင်ဦးမလားလို့ မျှော်လင့်နေတာ"

"ကျွန်မဆီက မေတ္တာကိုမျှော်လင့်နေတုန်းပေါ့ ဟုတ်လား"

"အင်း . . ."

သူမပြုံးလေသည်။ လှလိုက်တာဟုတွေးရင် သူမမျက်နှာကလေးကို ငေးမိပြန်သည်။

"ဩော် . . . စကားမစပ်ပြောရဦးမယ် . . ဖေဖေကမ်းလှမ်းထားတဲ့ကိစ္စအတွက် ဘယ်လိုသဘောရသလဲ"

"ယောက္ခမလောင်းကြီးက ဒီလောက်ကမ်းလှမ်းနေမှတော့ ဘယ်ငြင်းလို့ဖြစ်မလဲ"

"အလိုတော် ဘာမှတောင်အဖြေပေးရသေးပဲနဲ့၊ စီးစီးပိုးပိုး"

"မြသဇင်"

"ရှင်"

"ကျွန်တော်မြသဇင်ကို သိပ်ချစ်တာပဲဗျာ။ ကျွန်တော့်ကိုပြန်ချစ်ပါလားဟင်"

သူမ ကျွန်တော့်ကို စောင်းကြည့်သည်။

"စဉ်းစားမယ်လေ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ငါးလကျော်လောက်အတူနေခဲ့ကြတာ စဉ်းစားဖို့လိုသေးလို့လားဟင်။ နောက်ပြီး ကျွန်တော့်မေတ္တာကို ဟိုးကျွန်းပေါ်မှာကတည်းက ဖွင့်ဟခဲ့တာပါ"

သူမ၏မျက်စောင်းက ရောက်လာပြန်၏။

"ဒီလိုလုပ် . . . ဖေဖေကမ်းလှမ်းထားတဲ့ကိစ္စကို ကိုစောမြင့်ဟန်က ဒီည အဖြေပေး။ ကျွန်မဖုန်းဆက်လိုက်မယ်။ အဲဒီတော့မှ ကျွန်မလည်းအဖြေပြန်ပေးမယ်"

ကားသည် စားသောက်ဆိုင်၌ ထိုးရပ်လိုက်သည်။ ညနေခင်းသည် သာယာလှပနေသည်။ သူမနှင့်ကျွန်တော်တွဲ၍ ဆိုင်ထဲဝင်လာသည်။ ထိုဆိုင်ထဲက လူတချို့က ကြည့်နေသည်။ သူမသည် ကျွန်တော့်လက်မောင်းကို မသိမသာ ကိုင်လေသည်။



(၁၁)

ခုတင်ပေါ်မှာ ပက်လက်လှန်ပြီး ငြိမ်ငြိမ်ကလေးနေမိသော်လည်း ကျွန်တော့်စိတ်တွေက မငြိမ်ပါ။ ကက်ဆက်ထဲမှ မိုးဇတ်၏ ပီယာနိုအဖွဲ့အနွဲ့က အုံနှင့်ကျင်းနှင့်ထွက်မပေါ်လာနေသည်။ စန္ဒယားခလုတ်များအပေါ် အတို့အထိအလူးအလွန့်တို့သည် ရင်သပ်ရှုမောဖွယ်။ ဂီတသံသည် လွမ်းဆွတ်စဖွယ် ဖြစ်နေသည်။

မြသဇင် ကျွန်တော့်ကို မည်သို့ဖြေလေမည်နည်း။ သူမ၏စိတ်သည် မှန်းဆရခက်သော၊ အသိရခက်သောစိတ်ဖြစ်သည်။ သူမသည် လတ်တလောဖြစ်ခဲ့ရသော ကိုတင်မောင်လွင်နှင့်ပြဿနာကို ခံစားနေရဦးမည်လော။ နှစ်နှစ်ခန့်ချစ်သူဖြစ်ခဲ့ရသူတစ်ဦး၏ လမ်းခွဲမှုအပေါ် တစ်စုံတစ်ရာသော ဆွေးမြေ့မှု ခံစားနေရဦးမည်လော။

ကျွန်တော်သည် စဉ်းစိမ်ဥစ္စာအရ ကိုတင်မောင်လွင်ထက် အများကြီး လျော့နည်းသူဖြစ်ပါသည်။ မြသဇင်သည် အစစပြည့်စုံသူဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲ၌ သိမ်ငယ်လာလေသည်။ ကျွန်တော် ခုတင်ပေါ်မှာ ထထိုင်လိုက်သည်။ နာရီကိုကြည့်မိသောအခါ ညဆယ်တစ်နာရီကျော်လေပြီ။

တော်ဝင်မြို့စီ စာအုပ်တိုက်

www.burmeseclassic.com



မြသဇင်ထံမှ တယ်လီဖုန်းကို ညကိုးနာရီကတည်းက စောင့်နေခဲ့သည်၊ ယခုအချိန်ထိ မြသဇင်သည် ကျွန်တော့်ကိုဖုန်းမဆက်သေး။ သူမသည် ကျွန်တော့်အပေါ် စဉ်းစားရခက်နေသည်လား။ ကျွန်းပေါ်က အဖြစ်အပျက်တွေကို ပြန်စဉ်းစားမိကြပြန်လေသည်။ ကျွန်တော်တို့နှစ်ယောက် ပြောဖြစ်ခဲ့သော စကားတွေကိုပြန်ကြားလာသည်။

"လူမှာ ဘာအရေးကြီးဆုံး ကိုစောမြင့်ဟန်"

"စားဝတ်နေရေးပါ"

"ဟုတ်ပါတယ် ... ဒါပေမယ့် စားဝတ်နေရေးထက် ပိုအရေးကြီးတာက အသက်ရှင်သန်ရေးပါ"

"ဒါဆိုမြသဇင်ရဲ့ အဘိဓမ္မာဟာ အသက်ရှင်ရပ်တည်ရေးသာ အဓိကပေါ့ဟုတ်လား"

"အခုအချိန်မှာ အဲဒါအမှန်ဆုံးပဲ"

မြသဇင်၏အချစ်ရေးနှင့် အိမ်ထောင်ရေးပတ်သက်သော အဘိဓမ္မာသည် မည်သည့်အရာဖြစ်သနည်း။ ကျွန်းပေါ်မှာတုန်းက ထိုအဘိဓမ္မာကို မမေးဖြစ်လိုက်ပါ။ စောင့်စည်းအပ်သော ကျင့်ဝတ်တို့ကို စောင့်စည်းခဲ့ရသဖြင့် မမေးမိခြင်းဖြစ်လေသည်။ ညဉ့်သည် တဖြည်းဖြည်းနက်လာ၏။ ကျွန်တော်ဝရန်တာသို့ထွက်လိုက်သည်။

နတ်တော်လ၏ ဆောင်းသည်ပီပြင်နေလေပြီ။ လစန္ဒာသည် ကောင်းကင်၌ပြည့်ရွှန်းနေသည်။ သစ်ပင်တိုက်တာတွေပေါ်သို့ နှင်းဇာခြည်ပါးပါးအုပ်ထားသကဲ့သို့ အရာအားလုံးသည် ဝါးနေ၏။ ရှပ်အင်္ကျီလက်တိုဝတ်ထားမိသဖြင့် အအေးဓာတ်က အသားထဲသို့ ဖောက်ဝင်လာ၏။ အဝေးရှိကင်းတဲမှ ညဆယ့်နှစ်နာရီ သံချောင်းခေါက်သံကြားရသည်။

ထိုအခိုက်မှာပင် ကျွနတော့်ခုတင်ဘေးက တယ်လီဖုန်းက





အသံမြည်လာသည်။ အခန်းထဲသို့ခပ်သွက်သွက်ဝင်ပြီး တယ်လီဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို... အမိန့်ရှိပါ"

သတ္တုလိုက်သံပါသော အသံခပ်တိုးတိုးသည် အလွန်ပင်ညင်သာနေ လေသည်။

"ကိုစောမြင့်ဟန်လား"

"ဟုတ်ကဲ့... ကျွန်တော် မြသဇင်ဆီက ဖုန်းကိုအစောကြီးကတည်းက စောင့်နေခဲ့တာ"

ရယ်သံလွင်လွင်ကြားရလေသည်။

"ဘာဖြစ်လို့ အဲဒီလောက် ဝီရိယကောင်းနေရတာလဲ။ ပုံပြင်ထဲက ဒုတိယငါးလိုဖြစ်ချင်လို့လား"

ကျွန်တော် ဘာမှပြန်မဖြေမိသော်လည်း ပြုံးမိသွားသည်။

"ကဲ... လုပ်ပါဦး ... ဖေဖေကကမ်းလှမ်းမှုအပေါ်နှင့်ရဲ့ ဆုံးဖြတ်ချက်"

"ကုမ္ပဏီထဲကို ပူးပေါင်းပါဝင်တာမျိုးတော့ ကျွန်တော် လက်မခံပါရစေနဲ့။ ဒါပေမယ့် ကျွန်တော်တို့လုပ်ငန်းရဲ့ တစ်ဦးတည်းသောအလုပ်ရှင်ဟာ သရဖူ ကုမ္ပဏီပဲဖြစ်ပါရစေ"

သူမသည်နားမလည်။ ထို့ကြောင့် ထပ်မေးသည်။

"ကျွန်မ ဘယ်လိုနားလည်ရမလဲ"

သည်တစ်ခါတော့ ကျွန်တော်ရယ်လိုက်သည်။

"ကျွန်တော်တို့လုပ်ငန်းရဲ့ တစ်ဦးတည်းသောအလုပ်ရှင်ဟာ သရဖူကုမ္ပဏီပါ မြသဇင်"

ထိုအခါမှ မြသဇင်က သဘောပေါက်သွားပြီး ရယ်လေသည်။

"ရှင်က စကားကို ဝေ့လည်ကြောင်ပတ်လုပ်လိုက်တာကိုး



www.burmeseclassic.com

www.burmeseclassic.com



အင်း. . . ဖေဖေကတော့ အရမ်းဝမ်းသာမှာ"

"ကဲ. . . မြသဇင် . . . အဖေဝမ်းသာပြီးရင် ကျွန်တော် ဝမ်းသာဖို့ လိုသေးတယ်။ အဖြေပေးတော့"

အသံတိတ်သွားသည်။

"ဖြေလေ"

"ဘယ်လိုဖြေရမှာလဲ"

"ဗျာ. . . ကိုယ်ဘယ်လိုဖြေရမလဲဆိုတာတောင် ခုအချိန်ထိ မစဉ်းစား ထားသေးဘူးလား"

ခပ်တိုးတိုးရယ်လေသည်။

"အင်း. . . ဒါဆိုလည်းဖြေမယ်။ သေသေချာချာ နားထောင် နော်။ တို့လည်းလေ ကျွန်းပေါ်က အဖြစ်အပျက်တွေကိုလွမ်းတယ်။ ပြီးတော့ သူ့ကိုလည်း လွမ်းတယ်"

"သူ့ကိုဆိုတာ"

"မောင့်ကိုပြောတာပါ . . . မောင်ရယ်. . . တကယ်ပါ . . . ကျွန်မလေ လသာတဲ့ညမျိုးမှာဆို မောင့်ကိုအရမ်းလွမ်းတယ်။ အခုလည်း အပြင်မှာ လသာနေတယ် မောင်သိလား"

"အင်း. . . ကျွန်တော်လည်းမြင်နေရတယ်"

"မောင်ရော ကျွန်မကိုလွမ်းလား"

"လွမ်းတယ် . . . ဒါနဲ့ ကျွန်တော့်ကိုမြသဇင် ဘယ်တုန်းက စပြီး ချစ်သွားတာလဲဟင်"

"အရေးထဲ . . . ဒါကို သိပ်သိချင်နေသေးတယ်"

"လုပ်ပါ . . . ကျွန်တော်သိချင်လို့ပါ"

ရယ်သံကြားရပြန်သည်။

"မောင်လူရိုင်းလိုလုပ်ပြီး ဝတ်လာတဲ့နေ့က"

ကျွန်တော်ရှက်ပြီးရယ်လိုက်မိသောအခါ သူမကပါ လိုက်

တော်ဝင်မြို့မ စာအုပ်တိုက်



ရယ်သည်။ ရင်ထဲတွင် ပကတိငြိမ်းချမ်းလာလေသည်။ မည်သည့် နေရာက ရောက်ရှိလာမှန်းမသိသည့် အင်အားသစ်တွေက သွေး ကြောထဲမှာ လှည့်ပတ်ပြေးနေတော့သည်။

နတ်တော်လ၏ လရောင်သည် ကျွန်တော့်ကိုယ်အထက် ပိုင်းသို့ ပြတင်းမှန်မှ ထိုးကျလျက်ရှိသည်။ အေးမြသော ဆောင်း လေပြည်သည် အခန်းထဲသို့ ဝေ့ဝဲရောက်ရှိလာလေ၏။

ကိုငြိမ်းဦး

BURMESE CLASSIC .com

www.burmeseclassic.com